# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

သင်မှီခိုရာ၊ ကျွန်းသာယာကို
မြန်စွာပြုစု ဖန်တီးလော့။
လျင်စွာ လုံးပန်း ပညာစွမ်းကို
မပန်း မမော ပြပါလော့။
ညစ်ကြေး မှုတ်ပစ် ကိလေညစ်တို့
ကင်းလစ်သောခါ သံသရာ၌
မွေးကာ အိုရ ဤဘဝကို
ရဖို့ တစ်ဖန် မရှိပြီ။

မလဝင်
အညစ်အကြေး-၂၃၈။
(မြန်မာပြန်-မင်းသုဝဏ်)

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၂၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၃၄)

# ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ကြေညာချက်အမှတ်၊ ၉/၂၀၁၆
၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်)

## ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ **"ပြည်ထောင်စုအစိုးရအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးထင်ကျော် | နိုင်ငံတော်သမ္မတ |
| (ခ) | ဦးမြင့်ဆွေ | ဒုတိယသမ္မတ |
| (ဂ) | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ |
| (ဃ) | ဒေါ်အောင်ဆန်းစုကြည် | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်<br>သမ္မတရုံးဝန်ကြီးဌာန |
| (င) | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန |

စာမျက်နှာ ၃ ကော်လံ ၁ ✻

# မြစေတီကျောက်စာ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခြင်းအထိမ်းအမှတ် လိုဂိုစိုက်ထူ




ရဲသူရအောင်(ညောင်ဦး)

**ညောင်ဦး မေ ၂၅**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသရှိ မြစေတီ (ရာဇကုမာရ်) ကျောက်စာအား ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် (MoW)အဖြစ် သတ်မှတ်ခြင်းအထိမ်းအမှတ် လိုဂိုစိုက်ထူပွဲကို မေ ၂၄ ရက် နံနက်က ပုဂံရှေးဟောင်းသုတေသနပြတိုက်နှင့် ပုဂံမြို့ဟောင်း မြင်းကပါရပ်ကွက် မြစေတီဘုရား၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြစေတီကျောက်စာအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းတွင် ပါဝင်ခြင်းနှင့် လိုဂိုစိုက်ထူပွဲသည် မြန်မာနိုင်ငံအတွက်လည်းကောင်း၊ မြန်မာနိုင်ငံသားများအတွက် လည်းကောင်း၊ ဒေသခံပြည်သူများအတွက်လည်းကောင်း ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်ပါကြောင်း၊ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းရေးနှင့် အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် ရေရှည်တည်တံ့အောင်ဆောင်ရွက်နေသော ဒေသခံပြည်သူလူထု၊ ဒေသတွင်းအဖွဲ့အစည်းများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က မြစေတီ (ရာဇကုမာရ်)ကျောက်စာအား Memory of the World (MoW) စာရင်းဝင်ဖြစ်ရေးအတွက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာ စိုင်းကျော်ဇော၊ မြစေတီဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌတို့က ပုဂံရှေးဟောင်း

စာမျက်နှာ ၈ ကော်လံ ၅ ❐



မြန်မာ့အလင်း

# ပရဟိတသမားတို့၏ ကျေးဇူးတရား

မြန်မာနိုင်ငံမှာ လူမှုရေးအဖွဲ့အစည်းများ အပြိုင်းအရိုင်းဆိုသလို အမြောက်အမြား ပေါ်ထွန်းလာခဲ့သည်မှာ ၁၉၈၈ နောက်ပိုင်းတွင် ဖြစ်သည်။ ၁၉၆၂ ကစ၍ တဖြည်းဖြည်းချင်း လျော့ပါး လာခဲ့သော ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများမှာ ၁၉၈၈ နောက်ပိုင်းတွင် အလုံးစုံနီးပါး ဆိတ်သုဉ်းသွားခဲ့ရာမှ တိုင်းပြည်၏ လူမှုရေးပြဿနာများ အဖုံဖုံကို ပြည်သူတို့ မိမိဘာသာ ဖြေရှင်းခဲ့ကြရာမှစသည်ဟု ဆိုရပါမည်။ စားရေး၊ ဝတ်ရေး၊ နေရေး၊ နာရေး၊ သေရေး မည်သို့သော ကဏ္ဍမျိုးမှာမဆို ပြဿနာများစွာက မထွေးနိုင် မအံနိုင်။

သည်လိုထဲမှာ မန္တလေးမြို့တွင် နာရေးဖြစ်လို့မှ လူလိုသူလို နောက်ဆုံးခရီးကို မသွားရသည်တို့ များလာသည့်အခါ ဆရာမကြီး လူထုဒေါ်အမာက မြို့မိမြို့ဖများကို စည်းရုံးဦးဆောင်၊ တောင်စလင်းဆရာတော် ဦးတိက္ခက နာရေးကားများ ရပ်နားရန်အတွက် ဘုန်းကြီးကျောင်းဝင်းအတွင်းမှာ နေရာပေး၊ နဒီမြန်မာ ဦးအောင်ခိုင်က သူ၏ဟိုတယ်အတွင်းမှာ ရုံးခန်းနေရာပေး၊ နာရေးကားတစ်စီးလှူ စသည်ဖြင့် မန္တလေး ပြဟ္မစိုရ်အသင်းပေါ်လာပြီး နာရေးကူညီမှုအတွက် စတင်လိုက်ရာ လူထုအပေါင်း သာဓုအနုမောဒနာခေါ်ကာ ကျေးဇူးတင်ကြပါတော့သည်။ နောက် တစ်နှစ်ခန့်အကြာမှာ ဆရာကြီး ဦးသုခတို့၏ ခေါင်းဆောင်မှုဖြင့် ရန်ကုန်မြို့မှာလည်း နာရေးကူညီမှုအသင်း ပေါ်ပေါက်လာခဲ့ပြီး မည်မျှလောက် ကူညီနေကြရသည်ကို ပြည်သူအားလုံး အသိပဲဖြစ်ပါသည်။ ရုပ်ရှင်မင်းသား ကိုကျော်သူ၊ စာရေးဆရာမ ဒေါ်သန်းမြင့်အောင်တို့ ဆက်လက်ဦးဆောင်လာသော ရန်ကုန်နာရေးကူညီမှုအသင်း၏ ကျေးဇူးမည်မျှလောက်ကြီးသည်ကို အားလုံးအသိဖြစ်ပါသည်။

ဒါက ဥပမာတစ်ခုအနေဖြင့် ဆိုလိုရင်းဖြစ်ပါ၏။ မြန်မာနိုင်ငံမှာ ဤကဲ့သို့သော ဥပမာပေါင်းများစွာ ရှိပါသည်။ အခြားသော ထင်ရှားသော ဥပမာက နာဂစ်မုန်တိုင်းဖြစ်စဉ် မြန်မာပြည်သူလူထု အကြီးအကျယ်ဒုက္ခရောက်ကြစဉ်မှာ လူငယ်များက ခေါင်းဆောင်ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတစ်ခွင် နေရာအနှံ့ အရောက်သွားကာ ကူညီခဲ့ကြတာဖြစ်သည်။ မြစ်ထဲချောင်းထဲ၊ လယ်ထဲ ယာထဲ ကွယ်လွန်သူများကို သင်္ဂြိုဟ်ပေးသည့် အလုပ်မှစကာ ရေနှင့် အစားအသောက် အဝတ်အထည် အမိုးအကာအထိ ကူညီပေးခဲ့ကြတာဖြစ်သည်။ ထိုအချိန်က တာဝန်ရှိသောအစိုးရကို ပျက်ကွက်တာဝန်မဲ့ရကောင်းလား စကားတင်း ဆိုမနေဘဲ ပြည်သူအချင်းချင်း တတ်နိုင်သလောက် ကူညီဖို့ ကြိုးပမ်းခဲ့ကြခြင်း ဖြစ်ပါသည်။ မြန်မာပြည်သူလူထုကြားမှာ နဂိုကရှိနေသော ပရဟိတဟူသော ဝေါဟာရမှာလည်း ပိုမိုရေပန်းစားလာခဲ့သည်။

သည့်မတိုင်ခင်ကတည်းက ကလေးသူငယ်များနှင့် ပတ်သက်ရာ၊ လမ်းဘေးအိမ်ရာမဲ့ လူငယ်များ၊ ကလေးများ၊ အမျိုးသမီးများအရေး စသည်တို့ကိုလည်း ကျေကျေလည်လည် ဖြေရှင်းမပေးနိုင်သော အစိုးရ၏အလုပ်များကို ပြည်သူတို့ မိမိတို့ဘာသာ တာဝန်ပေးကာ ကူညီဆောင်ရွက် ဖြေရှင်းပေးခဲ့ကြသည်သာ။

မြန်မာတို့၏ ပင်ကိုစိတ်ရင်း သို့မဟုတ် အရိုးစွဲနေသော ယဉ်ကျေးမှုအရဟုပင် ဆိုရပါမည်။ တစ်စုံတစ်ယောက် ဒုက္ခရောက်နေသည်ကို ပါဝင်ကူညီဖြေရှင်းကြတာဖြစ်သည်။ တစ်ဦးချင်း တစ်ဖွဲ့ချင်း မိမိတို့ သိနားလည်သလို ကူညီဖြေရှင်းရတာဖြစ်သည့်အတွက် လစ်ဟာသည့်နေရာများတွင် လစ်ဟာသွားနိုင်သည်များ ရှိကောင်းရှိမည်။ သို့သော်လည်း အများအကျိုးအတွက်သက်သက် ကိုယ်ကျိုးမပါ ဆောင်ရွက်မှုများကို ပြည်သူလူထုက ကျေးဇူးတင် သာဓုခေါ်ကြရပါသည်။

၂၃ မေ ၂၀၁၆ ရက်စွဲဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူသို့ ကျေးဇူးတင်လွှာတစ်စောင် ထုတ်ပြန်ကြေညာသည်ကို သိရှိရပါသည်။ ရာသီဥတုအပြောင်းအလဲတွင် သောက်သုံးရေရှားပါးခြင်းကို ကူညီခဲ့သည့် ရှင်သန်ရေးကူညီမှုအသင်းကို ကျေးဇူးတင်ကြောင်းစာ။

သူတစ်ထူး၏ ကျေးဇူးကို သိတတ်ခြင်းသည် မင်္ဂလာမည်၏ ဟူသော မင်္ဂလာတရားတော်နှင့်အညီ ကျေးဇူးပြုသူကို အသိအမှတ်ပြုခြင်း ဖြစ်ပါ၏။

ထို့နည်းတူစွာ ယခင်က အစိုးရကို အားကိုးနေ၍ မဖြစ်နိုင်ဟူသည့် အဆုံး ပြည်သူတို့က မိမိအစီအစဉ်နှင့်မိမိ ပါဝင်ဆောင်ရွက်လာကြရခြင်းဖြစ်ရာ ယခင်ကဆိုလျှင် အစိုးရနှင့် မပြေလည်မှုပဋိပက္ခများပင် ရှိခဲ့ကြပါသည်။

ယနေ့လို ပြည်သူ့အစိုးရ ပေါ်ပေါက်လာသည့်အချိန်တွင် အစိုးရနှင့် ပရဟိတအသင်းအဖွဲ့တို့ စည်းလုံးညီညွတ်စွာ ပြဿနာများကို အပြန်အလှန် ကူညီဖြေရှင်းခြင်းဖြင့် ပရဟိတလုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဟုလည်း မျှော်လင့်မိပါကြောင်း။ ။




## တိုက်ပွဲရှောင်ဒေသခံများအား စားသောက်ဖွယ်ရာများလှူဒါန်း

**သီပေါ မေ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အောင်မင်္ဂလာဘိုးတော်ကျောင်း၊ ခန္တီရာမကျောင်း၊ မဟာဒေဝီရွှေကျောင်း၊ ပန်စောက်မိန်းကျောင်းစသည့် ဘုန်းတော်ကြီးကျောင်းတိုက် ကယ်ဆယ်ရေးစခန်းများတွင် တိုက်ပွဲရှောင်လာရောက်ခိုလှုံလျက်ရှိသော ဒေသခံ တိုင်းရင်းသားပြည်သူများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပရဟိတအသင်းအဖွဲ့များက ဆန်၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်ဘူးများကို လှူဒါန်းလျက်ရှိသည်။

ထို့အတူ မေ ၂၄ ရက်ကလည်း ပြည်နယ်အစိုးရအဖွဲ့က ကူညီထောက်ပံ့ပေးပို့သော စားသောက်ဖွယ်ရာများကို မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦး၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်နှင့် တာဝန်ရှိသူများက မခေါ် ကျေးရွာအုပ်စု နားရှုတ်ကျေးရွာဒေသခံ တိုက်ပွဲရှောင်ပြည်သူများအား ကူညီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**ကျိုက်ထို မေ ၂၅**

မွန်ပြည်နယ်ကျိုက်ထိုမြို့နယ်မုပ္ပလင်ကျေးရွာဓမ္မာရုံ၌ မေလတတိယပတ်က ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပေးသည့်အနေဖြင့် ကျေးရွာနေပြည်သူများအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(သထုံ)မှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်လှလှကြူ ဦးဆောင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပပြီး မော်တော်ဆိုင်ကယ်စီးနင်းသူများအားရေးဖြေ၊ လက်တွေ့ယာဉ်မောင်းနှင်ခြင်းများကို စစ်ဆေး၍“က”မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင် ၁၁၃ စောင်ကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်

**ရှာငံ မေ ၂၅**

ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ကျေးလက်ဒေသနေပြည်သူများနှင့် မြို့ပြနေအခြေခံ လူတန်းစားများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ နည်းပညာများ ရရှိကာ ကိုယ်ပိုင်လုပ်ငန်းငယ်လေးများ ထူထောင်လာနိုင်စေရန်၊ မိသားစုဝင်ငွေတိုးပွားစေရန်နှင့် ထုတ်ကုန်အမယ်သစ်များ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို မေ ၂၄ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း ရှာငံမြို့နယ် ဗထူးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။




အခမ်းအနားတွင် ရှမ်းပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ရှာငံမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးခွန်သိန်းရွှေကသင်တန်းနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မချမ်းဘော၌ လက်သမား၊ ပန်းရန် သင်တန်းဖွင့်

**မချမ်းဘော မေ ၂၅**

မချမ်းဘောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် လက်သမား၊ ပန်းရန်သင်တန်းအမှတ်စဉ်(၁/၂၀၁၆) ဖွင့်ပွဲ အခမ်းအနားကို မေ ၂၄ ရက်က ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းကအမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်ဇော်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းကာလမှာ မေ ၂၄ ရက်မှ ဇွန် ၇ ရက်အထိဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၅-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၉၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၃.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၅.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၀.၅၂ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၉၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး | ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |
| စာတည်းမှူး | - ဝင်းရွှေ | ကြော်ငြာ | - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ |
| စာတည်း | - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် | | Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| သတင်းထောက်မှူး | - မြင့်ဆွေ | ဖြန့်ချိ | - ၀၁-၅၄၄၃၁၇၊ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) | | Fax- ၀၁-၈၆၀၄၅၄၆ |

✻ ရှေ့စာမျက်နှာမှ

(စ) ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း ပြည်ထောင်စုဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန
(ဆ) ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ပြည်ထောင်စုဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန
(ဇ) ဦးကျော်တင့်ဆွေ ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန
(ဈ) ဒေါက်တာဖေမြင့် ပြည်ထောင်စုဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန
(ည) သူရဦးအောင်ကို ပြည်ထောင်စုဝန်ကြီး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
(ဋ) ဒေါက်တာအောင်သူ ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
(ဌ) ဦးသန့်စင်မောင် ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
(ဍ) ဦးအုန်းဝင်း ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(ဎ) ဦးဖေဇင်ထွန်း ပြည်ထောင်စုဝန်ကြီး
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
(ဏ) ဦးသိန်းဆွေ ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန
(တ) ဦးခင်မောင်ချို ပြည်ထောင်စုဝန်ကြီး
စက်မှုဝန်ကြီးဌာန
(ထ) ဒေါက်တာသန်းမြင့် ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(ဒ) ဒေါက်တာမျိုးသိမ်းကြီး ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန
(ဓ) ဒေါက်တာမြင့်ထွေး ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
(န) ဦးကျော်ဝင်း ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(ပ) ဦးဝင်းခိုင် ပြည်ထောင်စုဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန
(ဖ) ဒေါက်တာဝင်းမြတ်အေး ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
(ဗ) ဦးအုန်းမောင် ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန
(ဘ) နိုင်သက်လွင် ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
(မ) ဦးထွန်းထွန်းဦး ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်သည် ရာထူးအလျောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတွင်းရေးမှူးဖြစ်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုဝန်ကြီးဌာနအမည်ပြောင်းလဲသတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၂၀/ ၂၀၁၆**
**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်**
**(၂၀၁၆ခုနှစ်၊ မေလ ၂၅ ရက်)**
**ပြည်ထောင်စုဝန်ကြီးဌာနအမည်ပြောင်းလဲသတ်မှတ်ခြင်း**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်းအဝေး၏ သဘောတူညီချက်အရ အောက်ပါပြည်ထောင်စုဝန်ကြီးဌာနများကို ယှဉ်တွဲဖော်ပြပါအတိုင်း အမည်ပြောင်းလဲသတ်မှတ်လိုက်သည်-

| | **မူလအမည်** | **ပြောင်းလဲသတ်မှတ်သည့်အမည်** |
|---|---|---|
| (၁) | ကျန်းမာရေးဝန်ကြီးဌာန (Ministry of Health) | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန [ Ministry of Health and Sports (MOHS)] |
| (၂) | တိုင်းရင်းသားရေးရာဝန်ကြီးဌာန (Ministry of Ethnic Affairs ) | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန (Ministry of Ethnic Affairs) |

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

## ကုမ္ပဏီများ၏ ဖွဲ့စည်းမှတ်ပုံတင်ကြေးနှင့် ကုမ္ပဏီများ၏ ဆောင်ရွက်ချက်တင်ပြခြင်းများအတွက် ပေးဆောင်ရသည့် မှတ်ပုံတင်ကြေးများ ပြင်ဆင်သတ်မှတ်

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးတိုးချဲ့ထူထောင်ဆောင်ရွက်မှုများကို အားပေးဆောင်ရွက်လျက်ရှိရာ စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအား ကုမ္ပဏီအဖြစ် ထူထောင်မှတ်ပုံတင်ဆောင်ရွက်လာစေရေးအတွက် လည်းကောင်း၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်လာစေရေးအတွက်လည်းကောင်း၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများဖွဲ့စည်းတည်ထောင်ရာတွင် အမှန်တကယ် လုပ်ငန်းလုပ်ကိုင်မည့် ကုမ္ပဏီများပေါ်ထွန်းရေးကို ရေးရှု၍လည်းကောင်း၊ လုပ်ငန်းစတင်ထူထောင်ရာတွင် လွယ်ကူချောမွေ့စေရန် ဖြေလျှော့မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ လက်ရှိကုမ္ပဏီများ၏ ဖွဲ့စည်းမှတ်ပုံတင်ကြေးနှင့် ကုမ္ပဏီများ၏ ဆောင်ရွက်ချက်တင်ပြခြင်းများအတွက် ပေးဆောင်ရသည့် မှတ်ပုံတင်ကြေးများကို ၂၀၁၆ ခုနှစ် ဇွန်လ ၁ ရက်နေ့မှစ၍ အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ယခင်နှုန်း (ကျပ်) | ပြင်ဆင်သည့်နှုန်း(ကျပ်) |
|---|---|---|---|
| ၁။ | ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ကြေး | | |
| | (က) အများနှင့်မသက်ဆိုင်သောကုမ္ပဏီ (Private) | ၁၀၀၀၀၀၀ | ၅၀၀၀၀၀ |
| | (ခ) အများနှင့် သက်ဆိုင်သောကုမ္ပဏီ (Public) | ၁၀၀၀၀၀၀ | ၂၅၀၀၀၀၀ |
| ၂။ | သက်တမ်းတိုးမှတ်ပုံတင်ကြေး | ၅၀၀၀၀၀ | ၃၀၀၀၀၀ |
| ၃။ | ပုံစံ ၆၊ ၂၆၊ ပုံစံ (င)၊ လိပ်စာပြောင်း၊ အစုရှယ်ယာပြောင်း၊ စာရွက်စာတမ်း၊ မိတ္တူမှန်ကူးယူခြင်း | ၂၅၀၀ | ၂၅၀၀၀ |
| ၄။ | ကတ်ပြား၊ မိတ္တူမှန်ကူးယူခြင်း | ၅၀၀၀ | ၅၀၀၀၀ |
| ၅။ | လုပ်ငန်းရည်ရွယ်ချက်တိုး၊ အမည်ပြောင်း၊ မ, တည်တိုး | ၇၅၀၀ | ၇၅၀၀၀ |
| ၆။ | MOA,AOA ပြင်ဆင်ခြင်း | ၅၀၀၀၀ | ၃၀၀၀၀၀ |

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်နေမှု မြန်မာနှင့်ကုလအကြား လက်ရှိနှင့်အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် မေ ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားတို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်နေမှု၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား လက်ရှိနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။
**(သတင်းစဉ်)**

## ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆောင်ရွက်နေမှုများဆွေးနွေး

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E.Mr. Paul R. Segar နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ Allen & Overy Limited မှ Senior Partner ဖြစ်သူ Mr. Simon Makinson နှင့် အဖွဲ့အား နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံသည်။

ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံ၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆောင်ရွက်နေမှုများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာများကို ဆွေးနွေးကြသည်။

ဆက်လက်၍ Allen & Overy Limited မှ Senior Partner နှင့် တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဥပဒေအရာရှိများအတွက် ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ လုပ်ငန်းခွင်သင်တန်းများ၊ ပညာသင်ဆုများ၊ ဥပဒေစာအုပ်များကို ဆက်လက်ထောက်ပံ့နိုင်ရေးနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။
**(သတင်းစဉ်)**

# မြန်မာ - ထိုင်းနှစ်နိုင်ငံ အစိုးရချင်းနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေ ဆွေးနွေး

**နေပြည်တော် မေ ၂၅**

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Sommai Kaotira ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ထိုင်းဘုရင့်တပ်မတော်ဌာနချုပ်၌ ဂုဏ်ပြုကြိုဆိုပြီး တွေ့ဆုံဆွေးနွေးရာတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံ အစိုးရချင်းနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် General Tanasak Patimapragorn တို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် တွေ့ဆုံပြီး ယဉ်ကျေးမှုနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်၏ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ် (မြဝတီ)**

## ဝန်ထမ်းတစ်ဦးချင်းစီ၏ စိတ်ဓာတ်ပြောင်းလဲပြီး လုပ်ငန်းကို ကြိုးပမ်းဆောင်ရွက် စတုတ္ထမဏ္ဍိုင်အလုပ်ကို လုပ်နေသည်ဟုခံယူပြီး ရဲရဲတင်းတင်းလုပ်ဆောင်

**နေပြည်တော် မေ ၂၅**

စာကြည့်တိုက်များသို့ လူမလာလျှင် လူလာအောင် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ တွေ့ဆုံစဉ် ယင်းကဲ့သို့ ပြောကြားခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်များကို ရပ်ရွာက လာရောက်ပေါင်းစပ်လုပ်ကိုင်သော နေရာဖြစ်အောင်၊ ရပ်ရွာအတွက် အသုံးဝင်သော တန်ဖိုးရှိသည့် စာကြည့်တိုက်များဖြစ်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ စိတ်ဓာတ်များပြောင်းလဲပြီး လုပ်ငန်းများကို ကြိုးပမ်းဆောင် ရွက်ခြင်းဖြင့် မိမိတို့ဌာနသည် ရပ်ရွာများ၌ မရှိမဖြစ်လိုအပ်သည့် ဌာနတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများအနေဖြင့် စတုတ္ထ မဏ္ဍိုင်အလုပ်ကို လုပ်နေသည်ဟုခံယူပြီး ရဲရဲတင်းတင်းလုပ်ဆောင်ရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားခဲ့သည်။

တိုင်းဒေသကြီး/ပြည်နယ်များမှ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ခရိုင်ဦးစီးအရာရှိများက စာကြည့်တိုက်များ အဆင့်မြှင့်တင်ရေးဆောင်ရွက်နေမှု၊ နံရံကပ်စာပေရေချမ်းစင်များ ဖွင့်လှစ်မှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းများ အပါအဝင် နယ်မြေသတင်းများ ထုတ်ပြန်နေမှုများ စသည်တို့ကို ရှင်းလင်းတင်ပြကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက သတင်းများ ထုတ်ပြန်ရေးသားရာတွင် မှန်ကန်မှုရှိစေရန်၊ ဒေသနှင့် ဆန့်ကျင်သည့်သတင်းများ မဖြစ်စေရန်၊ လူထု၏ ယုံကြည်မှုကိုရရန်လိုအပ်မှု၊ တစ်ဦးချင်းစီ၏ လုပ်ပိုင်ခွင့်နှင့် ကျွမ်းကျင်မှု၊ တစ်ဦးချင်းစီ၏ ဝမ်းစာနှင့် လုပ်နိုင်စွမ်းကို မှန်ကန်စွာ သုံးသပ်ကြည့်ရန် လိုအပ်မှုတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆိုင်ရာ ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၂၅**

ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံအဝန်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းကို ဂျပန်နိုင်ငံ JICA အကူအညီဖြင့် ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးအတွက် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း အကောင်အထည်ဖော်မည့် ကျေးလက်လမ်းဖွံ့ဖြိုးရေး Master Plan ရေးဆွဲ၍ နှစ်အလိုက်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ အမျိုးသားအဆင့် စီမံချက်နှင့် ဒေသအဆင့် စီမံချက်တို့ ကိုက်ညီပြီး စီမံကိန်းများကို ဗဟိုကော်မတီက အတည်ပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအဝန်း စံချိန်စံနှုန်းမီ ကျေးရွာချင်းဆက်လမ်းများ အောင်မြင်စွာ ဖောက်လုပ်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်၊ မူဝါဒများနှင့်အညီ စိစစ်ပြီး ကော်မတီသုံးရပ် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ဆွေးနွေးသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ စစ်တမ်းအရ ကျေးရွာပေါင်း ၆၄၁၃၄ ရွာရှိသည့်အနက် ရာသီမရွေးသွားလာနိုင်သည့် ကျေးရွာပေါင်း ၁၉၁၃၄ ရွာခန့်ရှိ၍ကျေးရွာပေါင်း ၂၀၀၀၀ ခန့်မှာ ခြောက်သွေ့သောရာသီဥတုတွင် သွားလာနိုင်ပြီး ကျန်ကျေးရွာ ၂၅၀၀၀ ခန့်မှာ သွားလာရန် လမ်းမရှိသေးသည်ကို လေ့လာတွေ့ရှိရကြောင်း၊ မြို့နယ်များအလိုက် Core Network များ ရေးဆွဲပြီး လုပ်ငန်းလိုအပ်ချက်များ ဖော်ထုတ်ရမည် ဖြစ်သည့်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကျေးရွာလမ်းဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုလမ်းမကြီး၊ အမြန်လမ်းမကြီးများကို ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်းကောင်း၊ ကျေးလက်လမ်းများကို ကျေးလက်ဦးစီးဌာနက လည်းကောင်း၊ နယ်စပ်လမ်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနကလည်းကောင်း အသီးသီးဆောင်ရွက်နေကြ၍ ဌာနအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ Master Plan ရေးဆွဲ၍ ငါးနှစ်အတွင်း ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ငွေကြေးကို ဆောက်လုပ်ရေးဝန်ကြီးဌာန သို့မဟုတ် ADB ၏ အထောက်အပံ့ရယူရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

ယင်းနောက် ADB ကျွမ်းကျင်ပညာရှင် Mr.Serge Cartier Van Dissel မှ "Rural Roads in Myanmar" ခေါင်းစဉ်ဖြင့် ကျေးလက်ဒေသ၌ ဆောင်ရွက်ရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများက ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် အခြေအနေများကို တင်ပြဆွေးနွေးကြပြီး လမ်းဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

**(သတင်းစဉ်)**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် မေ ၂၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ရခိုင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ချင်း၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာကျဲကျဲ၊ ကချင်နှင့် ကယားပြည်နယ်၊ ပဲခူးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ ကရင်နှင့် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

## ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံကာ ဝန်ကြီးဌာန၏ လုပ်ငန်းများအား ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ယင်းအဖွဲ့အစည်းများမှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် နံနက် ၁၁ နာရီကလည်း ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM)မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Maria Nenette A. Motus နှင့်အဖွဲ့အား တွေ့ဆုံ၍ နယ်စပ်ဒေသစီမံခန့်ခွဲရေးနှင့် ရွှေ့ပြောင်းသွားလာမှု စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး နည်းပညာနှင့် အတွေ့အကြုံများဖလှယ်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ်ညီလာခံကျင်းပမည်၊ အလှူငွေများလှူဒါန်းနိုင်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ်ညီလာခံကို ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် အမှတ် ၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း(အလယ်ရှိ) မြန်မာနိုင်ငံစာရေးဆရာအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်စာရေးဆရာအသင်းများမှ တက်ရောက်မည့်ညီလာခံကိုယ်စားလှယ်များ ဇွန် ၂၄ရက်တွင် ကျင်းပမည့် အကြိုညှိနှိုင်းအစည်းအဝေးသို့(မပျက်မကွက်) တက်ရောက်ရန်အတွက် ရန်ကုန်မြို့သို့ အချိန်မီလာရောက်ကြရန်နှင့် ညီလာခံကိုယ်စားလှယ်အမည်စာရင်းပေးရန် ကျန်ရှိသောမြို့နယ်များမှ ကိုယ်စားလှယ်စာရင်းများအမြန်ဆုံးပေးပို့ရန် မြန်မာနိုင်ငံစာရေးဆရာအသင်းက နှိုးဆော်ထားသည်။

ဒုတိယအကြိမ်ညီလာခံအတွက် စာပေကို ချစ်မြတ်နိုးသော စေတနာရှင်များက လှူဒါန်းလျက်ရှိရာ ဗိုလ်မှူးသက်ထွန်း(ငြိမ်း)-ဒေါ်သီသီနွယ်(ဗိုလ်ချုပ်ဈေး)မိသားစုက ငွေကျပ်သုံးသိန်း လာရောက်လှူဒါန်းပြီး အလှူငွေလှူဒါန်းလိုသူ စေတနာရှင်များအနေဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဖုန်း ၀၁-၃၈၅၂၇၃၊ ၀၁-၂၅၂၄၁၇ တို့သို့ ဆက်သွယ်၍ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အေအိုင်ဒီအက်စ်ရောဂါနဲ့ ကွယ်လွန်သွားသူတွေအတွက် ဖယောင်းတိုင်မီး ထွန်းညှိအောက်မေ့တဲ့အခမ်းအနား

**ခင်ချိုချိုဦး၊ ဓာတ်ပုံ - အောင်ဇော်ဌေး (သရဖူ)**

မြန်မာနိုင်ငံဘာသာပေါင်းစုံပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (HIV / AIDS) Myanmar Interfaith Network On AIDS (MINA)အဖွဲ့က ကြီးမှူးကျင်းပတဲ့ အေအိုင်ဒီအက်စ်ရောဂါနဲ့ ကွယ်လွန်သေဆုံးသွားတဲ့သူတွေကို ရည်စူးပြီး ဖယောင်းတိုင်မီး ထွန်းညှိအောက်မေ့ဖွယ်ရာ ဆုတောင်းပွဲကို မေလ ၂၂ ရက်နေ့ ညနေပိုင်းက စိမ်းလန်းစိုပြည်ဥယျာဉ်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ နှစ်စဉ် မေလတတိယပတ် တနင်္ဂနွေနေ့ မှာ ကျင်းပလေ့ရှိကြောင်း သိရှိရပါတယ်။ နိုင်ငံတကာမှာလည်း မေလ ၁၅ ရက်နေ့ (တနင်္ဂနွေနေ့)မှာ ယခုလိုပဲ ဖယောင်းတိုင်မီးထွန်းညှိ ပြီး အောက်မေ့ဖွယ်အခမ်းအနား ကျင်းပခဲ့တာ ၃၃ ကြိမ်မြောက်ခဲ့ပါပြီ။ ၁၉၈၃ ခုနှစ်ကစတင်ပြီး ၁၁၅ နိုင်ငံ လူထုအခြေပြုအဖွဲ့အစည်း ၁၂၀၀ ခန့်က ပူးပေါင်းပြီး မေလ တတိယပတ် တနင်္ဂနွေနေ့ရောက်တိုင်း ကျင်းပခဲ့ကြတာ ဖြစ်ပါတယ်။

ကျင်းပရတဲ့ရည်ရွယ်ချက်ကတော့ အခုလို အောက်မေ့ဖွယ်အခမ်းအနား ကျင်းပရုံတင်မကဘဲ HIV/AIDS ရောဂါအကြောင်း လူထုအကြား ပိုမိုသတိပြုမိလာစေဖို့၊ ခွဲခြားနှိမ့်ချမှုကြောင့် ဖြစ်ပေါ်လာတဲ့ အခက်အခဲ အဟန့်အတားတွေကို ပယ်ဖျက်နိုင်ဖို့နဲ့ မျိုးဆက်သစ်လူငယ်တွေကို မျှော်လင့်ချက်အသစ်တွေ ဆောင်ကြဉ်းပေးဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ HIV ပိုးနဲ့ ရှင်သန်နေထိုင်သူတွေနဲ့ ဦးတည်အုပ်စုဝင်တွေ ပါဝင်တဲ့ လူထုကွန်ရက်တွေက ဦးဆောင်ကျင်းပတာပဲ ဖြစ်ပါတယ်။

ရောဂါကူးစက်ပြန့်ပွားမှုကို အဆုံးသတ်နိုင်ဖို့အတွက် ပြည်သူလူထု၊ အစိုးရနဲ့ အလှူရှင်အဖွဲ့တွေက ပူးပေါင်းပါဝင်ဆောင်ရွက်လာစေဖို့ engage (ပူးပေါင်းဆောင်ရွက်စေရန်)၊ HIV နဲ့ ပတ်သက်တဲ့ ကုသရေး၊ ကာကွယ်ရေးနဲ့ ပြုစုစောင့်ရှောက်ရေးအကြောင်းတွေအပါအဝင် HIV က မိမိတို့ဘဝကို မည်ကဲ့သို့ အကျိုးသက်ရောက်စေနိုင်သည်ကို လက်ရှိလူတွေနဲ့ နောင်မျိုးဆက်သစ်တွေကို ပညာပေးဖို့ educade (ပညာပေးရန်)၊ မည်ကဲ့သို့ ကွဲပြားခြားနားနေသည်ဖြစ်စေ HIV ပိုးနဲ့ အသက်ရှင်နေထိုင်သူတွေကို ၎င်းတို့ဘဝမှာ ခွဲခြားနှိမ့်ချမှုတွေကို ရင်ဆိုင်ပြီး မားမားမတ်မတ် ရပ်တည်လာနိုင်စေဖို့၊ စွမ်းရည်မြှင့်တင်ပေးဖို့ empower (စွမ်းရည်မြှင့်တင်ပေးရန်)တို့ကို ရည်သန်ကာ လုပ်ဆောင်သွားကြဖို့ တိုက်တွန်းထားပါတယ်။

မြန်မာနိုင်ငံမှာ လုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ လုပ်ဆောင်ရာမှာ အောက်ပါတို့ကို ဦးစားပေးဆောင်ရွက်ဖို့ လိုအပ်ပါတယ်-

**ကာကွယ်ရေးလုပ်ငန်းများ**

ကွန်ဒုံးနဲ့ သန့်ရှင်းတဲ့ ဆေးထိုးအပ်၊ ဆေးပြွန်တွေကို ဖြန့်ဝေခြင်းကဲ့သို့သော ကာကွယ်ရေးဝန်ဆောင်မှုတွေကို အကောင်အထည်ဖော်တာ၊ ရောဂါပိုးမကူးစက်ခံရခင် ဆေးဝါးကြိုတင်သောက်သုံးတာ၊ လူမှုကွန်ရက်တွေကတစ်ဆင့် အသိပညာပေးတာ စတဲ့ နည်းလမ်းသစ်တွေနဲ့ ဆောင်ရွက်မှုတွေဟာ HIVကူးစက်နိုင်မှုကို လျှော့ချပေးပါတယ်။

**အခု လက်ရှိအခြေအနေမှာလည်း တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ ဆိုရင် HIV ပိုးနဲ့ အသက်ရှင်နေထိုင်သူ စုစုပေါင်း ၃၇ သန်းခန့် ရှိနေတာကြောင့် ဒီရောဂါကြီးဟာ လက်တွေ့အတိုင်းအတာမှာ စိန်ခေါ်မှု တစ်ရပ်အဖြစ် ဆက်လက်တည်ရှိ နေဆဲဖြစ်**

**သွေးစစ်ဆေးခြင်း**

၂၀၁၂ နဲ့ နှိုင်းယှဉ်ပါက ၂၀၁၄ ခုနှစ်မှာ နှစ်သိမ့်ဆွေးနွေးမှုခံယူပြီး HIV ရှိ မရှိ သွေးစစ်သူပေါင်း ၁၀၀ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါတယ်။ သို့သော် ကျေးလက်တောရွာတွေနဲ့ ဝေးလံခေါင်သီတဲ့ ဒေသတွေက ဦးတည်အုပ်စုဝင်တွေဟာ သွေးစစ်ဆေးမှုကို အလွယ်တကူရရှိလာစေဖို့ ပိုပြီးကြိုးပမ်းဆောင်ရွက်ပေးဖို့ လိုအပ်နေပါသေးတယ်။

**ကုသရေးလုပ်ငန်းများ**

လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစတင်ပြီး ART ဆေးဝါးသောက်သုံးသူအရေအတွက်ဟာ နှစ်ဆတိုးတက်လာပါတယ်။ ဆေးဝါးကုသမှု လမ်းညွှန်ချက်အသစ်မှာပါဝင်တဲ့ သွေးစစ်ဆေးပြီးပြီးချင်း ကုသမှုပေးသော(Test and Treat)နည်းလမ်းကိုအသုံးပြုပြီး ART ရရှိသူဦးရေ ပိုမိုများလာအောင် ဆောင်ရွက်ရပါမယ်။

**ပြုစုစောင့်ရှောက်ခြင်းနှင့်ကူညီထောက်ပံ့ခြင်း**

ခွဲခြားဆက်ဆံခြင်းခံရမှုတွေ၊ အပြစ်ဒဏ်ပေးတဲ့ ဥပဒေစည်းမျဉ်းနဲ့ လုပ်ထုံးလုပ်နည်းတွေဟာ HIV နဲ့ ပတ်သက်တဲ့ ဝန်ဆောင်မှုတွေရယူရာမှာ အဓိက အတားအဆီး ဖြစ်နေပါတယ်။



အေအိုင်ဒီအက်စ်ရောဂါဖြင့် ကွယ်လွန်သွားသူများကို ရည်စူးပြီး ဖယောင်းတိုင်မီး ထွန်းညှိအောက်မေ့ဖွယ်ရာ ဆုတောင်းပွဲကျင်းပစဉ်

လူ့အခွင့်အရေးတွေကို လေးစားလိုက်နာတဲ့ ပတ်ဝန်းကျင်အခြေအနေကောင်းကို ဖန်တီးပေးဖို့ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှုတွေ လိုအပ်နေပါသေးတယ်။ ဒါမှသာ HIV နဲ့ ပတ်သက်တဲ့ ဝန်ဆောင်မှုတွေကိုရရှိနိုင်ဖို့ တန်းတူအခွင့်အရေးရရှိမှာ ဖြစ်ပါတယ်။

အရှိန်အဟုန်တိုးမြှင့်ပြီး မဆောင်ရွက်ပါက ၂၀၁၆ နဲ့ ၂၀၃၀ ခုနှစ်အတွင်း HIV ရောဂါကူးစက်မှု ၁၇ ဒသမ ၆ သန်းနဲ့ AIDS ကြောင့် သေဆုံးမှု ၁၀ ဒသမ ၈ သန်းကို ထပ်မံတိုးပွားလာစေမှာ ဖြစ်ပါတယ်။

ဒါကြောင့် UNAIDS မှ Executive Director ဖြစ်သူ Michel Sidibe' မှAIDS ကို ကပ်ရောဂါအသွင်ဖြစ်ပွားမှုကနေ အဆုံးသတ်ရေး ကြိုးပမ်းဆောင်ရွက်ရာမှာ ဘယ်သူ့ကိုမှ ချန်လှပ်ထားလို့ မရနိုင်ပါ။

အောက်ခြေအဆင့်အထိ ဘယ်သူမှမကျန်ခဲ့ဘဲ တကယ်လိုအပ်နေသူတွေက HIV ဝန်ဆောင်မှုတွေကို အပြည့်အဝရရှိဖို့ဆိုရင် လူထုအခြေပြုအဖွဲ့အစည်းတွေရဲ့ အသိပေးတင်ပြတောင်းဆိုမှု၊ ဆက်သွယ်ဆောင်ရွက်မှုနဲ့ ဝန်ဆောင်ပေးမှုတွေဟာ AIDS အဆုံးသတ်ရေး ကြေညာစာတမ်းရဲ့ ပန်းတိုင်ကိုရောက်ရှိဖို့ အကောင်အထည်ဖော်ရာမှာ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်နေပါတယ်လို့ လက်ကမ်းစာစောင်မှာ ဖော်ပြထားပါတယ်။

ဆုတောင်းပွဲအခမ်းအနားမှာ ဆရာဦးဆန်းထူးနဲ့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းတို့က ဖယောင်းတိုင်ထွန်းပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့ပါတယ်။ ဒါ့အပြင် ဘာသာရေးခေါင်းဆောင် လေးဦးဖြစ်တဲ့ MINA ဥက္ကဋ္ဌ ဆရာတော် ဦးအဂ္ဂဝံသ၊ အာရဗီကျောင်းအုပ်ဆရာ မော်လဝီ ဆရာတော် ဦးသက်အောင်၊ MCC မှ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာ ဦးရွှေလင်း၊ ဟိန္ဒူဆရာတော် ဓမ္မကထိက ဆရာတော် ဦးဆန်းမင်းနိုင်၊ CBCM မှ Fr. Victor ဦးဉာဏ်မြင့်တို့က အသီးသီး ဆုတောင်းခဲ့ကြပါတယ်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ ဝင်းလွင်၊UNAIDS Myanmar မှ Country Director Mr. EamonnMurphy ၊ MINA အလုပ်အမှုဆောင် Major.Lalroengi တို့က အမှာစကားအသီးသီး ပြောကြားခဲ့ပါတယ်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက "ဒီအခမ်းအနားက ၃၃ ကြိမ်မြောက် International Can-dlelight Memories HIV/AIDS ကြောင့် အသက်ဆုံးရှုံးခဲ့ရသူတွေကို အောက်မေ့သတိရဆုတောင်းမှု ပြုလုပ်တဲ့ အခမ်းအနားလေးပဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ခုခံအားကျဆင်းမှုရောဂါကြောင့် ညှိုးနွမ်းစွာကွယ်လွန်ခဲ့ရသူတွေနဲ့ သူတို့ရဲ့ ဂုဏ်သိက္ခာတွေကို ကျွန်တော်တို့ အသိအမှတ်ပြုတယ်လို့ မှတ်ယူရမှာဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း မေလ တတိယပတ် တနင်္ဂနွေနေ့ရောက်တိုင်း ခုခံအားကျဆင်းမှုကြောင့် ကွယ်လွန်ခဲ့ရသူတွေကို အောက်မေ့ဖွယ် အထိမ်းအမှတ်အနေနဲ့ ဖယောင်းတိုင်မီးထွန်းပွဲ ကျင်းပလာခဲ့တာ ဒီနေ့ဆိုရင် ၃၃ ကြိမ်မြောက် ရှိခဲ့ပါပြီ။ ခုခံအားကျဆင်းမှုကြောင့် တစ်ကမ္ဘာလုံးမှာ လူသန်းပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရပါတယ်။ အခု လက်ရှိအခြေအနေမှာလည်း တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ဆိုရင် HIVပိုးနဲ့ အသက်ရှင်နေထိုင်သူ စုစုပေါင်း ၃၇ သန်းခန့် ရှိနေတာကြောင့် ဒီရောဂါကြီးဟာ လက်တွေ့အတိုင်းအတာမှာ စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေဆဲ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီရောဂါကြောင့် လူတချို့မှာ နာတာရှည်အနေနဲ့ ခံစားနေရပြီး အဲဒီအထဲက လူတော်တော်များများဟာ ဆေးဝါးကုသမှုကို လက်လှမ်းမမီတာ၊ ခွဲခြားနှိမ့်ချဆက်ဆံခံရတာ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရတာ စသည်တို့ကို နေ့စဉ်နဲ့အမျှ ခံစားနေရပါတယ်။ ထိုကဲ့သို့ HIV/AIDS ကူးစက်ရောဂါကြောင့် ထိခိုက်ခံစားခဲ့ရသမျှကို ဒီအောက်မေ့ဖွယ်အခမ်းအနားကြီးက အမြဲသတိတရရှိနေစေမှာဖြစ်ပါတယ်။ ၁၉၈၀ ပြည့်နှစ်အတွင်းမှာ ကမ္ဘာကို ခြိမ်းခြောက်လာတဲ့ ဒီကပ်ရောဂါတွေဟာ ကျွန်တော်တို့နိုင်ငံမှာ ၁၉၈၈ ခုနှစ်လောက်မှ စတင်ကူးစက်လာတယ်လို့ မှတ်တမ်းတွေအရ သိရှိရပါတယ်။ ဒီရောဂါနဲ့ ပတ်သက်လာရင် လူတော်တော်များများက ခွဲခြားဆက်ဆံချင်တာမျိုးတွေ ရှိပါတယ်။ ဘယ်လောက်တောင် ခွဲခြားဆက်ဆံချင်သလဲဆိုရင် မိသားစုအချင်းအချင်း၊ ညီအစ်ကိုမောင်နှမ အချင်းချင်းတောင်မှ အတူမနေချင်တာတွေ ရှိပါတယ်။ အခုလက်ရှိမှာလည်း ဒီလို ခွဲခြားဆက်ဆံမှုမျိုးတွေ ရှိနေပါသေးတယ်။



အေအိုင်ဒီအက်စ်ရောဂါဖြင့် ကွယ်လွန်သွားသူများအတွက် အောက်မေ့ဖွယ်ရာ ဆုတောင်းပွဲတွင် တာဝန်ရှိသူများက ဖယောင်းတိုင်မီး ထွန်းညှိပေးစဉ်

ဒါကို တတ်နိုင်သမျှလျှော့ချသွားဖို့ ကျွန်တော်တို့ ကြိုးပမ်းကြရပါမယ်။ ယနေ့ ပြုပြင်ပြောင်းလဲရေးကာလမှာ ဒီလိုခုခံအားကျဆင်းမှု ရောဂါအပါအဝင် ကျန်းမာရေးစနစ်ကြီးတစ်ခုလုံးကို ကျွန်တော်တို့အစိုးရအနေနဲ့ ကုစားဖို့ပြင်ဆင်နေပြီဖြစ်ပါတယ်။ ပြီးတော့ ယနေ့အခမ်းအနားနဲ့ ပတ်သက်ပြီး အထူးပြောချင်တာ ရှိပါတယ်။ အဲဒါကတော့ ခုခံအားကျဆင်းမှုရောဂါသည်တွေရော ဒီရောဂါနဲ့ပတ်သက်ပြီး တက်ကြွစွာ ကူညီဆောင်ရွက်ပေးနေသူတွေပါ ကျွန်တော့်အနေနဲ့ ဂုဏ်ပြုလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့မဆုတ်မနစ်တဲ့ ဇွဲလုံ့လ ဝီရိယကြောင့် ဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ဟာ ပြောင်းလဲလာတဲ့ ခေတ်အခြေအနေနဲ့အညီ စိတ်ဓာတ်အခြေခံတွေကိုပါ ပြောင်းလဲဖို့ လိုပါတယ်။ လူ့အခွင့်အရေးကို အမြင့်ဆုံးကြွေးကြော်နေတဲ့ ယနေ့လို အချိန်ကာလမျိုးမှာ အခြေအနေတစ်ရပ်ရပ်ကြောင့် ဖြစ်လာတဲ့ ဒီလိုဝေဒနာသည်တွေကို အသိအမှတ်ပြုတာ၊ သူတို့ရဲ့လူ့ဂုဏ်သိက္ခာကို အသိအမှတ်ပြုဖို့၊ ကိုယ်ဟာ လူသားတစ်ယောက်ဖြစ်တယ်ဆိုတာကို အခြားသောသူတွေက ပြန်လည်အသိအမှတ်ပြုဖို့ဆိုတာက ကိုယ်တိုင်ပြုမူနေထိုင်ရမှာ ဖြစ်ပါတယ်။ အခုလို အောက်မေ့ဖွယ် အခမ်းအနားကျင်းပခြင်းအားဖြင့် HIV ပိုးကြောင့် အသက် ဆုံးရှုံးခဲ့ကြရတဲ့သူတွေကို အမှတ်တရဆုတောင်းပေးတာ ဖြစ်ပါတယ်။ HIV ပိုးနဲ့ အသက်ရှင်နေထိုင်သူတွေကို မခွဲခြားဘဲ တစ်သားတည်းရှိကြောင်း ပြသနိုင်တာ၊ လူထုကြားမှာ HIVပိုးနဲ့ ပတ်သက်တဲ့ အသိပညာပေးမှုကို မြှင့်တင်ပေးနိုင်တာ၊ အမျိုးသားချင်း၊ လိင်တူဆက်ဆံတာတွေ၊ မူးယစ်ဆေး သွေးကြောထဲထိုးသွင်းသူတွေ၊ လိင်လုပ်သားတွေနဲ့ လူငယ်တွေ စတဲ့အုပ်စုတွေအပေါ် ခွဲခြားဆက်ဆံနှိမ့်ချမှုကို လျှော့ကျ စေဖို့ အသိပေးတောင်းဆိုမှု စတဲ့ အခွင့်အရေးတွေ ရရှိလာမှာ ဖြစ်ပါတယ်။"

နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ "ကျွန်တော် ဒီကနေ့အခမ်းအနားကို တက်ရောက်လာတာဟာ အစိုးရတာဝန်ရှိသူ တစ်ယောက်အနေနဲ့ဆိုတာထက် လူသားအချင်းချင်း စာနာထောက်ထားမှုကို အထူးအလေးထားလို့ ဖြစ်ပါတယ်။ ခန္ဓာကိုယ်ခုခံအားကျဆင်းနေတာထက် စိတ်ဓာတ်ခုခံအားကျဆင်းတာက ပိုပြီးဆိုးတယ်လို့ ကျွန်တော်ခံယူမိပါတယ်။ စိတ်ဓာတ်ခုခံအားကို မြှင့်တင်မှုတစ်ခုဖြစ်တဲ့ ဒီလို အမှတ်တရအောက်မေ့ပွဲကို တက်ရောက်ပြီး စကားပြောရတာကို လူသားတစ်ယောက်အနေနဲ့ ဂုဏ်ယူမိပါတယ်လို့ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်"လို့ ပြောကြားသွားပါတယ်။

ထို့နောက်Marie Stopes International မှ Country Director ဖြစ်သူ ဒေါက်တာစစ်နိုင်က AIDS Candlelight Milestones နဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားတာ၊ အိပ်မက်ဆုံရာမှ ဆုရရှိခဲ့သူ စောအောင်မျိုးက လေထဲက ဖယောင်းတိုင်သီချင်းနဲ့ သီဆိုဖျော်ဖြေတာ၊ MMN က ကိုနေလင်းက ကြုံတွေ့ရသော အခက်အခဲတွေကို တင်ပြတာ၊ ကိုမိုးကျော်သူနဲ့ HIVကွန်ရက်များမှKey Message တင်ပြတာ၊ ပရိသတ်တွေအားလုံးက ဖယောင်းတိုင်မီး ထွန်းညှိဆုတောင်းတာ၊ နောက်ဆုံးပိတ်အနေနဲ့ MINA မှ တွဲဖက်အတွင်းရေးမှူး ဦးဟူစိန်ကာဒါက ကျေးဇူးတင်စကားပြောကြားပြီး အကျွေးအမွေးတွေနဲ့ ည့်ခံကျွေးမွေးတာတွေနဲ့ ဆုတောင်းပွဲကို ရုပ်သိမ်းခဲ့ပါတယ်။

HIV / AIDS ရောဂါကင်းစင်သည့် ကျန်းမာပျော်ရွှင်သော လူ့ဘောင်ဘဝသစ်ကို တည်ဆောက်ကြပါစို့လို့ ဆုတောင်း လိုက်ပါတယ်။

# တောင်သူလယ်သမားတွေရဲ့လိုအပ်ချက်အပေါ်မူတည်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အဓိကထုတ်ချေးတာဖြစ်

# မြန်မာ့စီးပွားရေးဘဏ်က ချေးဖို့မလုံလောက်မှသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကယူဖို့ အရန်အဖြစ် စီစဉ်ထား



ဘဏ္ဍာရေး ဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးမောင် မောင်ဝင်း

"မြန်မာ့စီးပွားရေးဘဏ်ကနေ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ထုတ်ချေးမယ့် အတိုင်းအတာငွေပမာဏလိုအပ်ချက် လုံလောက်မှု မရှိတဲ့အခါမှသာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကနေ ချေးယူဖို့ ဆောင်ရွက်ထားတာဖြစ်ပါတယ်။ တကယ်လို့ချေးယူမယ်ဆိုရင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၉၁ အရ ပြည်ထောင်စုလွှတ်တော်ရဲ့အတည်ပြုချက်နဲ့ ဗဟိုဘဏ်ကအစိုးရအဖွဲ့ကို ချေးနိုင်ပါတယ်"ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ဝင်းက ပြောသည်။

မေ လ ၂၃ ရက်နေ့က ကျင်းပသည့်ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ၂၄ ရက်မြောက်နေ့တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၏ စိုက်ပျိုးစရိတ်အတွက် ဗဟိုဘဏ်မှ ထုတ်ချေးမည့် ငွေကျပ် ဘီလီယံ ၅၀၀ ကို ငွေစက္ကူရိုက်နှိပ် ထုတ်ချေးသွားမည်ဟူသည့် ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ သတင်းမီဒီယာများ၏ ရေးသားဖော်ပြချက်များအပေါ် ထိုကဲ့သို့ တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။

"ဘီလီယံ ၅၀၀ ကို ကျွန်တော်တို့ကို ထုတ်ချေးမယ်။ အဲဒီ ပမာဏအထိ ငွေစက္ကူတွေ ရိုက်နှိပ်ထုတ်ဝေချေးရမယ်ဆိုတာ အပြည့်အဝမှန်ကန်မှုမရှိပါဘူး။ တကယ် လိုအပ်လို့ချေးခဲ့ရင်တောင် ဘီလီယံ ၅၀၀ ကို တစ်ချိန်တည်း တစ်ပြိုင်တည်း ချေးယူမှာ မဟုတ်ဘဲ လိုအပ်သလောက်ကိုသာ အလီလီချေးယူတဲ့ ပုံစံမျိုးနဲ့ ရယူမှာဖြစ်ပါတယ်။ ပထမတစ်ခုကို ချေးယူပြီးရင် နောက်ပြန်ဝင်လာတာနဲ့ ပြန်ထေမိတဲ့အခါ နောက်တစ်ခု ထပ်လိုချင်မှ လိုတော့မှာဖြစ်တယ်။ အရင်ယူထားတာကိုလည်း တစ်နှစ်အတွင်း အချိန်မီပြန်ဆပ်နိုင်အောင်ကြိုးစားမယ်၊ ဒီလိုစနစ်နဲ့သွားရင် ငွေစက္ကူတွေရိုက်နှိပ်ချေးယူရမယ်၊ ငွေစက္ကူတွေ ဖောင်းပွမှု ဖြစ်မယ်ဆိုတဲ့ ဖိအားတွေ စိုးရိမ်စရာမလိုတော့ပါဘူး"ဟု ၎င်းက ပြောသည်။

"လယ်ယာမြေဧကများစွာအတွက် ဘဏ္ဍာငွေလိုအပ်ချက်တွေနဲ့ပတ်သက်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တွက်ချက်ပြီး အဆိုပြုတင်ပြပါတယ်။ နှစ်စဉ်အစိုးရအနေနဲ့ လယ်သမားတွေကို ထုတ်ချေးဖို့ဆိုတာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တွက်ချက်တင်ပြတဲ့ ဘဏ္ဍာငွေလိုအပ်ချက်အပေါ်မူတည်ပါတယ်။ ဒီနှစ်အတွက် တစ်ဧကကို တစ်သိန်းခွဲနှုန်းနဲ့ ငွေကျပ် ဘီလီယံ ၁၇၇၆ ဘီလီယံလိုအပ်တယ်လို့ အဆိုပြုထားပါတယ်။ ဒီအဆိုပြုချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လွှတ်တော်မှာ ရှင်းလင်းတင်ပြထားပါတယ်။

"ဒီလိုအပ်ချက်ကို အစိုးရက တာဝန်ယူဖြည့်ဆည်း ဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက် မြန်မာ့စီးပွားရေးဘဏ်က ဖြည့်ဆည်းပေးတာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ အပ်ငွေများများ လက်ခံထားတာမရှိတဲ့အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရန်ပုံငွေနဲ့ မလုံလောက်ပါဘူး။ ဒါကြောင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အတွက် အစိုးရကိုယ်စား မြန်မာ့စီးပွားရေးဘဏ်က ငွေကိုထုတ်ချေးတယ်။ မြန်မာ့စီးပွားရေးဘဏ်ကလည်း လယ်သမားတွေရဲ့အကျိုးစီးပွားအတွက် အစိုးရကသတ်မှတ်ထားတဲ့ အတိုးနှုန်းနဲ့ထုတ်ချေးပါတယ်။ ဒါကြောင့် မြန်မာ့စီးပွားရေးဘဏ်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို တစ်နှစ်ကို အတိုးနှုန်း ၅ ရာခိုင်နှုန်းနဲ့ထုတ်ချေးပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူလယ်သမားတွေကို အတိုးနှုန်း ၈ ရာခိုင်နှုန်းနဲ့ ထုတ်ချေးမှာဖြစ်တယ်။ ချေးငွေတွေဟာ တစ်နှစ်တစ်နှစ် တိုးမြင့်လာတဲ့အတွက် မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ သူတို့ရဲ့အပ်ငွေ လက်ကျန် အခြေအနေ၊ ငွေဝင်ငွေထွက် အခြေအနေတွေကို ကြည့်ရတယ်။ တကယ်လို့ မြန်မာ့စီးပွားရေးဘဏ်သာချေးဖို့မလုံလောက်ခဲ့ရင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေယူဖို့ အရန်အဖြစ် စီစဉ်ထားတာဖြစ်ပါတယ်။ ဘီလီယံ ၅၀၀ လုံးလုံးလည်းယူချင်မှ ယူဖြစ်မှာဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ရဲ့အခြေအနေကိုမူတည်ပြီး လုံးဝမလိုအပ်ရင် လုံးဝမယူပါဘူး"ဟု ၎င်းက ထပ်မံရှင်းပြသည်။

**ဗဟိုဘဏ်ကချေးယူမယ်ဆိုတိုင်း ငွေစက္ကူတွေ မဖြစ်မနေရိုက်ရမယ်လို့ မဆိုလိုပါဘူး။ ဗဟိုဘဏ်အနေနဲ့ ရှိနေတဲ့ အရင်းအမြစ်တွေနဲ့ လုံလောက်တယ်ဆိုရင် ပထမ ထုတ်ချေးပေးမယ်။ အဲဒီမှာ လက်ကျန်အနေနဲ့ မလုံလောက်တော့ဘူးဆိုမှသာ ငွေစက္ကူ ရိုက်နှိပ်မှာ ဖြစ်ပါတယ်။ ငွေစက္ကူရိုက်နှိပ်ဖို့ဆိုတာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ အရ ဗဟိုဘဏ်ကသာ ရိုက်နှိပ်ခွင့်ရှိပြီး ငွေကြေးတည်ငြိမ်မှုရှိအောင်ထိန်းသိမ်းရမယ့် တာဝန်လည်းရှိ**

"မြန်မာ့စီးပွားရေးဘဏ်က မလုံလောက်မှသာ ဗဟိုဘဏ်က ချေးယူမှာဖြစ်တယ်။ နောက်တစ်နည်းက ဗဟိုဘဏ်က မယူရင် အစိုးရအနေနဲ့ ငွေတိုက်စာချုပ်တွေ၊ ငွေတိုက်လက်မှတ်တွေ ထုတ်ရောင်းပြီး သင့်တော်တဲ့အတိုးနှုန်းနဲ့ ယူရင်လည်းရပါတယ်။ ဘွန်းတွေရောင်းချပြီး ဖြည့်ဆည်းတာတွေလည်း ရှိပါတယ်။ အဲဒီမှာ မြင့်မားတဲ့ အတိုးနှုန်းပေးရမယ့် တောင်သူလယ်သမားကို ချေးတဲ့နေရာမှာ အတိုးနှုန်း ၈ ရာခိုင်နှုန်းနဲ့သာ ချေးပေးချင်တဲ့အတွက် မြင့်မားတဲ့အတိုးနှုန်းတွေဟာ အစိုးရအတွက် အရှုံးတွေဖြစ်ပေါ်ပြီး အစိုးရမှာ ဝန်ထုပ်ဝန်ပိုးတွေဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ဗဟိုဘဏ်က ချေးယူဖို့ စီစဉ်ရခြင်း ဖြစ်ပါတယ်။

"ဗဟိုဘဏ်ကချေးယူမယ်ဆိုတိုင်း ငွေစက္ကူတွေ မဖြစ်မနေ ရိုက်ရမယ်လို့ မဆိုလိုပါဘူး။ ဗဟိုဘဏ်အနေနဲ့ ရှိနေတဲ့ အရင်းအမြစ်တွေနဲ့ လုံလောက်တယ်ဆိုရင် ပထမထုတ်ချေးပေးမယ်။ အဲဒီမှာ လက်ကျန်အနေနဲ့ မလုံလောက်တော့ဘူးဆိုမှသာ ငွေစက္ကူရိုက်နှိပ်မှာ ဖြစ်ပါတယ်။ ငွေစက္ကူရိုက်နှိပ်ဖို့ဆိုတာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေအရ ဗဟိုဘဏ်ကသာ ရိုက်နှိပ်ခွင့်ရှိပြီး ငွေကြေးတည်ငြိမ်မှုရှိအောင်ထိန်းသိမ်းရမယ့် တာဝန်လည်း ရှိပါတယ်။ ဝန်ကြီးဌာနအနေနဲ့ တတ်နိုင်သမျှ ဗဟိုဘဏ်ကမချေးယူပါဘူး။ ဗဟိုဘဏ်က ချေးယူတာကို တတ်နိုင်သမျှ လျှော့ချသွားမှာဖြစ်ပါတယ်။ အဲဒီလိုလျှော့ချနိုင်အောင် မြန်မာ့စီးပွားရေးဘဏ်နဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ချေးယူနိုင်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ အဆိုပါ အမြဲတမ်းအတွင်းဝန်က ရှင်းလင်းသည်။

"မနှစ်ကလည်း ဗဟိုဘဏ်ကနေ ဘီလီယံ ၄၀၀ ချေးယူမယ်လို့ ကြိုတင်ညှိနှိုင်းခဲ့ပေမယ့် မယူဖြစ်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာ့စီးပွားရေးဘဏ်ရဲ့အခြေအနေနဲ့ လုံလောက်မှုရှိခဲ့လို့ပါပဲ။ တစ်နှစ်ကလည်း ဗဟိုဘဏ်ကနေ မချေးယူခဲ့ရပါဘူး။ ဒီနှစ်အတွက်လည်း လုံလောက်မှုရှိမယ်လို့ မျှော်မှန်းထားပါတယ်။ တကယ်လို့ မလုံလောက်ခဲ့ရင်ဆိုပြီး ဗဟိုဘဏ်က ချေးယူနိုင်အောင် ဆောင်ရွက်ခြင်းသာဖြစ်ပါတယ်။ ချေးငွေကို တစ်လုံးတစ်ခဲတည်းယူမှာမဟုတ်ဘဲ အလီလီစနစ်နဲ့ ချေးယူဖို့တွေ၊ ထုတ်ယူရင် ဘယ်လောက်၊ ပြန်ဆပ်ရင် ဘယ်လောက်ဆိုတာတွေ၊ တစ်နှစ်အတွင်းမှာ ပြန်ဆပ်ဖို့တွေ၊ အတိုးနှုန်းကို သုံးလတစ်ကြိမ်ပေးဖို့တွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လယ်သမားတွေစိုက်ပျိုးစရိတ် ငွေလုံလောက်အောင် ဖြည့်ဆည်းဖို့ နည်းလမ်းမျိုးစုံနဲ့ စဉ်းစားရမှာဖြစ်ပါတယ်။ ဘဏ္ဍာငွေရရှိနိုင်မှု အရင်းအမြစ်တွေအပေါ် မူတည်သုံးသပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားတွေရဲ့ ချေးငွေလိုအပ်ချက်၊ တစ်ဖက်ကလည်း မြန်မာ့စီးပွားရေးဘဏ်ရဲ့ အပ်ငွေလက်ကျန် အခြေအနေနဲ့ ငွေဝင်ငွေထွက်အခြေအနေပေါ်မူတည်ပြီး လိုအပ်ရင် လိုအပ်သလောက်သာ ဗဟိုဘဏ်ကနေရယူမှာဖြစ်ပါတယ်" ဟု ၎င်းကဆိုသည်။

ခေတ်အဆက်ဆက်အစိုးရအဖွဲ့များ၏ စိုက်ပျိုးစရိတ်ချေးငွေ ပုံမှန်ထုတ်ချေးနိုင်ခဲ့မှုများနှင့် စပ်လျဉ်း၍လည်း ၎င်းက"ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကထားတဲ့နိုင်ငံဖြစ်တဲ့အတွက် ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်အနေနဲ့ စိုက်ပျိုးရေးလုပ်ကိုင်တဲ့ တောင်လယ်သမားတွေကို စိုက်ပျိုးစရိတ်ချေးငွေတွေ ထုတ်ချေးခဲ့ပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်၊ တော်လှန်ရေးကောင်စီအစိုးရခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရခေတ်၊ ဒီမိုကရေစီခေတ်၊ ပြီးခဲ့တဲ့ အစိုးရသက်တမ်းကာလတွေမှာ ပုံမှန်ထုတ်ချေးခဲ့ကြတာဖြစ်ပြီး အခုလက်ရှိ အစိုးရလက်ထက်မှာလည်း ပုံမှန်ထုတ်ချေးနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။

"တောင်သူလယ်သမားတွေရဲ့လိုအပ်ချက်ပေါ် မူတည်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ အဓိက တာဝန်ယူထုတ်ချေးတာဖြစ်ပါတယ်။ ထုတ်ချေးတဲ့နေရာမှာ အဓိက ချေးငွေသုံးမျိုးခွဲခြားပြီး ထုတ်ချေးတယ်လို့သိရပါတယ်။ အဓိကချေးငွေကတော့ စပါးစိုက်မယ့်ရာသီကို ကိုက်ညှိပြီးချေးတဲ့ မိုးချေးငွေဖြစ်ပြီး ကျန်တာက မိုးကြိုချေးငွေ၊ ဆောင်းချေးငွေတွေ ဖြစ်ပါတယ်။ ချေးငွေနှုန်းသတ်မှတ်ချက်ကတော့ နှစ်အလိုက်ပြောင်းလဲမှုတွေရှိပါတယ်။ မနှစ်က ချေးငွေဆိုရင် တစ်ဧကကို တစ်သိန်းနှုန်း ချေးခဲ့ပြီး အခု ၂၀၁၆-၂၀၁၇ မှာ တစ်ဧကကို တစ်သိန်းခွဲနှုန်း ထုတ်ချေးဖို့စီစဉ်ဆောင်ရွက်ထားပါတယ်"ဟုပြောသည်။

**မင်းမင်းဇော် (ကလေး)**

❖ *ကျော့ဖုံးမှ*

ဘဝရပ်တည်နိုင်အောင် ကူညီသွားမည်ဖြစ်သော်လည်း လိမ်လည်၍သော်လည်းကောင်း၊ ရာဇဝတ်မှုတစ်ခုခု ကျူးလွန်ပြီး ကျူးအဖြစ်လာရောက်နေထိုင်သူများကို လည်းကောင်း တည်ဆဲဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ယနေ့ မေ ၂၅ ရက်မှ စတင်ကာ တိုင်းဒေသကြီးအတွင်း ထပ်မံကျူးကျော်မှုများကို ဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိမ်းက ပြောသည်။

"တကယ်ကို နေစရာမရှိလို့ အခက်အခဲဖြစ်နေတဲ့သူတွေအတွက် ဆောင်ရွက်ပေးဖို့ စီမံထားပါတယ်။ နိုင်ငံတော်မှာလည်း တာဝန်ရှိပါတယ်။ ဒီတာဝန်ကို အခုအစိုးရသစ်က တာဝန်ယူရမှာဖြစ်တယ်။ "အခုဆိုရင် စာရင်းကောက်တာ စတင်တော့မှာပါ။ ဒါဟာ ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးရေးသုတေသနစီမံကိန်းတစ်ရပ်ဖြစ်တယ်။ အလုပ်လည်းလာလုပ်ချင်တယ်။ အလုပ်လည်းမရှိဘူး။ နေစရာလည်းမရှိဘူး။ ဘဝပေးအခြေအနေက မြင်တာနဲ့သိသာပါတယ်။ ဒီလူတွေဟာ စားစရာမရှိဘူး။ ဘဝဟာ ဆင်းရဲတယ်ဆိုရင် ကျွန်တော်တို့အစိုးရအနေနဲ့ အမှန်တကယ်ကူညီပေးသွားမှာပါ။ ဒါပေမယ့် ဒီနောက်ကွယ်မှာ မင်းမဲ့စရိုက်ဆန်ဆန် စီးပွားရှာနေတဲ့ အခြေအနေတစ်ခုရှိပါတယ်။ ဒီအခြေအနေကတော့ တည်ဆဲဥပဒေအရ ထိထိရောက်ရောက် အရေးယူရပါမယ်။ ဒီအထဲမှာ နိုင်ငံရေးပါတီတွေကလည်း ပါနေပါတယ်။ အခုစာရင်းကောက်ခံမှုဟာ တကယ်နေစရာမရှိလို့ အခက်အခဲဖြစ်နေတဲ့ သူတွေအတွက်ပါ"ဟု ဝန်ကြီးချုပ်က ပြောသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စာရင်းကောက်ခံရာတွင်လည်း စနစ်တကျ စာရင်းကောက်ခံပြီး ၎င်းတို့ရဲ့ နောက်ကြောင်းရာဇဝင်ကို ပြန်လိုက်မည် ဖြစ်ကြောင်းနှင့် ဝမ်းရေးအတွက် အမှန်တကယ်လာနေလျှင် အနေအထိုင်၊ အလုပ်အကိုင်ကအစ ကူညီမည်ဖြစ်ပြီး နောက်ကြောင်းမရှင်း၊ ရာဇဝတ်မှုကျူးလွန်သူများကို အသိတရားဖြင့် နောက်ဆုတ်ခိုင်းမှုများ ကနဦးပြုလုပ်သွားမည်ဖြစ်ပြီး မရရှိပါက တည်ဆဲဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။ ယခုအခါ တိုင်းဒေသကြီးအတွင်း ကျူးကျော်နေထိုင်သည့် ခန့်မှန်းစာရင်းများအရ အရှေ့ပိုင်းခရိုင်တွင် အိမ်ခြေလေးသောင်းကျော်၊ အိမ်ထောင်စု ကိုးသောင်းကျော်နှင့် လူဦးရေ တစ်သိန်းငါးသောင်းကျော်၊ အနောက်ပိုင်းခရိုင်တွင် အိမ်ခြေနှစ်ထောင်ကျော်၊ အိမ်ထောင်စုနှစ်ထောင်ကျော်နှင့် လူဦးရေရှစ်ထောင်ကျော်၊ တောင်ပိုင်းခရိုင်တွင် အိမ်ခြေနှစ်သောင်းကျော်၊ အိမ်ထောင်စု နှစ်သောင်းကျော်နှင့် မြောက်ပိုင်းခရိုင်တွင် အိမ်ခြေလေးသောင်းကိုးထောင်ကျော်၊ အိမ်ထောင်စုငါးသောင်းကျော်နှင့် လူဦးရေ တစ်သိန်းခုနစ်သောင်းကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။

ကျူးကျော်စာရင်းများကောက်ခံရာတွင် နယ်မြေများကို ဒေသန္တရအမိန့်များ ထုတ်ပြန်ကာ စာရင်းကောက်မည့်အဖွဲ့များ လုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် လိုအပ်လာလျှင် ပြည်ထောင်စုအဆင့်ကို လမ်းညွှန်မှု ခံယူသွားမည်ဖြစ်ပြီး ပြည်ထောင်စုကနေအရေးပေါ် ကြေညာနိုင်ရန်လည်း တစ်ဆက်တစ်စပ်တည်းလုပ်ဆောင်သွားမည်ဖြစ်ကာ လိုအပ် လျှင်တရားရုံးကတစ်ဆင့် ချက်ချင်းထောင်ချနိုင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

**(မြန်မာ့အလင်း)**

## ဟားခါးမြို့၌ ကျောင်းအပ်နှံရေး စတင်လက်ခံ၊ ကျောင်းဝတ်စုံနှင့် ပြဋ္ဌာန်းစာအုပ်များ အခမဲ့ထောက်ပံ့

**ဟားခါး မေ ၂၅**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးအစီအစဉ်များကို တစ်နိုင်ငံလုံးတွင် မေ ၂၅ ရက်မှစတင်လက်ခံဆောင်ရွက်လျက်ရှိရာ ဟားခါးမြို့ရှိ အခြေခံပညာ ကျောင်းများတွင်လည်း ယနေ့နံနက် ၉ နာရီမှစတင်၍ သက်ဆိုင်ရာ ကျောင်းအသီးသီး၌ ကျောင်းအပ်နှံရေးစတင်လက်ခံဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ကျောင်းအပ်နှံရေးအစီအစဉ်တွင် သူငယ်တန်း(KG)အတွက် ကျောင်းဝတ်စုံတစ်စုံစီ၊ မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံတစ်စုံ၊ ဗလာစာအုပ်ခြောက်အုပ်စီနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံစီ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံစီကို အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေးများ ကင်းလွတ်ခွင့်ရရှိသည့်အတွက် ကျောင်းသားမိဘများက စိတ်ချမ်းမြေ့ပျော်ရွှင်စွာ သားသမီးများကို ကျောင်းအပ်နှံခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများ စာရင်းစတင်လက်ခံ

**ပူတာအို မေ ၂၅**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ကျောင်းသားကျောင်းသူများစာရင်း စတင်လက်ခံခြင်းကို မေ ၂၅ ရက် နံနက် ၉ နာရီမှစတင်၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၉၃ ကျောင်းတွင် တစ်ပြိုင်တည်း ကျောင်းအပ်လက်ခံနေပြီဖြစ်ကြောင်း သိရသည်။

ပူတာအိုမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ အထက်တန်းကျောင်းခွဲ ခြောက်ကျောင်း၊ အလယ်တန်းကျောင်းလေးကျောင်း၊ အလယ်တန်းကျောင်းခွဲ ခြောက်ကျောင်း၊ မူလတန်းလွန်ကျောင်း ကိုးကျောင်း၊ မူလတန်းကျောင်း ၆၂ ကျောင်း၊ မူလတန်းကျောင်းခွဲ တစ်ကျောင်း၊ တွဲဖက်မူလတန်းကျောင်း နှစ်ကျောင်းတွင် ပညာသင်ကြားမည့် ကျောင်းသားကျောင်းသူများစာရင်းကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ နေ့စဉ်ကျောင်းအပ်လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ပြည်သူ့ကောင်စီဥပဒေနှင့် နိုင်ငံတော်ကောင်စီဥပဒေတို့ကိုရုပ်သိမ်းသည့် ဥပဒေကြမ်းများ ပြင်ဆင်ချက်မရှိ အတည်ပြု

**နေပြည်တော် မေ ၂၅**

**ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**တို့ကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ရာ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ပြည်သူ့လွှတ်တော်က ယနေ့ကျင်းပသည့် အစည်းအဝေး ၃၂ ရက်မြောက်တွင် ပြင်ဆင်ချက်မရှိ အတည်ပြုလိုက်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က **ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**တို့ကို ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာခဲ့သည်။

ယနေ့အစည်းအဝေးတွင် တန့်ဆည် မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ **ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် ဝက်တိုးကျေးရွာအနီးရှိ ဝက်တိုးစိုက်ကွင်း မြေဧက ၄၀၀၀ နီးပါးကို နိုင်ငံတော်၊ ဒေသခံပြည်သူများနှင့် သိမ်းဆည်းခံလယ်သမားများ အကျိုးရှိအောင် မည်သို့ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုကြောင်း** မေးမြန်းချက်အပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ဝက်တိုးစိုက်ကွင်းရှိ ဧရိယာ ၃၇၂၆ ဧကကို နိုင်ငံပိုင်စိုက်ကွင်းအဖြစ် သတ်မှတ်ဖော်ထုတ်ခဲ့ပါကြောင်း၊ စိုက်ပျိုးနိုင်သောဧရိယာ ဧက ၁၃၀၀၊ ဖော်ထုတ်ခြင်းမပြုရသေးသော ဧရိယာ ၂၀၃၁ ဧကနှင့် မစိုက်ပျိုးနိုင်သော ဧရိယာ ၃၉၅ ဧကရှိပါကြောင်း၊ ၃၇၂၆ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ရရှိထားပြီးဖြစ်ပါကြောင်း။



**တန့်ဆည် မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း မေးမြန်းစဉ်**

၂၀၁၅-၂၀၁၆ ခုနှစ်တွင် စုစုပေါင်း ဧရိယာ ၄၃၅ ဧကမှ သီးနှံမျိုးကောင်းမျိုးသန့် မျိုးစေ့များ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်နှင့် တောင်သူများ အကျိုးရှိအောင် ဧက ၁၂၀၀ ကို မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်နိုင်ရေးအတွက် ဌာနအစီအစဉ်ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍လည်းကောင်း စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စုစုပေါင်း ၃၇၂၆ ဧကသည် တောင်သူများထံမှ သိမ်းဆည်းထားခြင်း မဟုတ်ပါကြောင်း၊ ဌာနမှတာဝန်ယူဆောင်ရွက်နိုင်သည့် ဧက ၁၂၀၀ ကိုသာ ဆက်လက်တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ပြီး ကျန်ရှိသော ၂၅၂၆ ဧကကို နိုင်ငံတော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်အပ်နှံပြီး ဒေသခံတောင်သူများ တရားဝင်လုပ်ကိုင်နိုင်ရေး စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်၏ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဖွံ့ဖြိုးမှုရန်ပုံငွေဖြင့် မိုးကုတ်မြို့အင်းကြီးအား ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းပြီးပြတ်မှုမရှိသေးသည်ကို ဆက်လက်ဆောင်ရွက်ရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍လည်း ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက မိုးကုတ်အင်း သဲနုန်းတူးဖော်ခြင်းနှင့် အခြားလိုအပ်သည့် ဆက်စပ်လုပ်ငန်းများကို သီးသန့်ရန်ပုံငွေကျပ်သန်း ၁၉၁၀ တင်ပြတောင်းခံ၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ မိုးကုတ်အင်း ပြန်လည်ပြုပြင်ခြင်းဖြင့် မူလရေသိုလှောင်နိုင်သော ပမာဏ ၂၀၃ ဧကပေခန့်မှ ဧကပေ ၆၀၀ ခန့်အထိ ပိုမိုသိုလှောင်နိုင်ပြီဖြစ်ပါကြောင်း။

မိုးကုတ်အင်း၌ ကန်တွင်းသဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်မြေဖို့ခြင်း၊ ကန်ပေါင်အတွင်းဘက် ရေလှိုင်းကာကျောက်ရိုးစီခြင်း၊ ကန်ပေါင်ထိပ်ပြင် ခဲစာခင်းခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်းနှင့် ရေဝင်အဆောက်အအုံတည်ဆောက်ခြင်း၊ ကန်ပေါင်ထိပ်ပြင်၊ အလျောနှင့်အောက်ခြေတို့တွင် ရေဆင်းမြောင်းများ ပြုလုပ်ခြင်း၊ ကန်ပေါင်ပေါ်သို့တက်ရန် လှေကားများပြုလုပ်ခြင်း လုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်ခဲ့ပါကြောင်း။

မိုးကုတ်အင်းဧရိယာနှင့်ဆက်စပ်၍ဆောင်ရွက်ရမည့် ရေဆိုးထုတ်မြောင်းအလျား ပေ ၂၆၅၀၊ ထိပ်ဝအကျယ် ၁၂ ပေ တူးဖော်ပြုပြင်ခြင်းလုပ်ငန်းအား ခန့်မှန်းခြေစာရင်းတွင် ပါဝင်ခြင်းမရှိသော်လည်း ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရေပိုလွှဲအထွက်မြောင်းနှင့် ဆက်စပ်လျက်ရှိသော ရေဆိုးထုတ်မြောင်းအလျားပေ ၁၀၀၀ ခန့်မှာ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့များ၏ စီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း။

## ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းတို့ကို ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်

ကန်ပေါင်ပေါ်တွင် လမ်းမီးတိုင်စိုက်ထူခြင်း၊ သံဆန်ခါကာရံခြင်း၊ ရေပိုလွှဲအထွက်မြောင်း၊ ရေဆိုးထုတ်မြောင်း တူးဖော်ခြင်းနှင့် မိုးကုတ်အင်း ရေရှည်ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများသည် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆက်လက်စီမံဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

# ရွှေဘိုမြို့တွင် မြို့ရှောင်ကွင်းလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းမည်

**နေပြည်တော် မေ ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ကို မေ ၂၆ ရက် နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီး ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန်၏ ကံမမြို့နယ် မဒေးချောင်း မီးရထားလမ်းကူးတံတားသည် ရထားလမ်းနှင့် ကားလမ်းမှာ ပေါက်ပြဲပျက်စီးနေပြီး အန္တရာယ်ရှိနေပါသဖြင့် မိုးမကျမီ အလျင်အမြန် ပြင်ဆင်ပေးရန် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်၏ ရွှေဘိုမြို့တွင် မြို့ရှောင်ကွင်းလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း၊ ရခိုင်ပြည်နယ် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသိန်း၏ (မင်းပြား-မြေပုံ) မြို့ချင်းဆက်လမ်းပေါ်တွင် ပေ ၁၃၈၀ ရှည်သည့် ကြပ်စင်မြစ်ကူးတံတားတစ်စင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၄၉၂ ဒသမ ၅ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၉၃၈ ဒသမ ၅၉၁ သန်းခွင့်ပြုပြီး တည်ဆောက်ခဲ့ရာ တံတားလုပ်ငန်းတစ်ခုလုံး၏ ၁၇ ရာခိုင်နှုန်းခန့်သာ ပြီးစီးသေးကြောင်းသိရှိရပါသဖြင့် (မင်းပြား-မြေပုံ) လမ်းအား ကတ္တရာလမ်းခင်းမည့်အစီအစဉ်၊ ကြပ်စင်မြစ်ကူးတံတားဆောက်လုပ်မည့်အစီအစဉ်နှင့် ပြီးဆုံးနိုင်မည့်ခုနှစ်၊ ဤကဲ့သို့ နှစ်ပေါင်းများစွာ အချိန်ယူတည်ဆောက်နေရခြင်း အကြောင်းအရင်း၊ တံတားပြီးမြောက်ရေးအတွက် လာမည့်ဘဏ္ဍာနှစ်များတွင် ဘတ်ဂျက်ခွင့်ပြုငွေကို တိုးချဲ့ချပေးရန် အခြေအနေ ရှိ၊ မရှိတို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းတို့ မေးမြန်းဖြေကြားခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို မေ ၂၆ ရက် နံနက်ပိုင်းတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄) မှ ဦးဇုန်လှယ်ထန်း၏ ဖလမ်းမြို့ပေါ်တွင် ရေအလုံအလောက် ရရှိနိုင်ရန်အတွက် လိုင်ဗားရေလှောင်တမံမှ ပိုက်လုံးကြီးများဖြင့် ရေသွယ်ယူပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိမေးခွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ ရသေ့တောင်မြို့နယ် မိညိုထောင့်ကျေးရွာ၊ ကမ်းပိုင်(ရေချိုတမံ)ကို ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းတို့ မေးမြန်းဖြေကြားခြင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်းတို့ ဆောင်ရွက်မည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

■ *ကျောဖုံးမှ*

တက်ရောက်၍ စိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ တောင်တက်အဖွဲ့အနေဖြင့် ယခင်နှစ်က တစ်ကြိမ်နိုင်ငံကိုယ်စားပြုအလံစိုက်ထူနိုင်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ပေ။ ယခုဒုတိယအကြိမ်တွင်လည်း တောင်တက်သမားသုံးဦးဖြစ်သည့် ကိုပြည့်ဖြိုးအောင်၊ ကိုဝင်းကိုကိုနှင့် ကိုညီညီအောင်တို့ သုံးဦး တက်ရောက်ရန် ကြိုးစားခဲ့သော်လည်း ကိုညီညီအောင်မှာ ဆရာဝန်များ၏ ဆေးစစ်ချက်အရ ကျန်းမာရေးအခြေအနေကြောင့် တောင်ထိပ်သို့ တက်ရောက်အလံစိုက်ထူနိုင်မှုမှ ကျန်ရစ်ခဲ့ရသည်။ ယင်းတောင်တက်အဖွဲ့သို့ ထူးကုမ္ပဏီအနေဖြင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ ဝန်းကျင် အကုန်အကျခံကာ အားပေးကူညီထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် အောင်မြင်စွာဖြင့် ရောက်ရှိလာသော တောင်တက်သမားနှစ်ဦးနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။ ယင်းကြိုဆိုမှုတွင် ဝမ်းသာမဆုံးဖြစ်နေသည့် မိသားစုဝင်များ၏ ရင်တွင်းပီတိစကားသံများနှင့် တောင်တက်အသင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများအား မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် တွေ့ဆုံမေးမြန်းမှုများကို ရေးသားဖော်ပြလိုက်ပါသည်။

**ဒေါ်အက်စတာကြည်ဝင်း (ကိုပြည့်ဖြိုးအောင်၏ မိခင် )**

“ဘယ်သူမှ မရောက်နိုင်တဲ့နေရာကို သားအနေနဲ့ ခြေချနိုင်ခဲ့တယ်ဆိုတော့ မြန်မာနိုင်ငံအတွက်လည်း ဂုဏ်ယူသလို မိသားစုအတွက်လည်း အလွန်ပဲဂုဏ်ယူပါတယ်။ ၁၀ တန်းအောင်ကတည်းက ပျော့ညံ့တဲ့ယောကျ်ားမဖြစ်အောင် ဒီခြေလျင်နှင့် တောင်တက်အသင်းကို အန်တီကိုယ်တိုင်ပဲ ဝင်ခိုင်းခဲ့တာပါ။ သူက အငယ်ဆုံးသားဖြစ်ပါတယ်။ အစ်မတွေကြားမှာ သူတစ်ယောက်ပဲကျန်ခဲ့တာပါ။ အခုလို သားရဲ့အောင်မြင်မှုကို ပြည်သူတွေကလည်း ဝမ်းပန်းတသာကြိုဆိုကြတာမြင်တော့ တော်တော်လေးကို ပျော်ပါတယ်။ ဒီသားအတွက်လည်း ဝမ်းသာမဆုံးဖြစ်မိပါတယ်”ဟုပြောသည်။

**ဒေါ်တင်စုနိုင် (ကိုဝင်းကိုကို၏ မိခင်)**

“တောင်တက်အားကစားနည်းက မြန်မာနိုင်ငံမှာ သိပ်မဖွံ့ဖြိုးသေးပေမယ့် နိုင်ငံတော်နဲ့ယှဉ်ပြီးတော့ အခုလိုတက်ရောက်အောင်မြင်မှုကို ပြည်သူတွေအနေနဲ့ အားပေးကြိုဆိုတာတွေ့ရတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ဒါဟာ နိုင်ငံတကာလို တောင်တက်အားကစားနည်းဟာ မြန်မာနိုင်ငံမှာ ပြန့်ပွားပြီးတော့ တိုးတက်ထွန်းကားလာမယ့် လမ်းစပါ။ အဲဒီအတွက်လည်း အတိုင်းမသိဝမ်းသာပါတယ်။ အန်တီအနေနဲ့ကတော့ သားဝါသနာကို အမြဲအားပေးတယ်။ သူက ဘယ်အလုပ်ပဲဖြစ်ဖြစ် အောင်မြင်အောင် နှစ်မြှုပ်ပြီးတော့လုပ်တာ။ အန်တီကလည်း တစိုက်မတ်မတ် အားပေးခဲ့တယ်။ အဲဒါကြောင့် မိခင်တစ်ယောက်အနေနဲ့ ဝမ်းသာတယ်။ ဂုဏ်ယူတယ်။ တိုင်းပြည်နဲ့လူမျိုးအတွက် မှတ်တိုင်တစ်ခုကို စိုက်ထူခဲ့ပြီဆိုပြီးတော့ နိုင်ငံဂုဏ်ကိုဆောင်နိုင်တဲ့အတွက် ပြောမပြတတ်အောင်ပါပဲ”ဟု ပြောကြားသည်။






**ဒေါ်အက်စတာကြည်ဝင်း (ဝဲ)နှင့် ဒေါ်တင်စုနိုင်တို့ မီဒီယာများ မေးမြန်းမှုကို ဖြေကြားစဉ်**
ဓာတ်ပုံ - မင်းထက် (မြန်မာ့အလင်း)

**ဦးပေါ်မြင့်ဦး (ထူးဖောင်ဒေးရှင်း အမှုဆောင်အရာရှိ)**

“အခုလို နိုင်ငံဂုဏ်ဆောင်နိုင်ခဲ့တဲ့ တောင်တက်သမားနှစ်ဦးကို ဒီနေ့လာကြိုပြီးတော့ သန်ဘက်ခါမှာ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်မှာ မီဒီယာရှင်းလင်းပွဲ ၁ နာရီလုပ်မယ်။ ညနေ၆နာရီမှာ ဂုဏ်ပြုညစာစားပွဲလုပ်မယ်။ညနေပိုင်းမှာလည်း နိုင်ငံတော်အကြီးအကဲတွေက ဖိတ်ထားပါတယ်။ ဂုဏ်ပြုပွဲလေး လုပ်ပေးမှာပါ။ နိုင်ငံ့ဂုဏ်ဆောင်နိုင်တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ နောင်လည်း ကျွန်တော်တို့အနေနဲ့ အခုလို နိုင်ငံဂုဏ်ဆောင်နိုင်မယ့် တောင်တက်သမားတွေကို အားပေးကူညီမှုတွေ ဆက်လက်လုပ်ဆောင်ပေးနေဦးမှာပါ”ဟု ပြောကြားသည်။

**ဦးနေစိုးမောင် (မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်ဥက္ကဋ္ဌ )**

“ကျွန်တော်တို့ မြန်မာနိုင်ငံတောင်တက်သမားတွေအနေနဲ့ ဒီကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင်ထိပ်ကို ပြီးခဲ့တဲ့နှစ်ပိုင်းမှာ ကြိုးစားခဲ့ပေမယ့်လည်း မအောင်မြင်ခဲ့ပါဘူး။ ဒီနှစ်မှာတော့ တောင်တက်အဖွဲ့ဝင်တွေရဲ့ ကြိုးစားမှု၊ ကြံ့ခိုင်မှု၊ ထူးဖောင်းဒေးရှင်းရဲ့ ကူညီထောက်ပံ့မှုတွေနဲ့ ရာသီဥတုရဲ့အခြေအနေပေးမှုကြောင့် အောင်မြင်စွာတက်ရောက်နိုင်ခဲ့ပါပြီ။ ကျွန်တော်တို့အနေနဲ့ အခုလို တောင်တက်အားကစားကို စိတ်ဝင်စားသူအများစုပါဝင်ပြီးတော့ လုပ်ဆောင်နိုင်ဖို့ တောင်တက်အဖွဲ့ချုပ်က နောက်ထပ်လည်းကြိုးစားနေတယ်။ တောင်တက်တဲ့သူက သာမန်အားဖြင့်တော့ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ဖို့ပဲ လိုမယ်ထင်ကြတယ်။ ဒါတွေအပြင် အများကြီးလိုပါတယ်။ တောင်တက်အဖွဲ့ချုပ်အနေနဲ့က အခုလိုအောင်မြင်တဲ့တောင်တက်သမားတွေကို အားပေးမယ်။ ဆက်လက်လည်း အားပေးသွားမှာပါ။ ခုဆိုရင် တကယ်လုပ်နိုင်တဲ့သူတွေကို ပြန်စုစည်းနေပါတယ်။ တောင်တက်မျိုးဆက်သစ်လူငယ်တွေ အဖွဲ့ချုပ်ကို ဆက်သွယ်ပါ။ စိတ်ဓာတ်ကြံ့ခိုင်အောင်၊ သွားရေးလာရေးကအစ ကူညီပေးပါမယ်။ နိုင်ငံတကာကဲ့သို့ ကျွန်တော်တို့က ကူညီပေးနေပါတယ်”ဟု ပြောသည်။

ယနေ့အောင်မြင်စွာ ရောက်ရှိလာသော ခြေလျင်နှင့်တောင်တက်အဖွဲ့ဝင်များအား ကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင် အနားယူစေပြီး မေ ၂၇ ရက် မွန်းလွဲ ၁နာရီတွင် မီဒီယာရှင်းလင်းပွဲပြုလုပ်ကာ ယင်းနေ့ညနေ ၆နာရီတွင်လည်း နိုင်ငံတော်အကြီးအကဲများက ဂုဏ်ပြုညစာစားပွဲများဖြင့် ဂုဏ်ပြုဧည့်ခံမည်ဖြစ်သည်။ မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အသင်းအဖွဲ့ချုပ်နာယက ဦးတေဇကလည်း အောင်မြင်ခဲ့သော တောင်တက်အဖွဲ့ကို ထူးထူးခြားခြားဂုဏ်ပြုမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် မေ ၂၅**

**ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ယနေ့ကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်သွင်းခဲ့သည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

အဆိုပါ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင်တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေးက ရှင်းလင်းတင်ပြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ၁၉၉၀ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် (၁၁/၁၉၉၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဇယား(၂)နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် ရုပ်သိမ်းသင့်ကြောင်း ပါရှိသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့လာသည့် **လျှပ်စစ်နည်းဥပဒေများ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများ**နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်ကျော်က မြောက်ဦးမြို့နယ် လက်ပံတောကျေးရွာ ကြိုးတံတား ပြုလုပ်ရန် လိုအပ်ငွေကျပ် သန်း ၅၀ ကို ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ထည့်သွင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လက်ပံတောကျေးရွာ ကြိုးတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းပေါ်ရှိ တံတားမဟုတ်ဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် လမ်းပေါ်ရှိတံတားဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေ၌ ထည့်သွင်းတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်က ဥပဒေကြမ်းများပါ လွှတ်တော်ကိုယ်စားလှယ်လစ်လပ်မှုအတွက် ရွေးကောက်ပွဲကျင်းပမည့် အချိန်ကန့်သတ်မှုအား ပြန်လည်စဉ်းစားပေးပါရန် အကြံပြုဆွေးနွေးသည်။



**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ခင်မောင်အေး ရှင်းလင်းတင်ပြစဉ်**

လွှတ်တော်ကိုယ်စားလှယ်၏ အကြံပြုဆွေးနွေးမှုအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

အမျိုးသားလွှတ်တော် အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို မေ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် မေ ၂၅**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် ဥရောပသမဂ္ဂ (EU) သံအမတ်ကြီး မစ္စတာ ရိုလန် ကိုဘီယာအား ယနေ့ ညနေ ၄ နာရီတွင် လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-5) ၌တွေ့ဆုံပြီး ဥရောပသမဂ္ဂနိုင်ငံများက မြန်မာနိုင်ငံကို အကူအညီပေးနေသောကိစ္စများ၊ အထူးသဖြင့် လွှတ်တော်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည် မြှင့်တင်ရေးကို ဥရောပသမဂ္ဂအနေဖြင့် ဆက်လက်ကူညီရေးကိစ္စရပ်များ၊ ဥရောပနိုင်ငံရေးနှင့် ပတ်သက်သောကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## မိုးသက်လေပြင်းများကျ၍ လှိုင်းကြီးမည်

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**(မိုး/ဇလ)**

## မြန်မာနိုင်ငံအတွင်း ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၅**

ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးခင်အေးသည် Asian Development Bank (ADB) မှ Country Director, Mr. Winfried Wicklein နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ်(I-7) ၌တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်း ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြစေတီ (ရာဇကုမာရ်) ကျောက်စာတိုင်အား ကြည့်ရှုစဉ်

## အထူးကုန်စည်ခွန်တွင် ကျောက်စိမ်းကျောက်မျက်ကဏ္ဍ ထည့်သွင်းခြင်းမပြုရန် လွှတ်တော်သို့ တင်ပြထား

**မန္တလေး မေ ၂၅**

အထူးကုန်စည်ခွန်တွင် ကျောက်စိမ်းကျောက်မျက်ကဏ္ဍထည့်သွင်းထားခြင်းအတွက် နစ်နာမှုများရှိနေခြင်းကြောင့် ထည့်သွင်းခြင်းမပြုရန် လွှတ်တော်သို့ တင်ပြထားကြောင်း မေ ၂၅ ရက် နံနက်ပိုင်းက ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) ၌ ကျင်းပသည့် အခွန်ဥပဒေများ အသိပညာပေးရှင်းလင်းပွဲမှ သိရသည်။

ကျောက်မျက်ရတနာရောင်းဝယ်မှုအား အရက်၊ ဘီယာ၊ ဆေးလိပ်များကဲ့သို့ ထိခိုက်မှုရှိသောကုန်ပစ္စည်းတစ်ခုအဖြစ်သတ်မှတ်၍ အထူးကုန်စည်ခွန်အဖြစ် ပြည်တွင်းအခွန်များဦးစီး ဌာနက ထည့်သွင်းအခွန်ကောက်ခံပြီး ပြစ်ဒဏ်များလည်း တန်းတူသတ်မှတ်ထားခြင်းကြောင့် အထူးကုန်စည်တွင် ထည့်သွင်းခြင်းမပြုရန် လွှတ်တော်သို့ တင်ပြထားခြင်းဖြစ်ကြောင်း ကျောက်မျက်အသင်းဝင်တစ်ဦးက ပြောသည်။

“ကျောက်မျက်ဆိုတာရတနာတစ်ပါးဖြစ်ပါတယ်။ ဆေးလိပ်၊ အရက်၊ ဘီယာ၊ ကွမ်းစားဆေးတွေလို လူနဲ့ပတ်ဝန်းကျင်ကို ထိခိုက်တာမဟုတ်ဘူး။ တန်ဖိုးထားအသုံးပြုတဲ့ ရတနာပစ္စည်းပါ။ ပြစ်ဒဏ်မှာလည်း အတူတူဖြစ်နေလို့ ကျောက်မျက် ကုန်သည်တွေမှာ နစ်နာစေပါတယ်” ဟု ၎င်းက ပြောသည်။

အထူးကုန်စည်အဖြစ် သတ်မှတ်ထားသည့်အမျိုးအစားများမှာ စီးကရက်အမျိုးမျိုး၊ ဆေးရွက်ကြီး၊ ဗာဂျီးနီးယားပေါင်းတင်ပြီး ဆေး၊ ဆေးလိပ်၊ ဆေးတံသောက်ဆေး၊ ကွမ်းစားဆေးများ၊ အရက်၊ ဘီယာ/ ဝိုင်များ၊ ကျွန်းသစ်၊ သစ်မာနှင့် ခွဲခြမ်းများ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ စသည့်တွင်းထွက် ရတနာများ၊ ယင်းရတနာများမှ ထုတ်လုပ်သည့်အချောထည်များ၊ စက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့စသည့် အမျိုးပေါင်း ၁၆ မျိုးရှိကြောင်း သိရသည်။

“ဥပဒေအရ အထူးကုန်စည်ခွန်ထဲမှာ ကျောက်မျက်ရတနာကို ထည့်ထားလို့ ကျွန်တော်တို့ အခွန်အကောက်ဥပဒေအရ ရှင်းပြတာပါ။ မပါရင် ရှင်းပြစရာမလိုဘူး။ ဥပဒေကို အကောင်အထည်ဖော်ရတာပဲဖြစ်ပါတယ်။ ဆိုင်းငံ့တာ၊ ပြင်ဆင်တာ ကျွန်တော်တို့ လုပ်လို့မရဘူး” ဟု ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးတင်သွေးက ပြောသည်။

အခွန်ဌာနအနေဖြင့် ကျောက်မျက်ရတနာကုန်သည်များ၊ အဖွဲ့အစည်းများ၏ တင်ပြချက်များကို အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ တင်ပြပေးရန်သာရှိကြောင်း၊ ကျောက်မျက်တူးဖော်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည် ဆိုသောအချက်ဖြင့် အထူးကုန်စည်စာရင်းတွင် ထည့်သွင်းကာ အထူးကုန်စည်ခွန် ကောက်ခံခြင်းဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်**

## စဉ့်ကိုင်မြို့နယ်၌ ကျောင်းအပ်နှံမှုစတင်

**စဉ့်ကိုင် မေ ၂၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၅ ရက် နံနက်က စဉ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ တိုင်းဒေသကြီးကိုယ်စားလှယ် ဦးလှိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေနှင့် မြို့နယ်ပညာရေးမှူးတို့က ကျောင်းအပ်နှံ ရေးကျင်းပရခြင်းရည်ရွယ်ချက် ပညာရေးနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများ ကျောင်းစတင်အပ်နှံနေမှုများကို ကြည့်ရှုကြောင်း သိရသည်။

(**မြို့နယ် ပြန်/ဆက်**)

❒ ***ရှေ့ဖုံးမှ***

သုတေသနပြတိုက် ပုဂံခေတ်စာပေပြခန်း အတွင်းရှိ မြစေတီ(ရာဇကုမာရ်) ကျောက်စာနှင့် မြင်းကပါရပ်ကွက် မြစေတီ ဘုရားရင်ပြင်တော်ပေါ်ရှိ မြစေတီ (ရာဇကုမာရ်) ကျောက်စာတို့၏ရှေ့၌ စိုက်ထူထားသည့် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် အထိမ်းအမှတ် လိုဂိုကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ပုဂံမြို့ဟောင်းရှိ မြစေတီ (ရာဇကုမာရ်) ကျောက်စာသည် အေဒီ ၁၂ ရာစု မြန်မာနိုင်ငံ၏ သမိုင်း၊ ဘာသာရေးနှင့် ယဉ်ကျေးမှုတို့အတွက် ထူးခြားထင်ရှားသော စာပေအထောက်အထားဖြစ်ပြီး ကျောက်စာကို အေဒီ ၁၁၁၃ ခုနှစ်တွင် ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စာတိုင်၏မျက်နှာစာလေးဖက်တွင် ပျူ၊ မွန်၊ မြန်မာ၊ ပါဠိတို့ကို တစ်ဘာသာစီရေးထိုးထားပြီး သက္ကရာဇ်ပါသည့် အစောဆုံးမြန်မာဘာသာဖြင့် ရေးထိုးထားသော စာပေအထောက်အထားတစ်ခုဖြစ်ကြောင်း၊ မျက်နှာစာလေးဖက်ရှိပြီး ကျောက်စာတိုင်နှစ်တိုင်ပေါ်၌ ရေးထိုးထားသောဒေသတွင်း အလွန်ရှားပါးသည့် ကျောက်စာဖြစ်ကြောင်း သိရသည်။

အဆိုပါကျောက်စာကို ၁၈၈၆-၁၈၈၇ ခုနှစ်က ပုဂံမြို့ဟောင်း မြင်းကပါရွာ မြစေတီဘုရားအနီး၌ တွေ့ရှိခဲ့ခြင်းကြောင့် မြစေတီကျောက်စာဟုလည်းကောင်း၊ ရေးထိုးခဲ့သည့် အလှူရှင်ကို အစွဲပြု၍ ရာဇကုမာရ်ကျောက်စာဟုလည်းကောင်း ခေါ်ဆိုကြကြောင်း၊ အေဒီ ၁၂ ရာစုက ရေးသားထားသော ပကတိအတိုင်းရှိသည့် ကျောက်စာတိုင်ဖြစ်ကြောင်း သိရသည်။

ယင်းမြစေတီ (ရာဇကုမာရ်) ကျောက်စာကို ၂၀၁၄ ခုနှစ် မတ် ၃၁ ရက်တွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းသို့ တင်သွင်းခဲ့ရာ အာရပ်စော်ဘွားများ ပြည်ထောင်စု အဘူဒါဘီမြို့၌ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပသည့် (၁၂)ကြိမ်မြောက် Memory of the World အစီအစဉ်၏ International Advisory Committee အစည်းအဝေးဆုံးဖြတ်ချက်အရ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်က သဘောတူအတည်ပြုခဲ့ပြီး ၂၀၁၅ ခုနှစ် Memory of the World International Register စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

## နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်မြို့ မဟာပညာဗိမာန် စာသင်တိုက်ဦးစီးပဓာနနာယက ဘဒ္ဒန္တပညာဝရ ပျံလွန်တော်မူ

**နေပြည်တော် မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ မဟာပညာဗိမာန်စာသင်တိုက် ဦးစီးပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယ (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တပညာဝရသည် သက်တော်(၁၀၀နှစ်)၊ သိက္ခာတော် ၈၀ ဝါအရ ၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက် (၂၄-၅-၂၀၁၆) အင်္ဂါနေ့ ည ၁၁ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပနအခမ်းအနားကို (၇-၆-၂၀၁၆) အင်္ဂါနေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## နိုင်ငံတော်သြဝါဒါစရိယဆရာတော် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့ မဟာပညာဗိမာန်စာသင်တိုက် ဦးစီးပဓာနနာယက (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တပညာဝရ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ကုလားတဲရွာ၊ ခမည်းတော် ဦးဘိုးထွန်း-မယ်တော် ဒေါ်နန်းအေး တို့မှ ၁၂၇၉ ခုနှစ်၊ ကဆုန်လဆန်း (၆) ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၂ ခုနှစ်တွင် ကုလားတဲမြောက်ကျောင်း ဆရာတော်ဦးတေဇဝန္တထံ၌ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပြီး ၁၂၉၈ ခုနှစ်တွင် ကုလားတဲမြောက်ကျောင်းခဏ္ဍသိမ်တော်၌ ရွှေမြင်တင် ကျောင်းဆရာတော် ဦးအရိယဝံသကို ဥပဇ္ဈာယ်ပြု၍ အဘိုးဦးစံစိုး၊ အဘွားဒေါ်ဗီယာတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ကုလားတဲရွာ၊ မြောက်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇဝန္တ၊ ညောင်ဦးမြို့မဟာဝိသုတာရာမတိုက်ဘဒ္ဒန္တနန္ဒဝံသ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမအရှေ့တိုက်ဆရာတော် ဘဒ္ဒန္တ ဇောတိက၊ ဘဒ္ဒန္တ ဉာဏိန္ဒ၊ ဘဒ္ဒန္တ သံဝရာ ဘိဝံသ၊ စစ်ကိုင်းမြို့ လေးကျွန်းချမ်းသာချောင် ဆရာတော် ဘဒ္ဒန္တ သောဘိတ၊ မန္တလေးမြို့ မဟာနန္ဒိသေနာရာမတိုက် ဆရာတော်တို့ထံ၌ ပိဋကတ်စာပေများကို သင်ယူခဲ့ပါသည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ရွှေကျင်မြို့ လေးထပ်ဂိုဏ်း၏ ပဓာနမဟာနာယက၊ ရွှေကျင်မြို့ မဟာပညာဗိမာန်စာသင်တိုက်ဦးစီးမဓာနနာယက၊ ဝေါမြို့နယ်၊ ဂိုဏ်းဝင်ကျောင်းပေါင်း (၂၀၀) ကျော်ရှိသော သူရဲသမိန်ဂိုဏ်းကြီး၏ အနုနာယက၊ ရွှေကျင်မြို့နယ် ဝိနည်းမိုရ်ပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ဝင်၊ ရွှေကျင်မြို့၏ အရှေ့ ဘုရားကြီး စေတီတော်နှင့် အနောက်ရွှေတောင်ဦးစေတီတော်နှစ်ဆူ ဂေါပကအဖွဲ့တို့၏ သြဝါဒါစရိယ၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ရွှေကျင်မြို့နယ် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင် (၃၇) ပါးပါရှိသော ပရိယတ္တိပညာရေးအဖွဲ့ဝင်၊ ရွှေကျင်မြို့ ပါဠိပထမ ပြန်စာမေးပွဲကြီးကြပ်ရေးနာယက၊ ပရိယတ္တိပညာရေးကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများဖြစ်မြောက်ရေးကော်မတီဝင်၊ နိုင်ငံတော်သံဃဝိနိစ္ဆယ အဖွဲ့အမှတ် (၁၂) သဘာပတိ နိုင်ငံတော်သြဝါဒါစရိယ စသော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော်ဘဒ္ဒန္တပညာဝရသည် ၁၃၅၁ (၁၉၉၀) ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၁၀၀)၊ သိက္ခာတော် (၈၀) ဝါအရ ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၃) ရက်၊ (၂၄-၅-၂၀၁၆) အင်္ဂါနေ့ ည ၁၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် (၇-၆-၂၀၁၆) ရက်နေ့တွင် အန္တိမစျာပနကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၅**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**(မိုး/ဇလ)**

---

# အခမဲ့ပညာရေးစနစ်နဲ့ ပြုံးပြုံးပျော်ပျော် ကျောင်းအပ်နှံရေးသီတင်းပတ်ပွဲတော်

နွေရာသီကျောင်းပိတ်ရက်များကို ကျော်လွန်ပြီးနောက် အခြေခံပညာကျောင်းများသည် ဆရာ ဆရာမများ၏သင်ကြားပို့ချမှုများ၊ ကျောင်းသား ကျောင်းသူများ၏ သင်ယူလေ့လာမှုများဖြင့် ဇွန် ၁ ရက်မှ စတင်ကာ စာသင်နှစ်တစ်ခုအတွက် အသက်ဝင်လာတော့မည်ဖြစ်သည်။ ဇွန် ၁ ရက်မတိုင်မီ မေ ၂၅ ရက်မှ ၃၁ ရက်သည် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ကျောင်းသား ကျောင်းသူများ၊ မိဘများ၊ ဆရာ ဆရာမများအတွက် ကျောင်းအပ်နှံလက်ခံခြင်းလုပ်ငန်းစဉ်များဖြင့် စတင်သက်ဝင် လှုပ်ရှားလျက်ရှိပေပြီ။

ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း အခြေခံပညာအဆင့် အခမဲ့ပညာရေးစနစ်ကို ပြည်သူက ပြုံးပြုံးပျော်ပျော်ကြိုဆိုလက်ကမ်းခဲ့ကြသလို စနစ်သစ် KG သင်ရိုးအပေါ် စိတ်ဝင်တစားရှိခဲ့ကြသည်။

ထိုသို့ စနစ်သစ်များနှင့် အခြေခံပညာအဆင့် ပြောင်းလဲမှုများအပေါ် အမြင်သဘောထားများကို ပြည်ထောင်စုနယ်မြေအတွင်းမှ တစ်စိတ်တစ်ဒေသ မေးမြန်းစုစည်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**ဦးထွန်းထွန်း(ကျောင်းသားမိဘ)**
**ဒက္ခိဏသီရိမြို့နယ်၊ သဲဖြူကျေးရွာ**

ကျွန်တော့် ကလေးနှစ်ယောက် ဒုတိယတန်းနဲ့ တတိယတန်း မူလတန်းကျောင်းသားတွေ လာအပ်တာပါ။ ကျောင်းအပ်တဲ့အခါ အခမဲ့အပြင် စာအုပ်တွေလည်း ထုတ်ပေးတော့ ကျောင်းသားမိဘတစ်ယောက်အနေနဲ့ ဝမ်းသာကျေနပ်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့လို တောင်သူအများစုက ဆင်းရဲတာများတယ်။ ကလေးတွေကို ပညာတတ်စေချင်တယ်။ ကလေးတွေ ပညာတတ်ဖို့ ခက်ခက်ခဲခဲ ကျောင်းထားပေးကြတယ်။ အခု ပိုက်ဆံမကုန်ဘဲ ကျောင်းထားနိုင် တယ်။ ကျွန်တော်တို့လို ကျောင်းသားမိဘတွေ ပညာသင်စရိတ်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် နိုင်ငံတော်က ထောက်ပံ့ပေးတော့ အဆင်ပြေသလို ဝမ်းသာပါတယ်။ ကျွန်တော့်သားသမီးတွေအတွက် မိဘတစ်ယောက်အနေနဲ့ ပညာတတ်တွေဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်ထားတယ်။

**ဒေါ်စီစီဝင်း**
**သူငယ်တန်း(KG) ဆရာမ**
**အမှတ် (၈)အခြေခံပညာ**
**အထက်တန်းကျောင်း**

ကျွန်မတို့ နွေရာသီကတည်းက သင်ကြားရေးအတွက် သင်တန်းတွေ တက်ရတယ်။ ကလေးတွေရဲ့ ကာယ၊ ဉာဏဖွံ့ဖြိုးမှုအတွက် ကလေးတွေ စိတ်ဝင်စားတဲ့ နည်းစနစ်နဲ့ သင်ကြားတာပါ။ ကလေးတွေကို သူတို့စိတ်ဝင်စားတဲ့နည်းနဲ့ ချဉ်းကပ်သင်ကြားတာဖြစ်တဲ့အတွက် ထိရောက်သလို အကျိုးရှိမယ်ထင်ပါတယ်။ အဓိကကတော့ ကလေးတွေ စိတ်ဝင်စားတဲ့အတွက် ကျောင်းကို မကြောက်တော့ဘူး။ စိတ်ဖိစီးမှုမရှိတော့ဘူး။ ကျွန်မသူငယ်တန်းကို ငါးနှစ်သင်ပေးခဲ့ဖူးတယ်။ ဒီအတွေ့အကြုံအရနဲ့ အခုနဲ့ယှဉ်ပြီးပြောတာဖြစ်ပါတယ်။ အရင်ကတော့ ကျောင်းရောက်လာတာနဲ့ ဝလုံးစသင်ရတယ်။ စာရေးရတယ်။ စာဖတ်ရတယ်။ ပြီးတော့ စာမေးပွဲ စနစ်ရှိတဲ့အတွက် သူတို့အတွက် ဝန်ပိုတာပေါ့။

**ဦးမျိုးမြင့်(ကျောင်းအုပ်ကြီး)**
**အထက(၉)၊ ဇမ္ဗူသီရိမြို့နယ်**

ကျွန်တော်တို့ အခု စာသင်နှစ်မှာ စနစ်သစ် KG သင်ရိုးပါတယ်။ ပြီးတော့ KG ကနေ ဆယ်တန်းအထိ အခမဲ့ပညာရေးစနစ်ပါ။ ပြီးတော့ ပြဋ္ဌာန်းစာအုပ်တွေကိုပါ အခမဲ့ တစ်ခါပေးတယ်။ TC တို့ ထောက်ခံစာတို့အတွက်လည်း အခမဲ့ပါ။ ဒါတွေဟာ ပညာရေးစနစ်အတွက် ကောင်းမွန်တဲ့ စနစ်တွေပါ။

အရင်တုန်းက ဆရာ ဆရာမကို လက်ဆောင်ပေးတာတွေရှိတယ်။ လက်ခံတဲ့သူ ရှိခဲ့တယ်။ ပေးတဲ့သူ ရှိခဲ့တယ်။ အားလုံးတော့ မဟုတ်ဘူး။ အခုပညာရေးဝန်ကြီးဌာနက ပညာသင်ကြားရေးအတွက် အစစအရာရာ အခမဲ့ လုပ်ဆောင်ပေးနေတယ်။ ပြီးတော့ အခကြေးငွေတွေ၊ လက်ဆောင်တွေ မယူပါနဲ့လို့လည်း ညွှန်ကြားချက်ရှိတယ်။ ဒီလိုတွေ မိဘတွေမလုပ်အောင်လည်း အသိပေးပါတယ်။ ဆရာ ဆရာမတွေ လက်မခံဖို့လည်း အသိပေးပါတယ်။ တချို့ကျတော့လည်း အသံနဲ့ ကောလာဟလပြောတာလည်း ရှိတယ်။

ဒါကြောင့် ကျွန်တော်တို့ ကျောင်းမှာကတော့ ဗီနိုင်းတွေနဲ့ ထုတ်ပြန်ထားတယ်။ TC တို့ ထောက်ခံစာတို့ပါ အခမဲ့ဖြစ်ကြောင်းကို ကျောင်းပေါက်ဝတံခါးမှာ ဗီနိုင်းကပ်ပြီး အသိပေးထားတယ်။ မိဘတွေကြားမှာ ကျယ်ကျယ်ပြန့်ပြန့်သိအောင်လို့ ကျောင်းပေါက်ဝမှာ အခုလို ကျောင်းအပ်လက်မခံခင် ဆယ်ရက်လောက်ကတည်းက ကြိုကပ်ထားပါတယ်။ ကျွန်တော်တို့ ကျောင်းက လုံးဝ လက်မခံသလို တခြားကျောင်းတွေလည်း ဒီနည်းအတိုင်း ဆောင်ရွက်ကြမှာပါ။

အခုလို ပြောင်းလဲဆောင်ရွက်တဲ့ စနစ်ပေါ်မှာ ပညာရေးဝန်ထမ်းတွေက ခံယူချက်မှန်မှန်နဲ့ ဆောင်ရွက်ရမယ်။ လုပ်လည်း လုပ်သင့်ပြီ။ ဒီလိုပြောင်းလဲနေတာကို မိဘတွေလည်း သာမန်သိတာ မဟုတ်ဘဲ ထဲထဲဝင်ဝင်သိဖို့ လိုအပ်ပါတယ်။ မိဘတိုင်းက ကိုယ့်သားသမီးကို ချစ်ကြတယ်။ ချစ်နည်းမှန်ဖို့ လိုပါတယ်။ အခုလို ကလေးပျော်အောင်၊ စိတ်ဝင်စားအောင် ချဉ်းကပ်တဲ့နည်းတွေနဲ့ ကစားနည်းတွေပါထည့်သွင်းပြီး သင်ကြားနေချိန်မှာ စာမသင်ဘူး၊ ဆရာ ဆရာမ အိမ်ခေါ်ပြီး လက်ဆောင်တွေပေးပြီး စာသင်ရင် ကလေးမှာ နည်းလမ်း နှစ်ခုနဲ့ သင်ရမယ်။ ဆရာ ဆရာမက နည်းလမ်းလွဲပြီး လုပ်နေရင် ပညာရေးမျှော်မှန်းချက်နဲ့ တလွဲတွေဖြစ်ကုန်မှာဖြစ်ပါတယ်။ ဆရာ၊ မိဘ အားလုံးနားလည်ပြီး ဟန်ချက်ညီဖို့ လိုပါတယ်။

ကျွန်တော့် လုပ်သက် ၃၅ နှစ်ကျော်ပါပြီ။ ဒီလို ၃၅ နှစ်ကျော် ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံအရ ပညာရေးပြောင်းလဲမှုတွေ မကြာခဏကြုံခဲ့တယ်။ ပွင့်လင်းစွာပြောရရင် အားမလိုအားမရ ဖြစ်ခဲ့ရတယ်။ အခုတော့ ပညာသင်ဖို့ ကလေးတွေအတွက် ကောင်းတာတွေလာပါပြီ။ တကယ်လည်း ကောင်းတဲ့စနစ်တွေဖြစ်မှာပါ။ အခုနှစ် KG သင်ရိုးပြောင်းသလို နောက်နှစ်တွေမှာလည်း တစ်နှစ်စီ အတန်းလိုက် သင်ရိုးကို ပြောင်းလဲသွားမှာပါ။ ဒီအတွက်လည်း ဆရာ ဆရာမတွေကို သင်တန်းတွေပေးသွားမယ်လို့ သိရပါတယ်။

**မခင်မျိုးနွယ်(ကျောင်းသားမိဘ)**
**သုခသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်**

ကျွန်မက သားလေးကို KG တန်းလာအပ်တာပါ။ ကျောင်းသားမိဘအနေနဲ့မြင်တာကတော့ KG တန်းမှာ ကလေးတွေကို သူတို့ စိတ်ဝင်စားတာတွေနဲ့ သင်ကြားတာက ကောင်းပါတယ်။ ကလေးကို သူ့အရွယ်နဲ့လိုက်တာ သင်တာ ကောင်းပါတယ်။ ပြီးတော့ အခမဲ့ပညာရေးစနစ်ဆိုတော့ ဝမ်းသာပါတယ်။

အခု စတုတ္ထတန်းတက်မယ့် သမီးလေးလည်း ရှိပါတယ်။ သမီးလေး သူငယ်တန်းတုန်းက တတိယဆုရခဲ့တယ်။ ဒါပေမယ့် ဆရာမကို ဘာမှကန်တော့ခဲ့တာ မရှိဘူး။ မိဘတစ်ဦးအနေနဲ့ ကလေးကို သူ့ရဲ့ပင်ကိုအရည်အချင်းနဲ့ ကြိုးစားစေချင်တယ်။ ကိုယ့်သားသမီး အရည်အချင်း အစစ်ကိုလည်း သိချင်တယ်။ ပိုက်ဆံပေးမှရမယ်ဆိုလည်း ဒီလိုဆုတွေ မလိုချင်ပါဘူး။ မိဘတွေက ကလေးကို သူ့ရဲ့ အရည်အချင်းနဲ့တော်အောင်၊ တတ်အောင် ပြုစုပေးဖို့က အဓိကပါ။ ကလေး အရည်အချင်းနဲ့မဟုတ်ဘဲ လုပ်ယူဖို့ မလိုပါဘူး။ ဒါက အစစ်လည်း မဟုတ်ပါဘူး။

အခြေခံပညာကျောင်းများတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးအစီအစဉ်အတွက် အခမဲ့ထောက်ပံ့မှုများ၊ ပညာရေးဝန်ထမ်းများသိရှိရန် အချက်များနှင့် ကျောင်းသား မိဘများသို့ မေတ္တာရပ်ခံချက်များပါဝင်သည့် ကြေညာချက်ကို ပြီးခဲ့သည့် ရက်အတွင်းကပင် ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် အခမဲ့ မူလတန်းပညာရေးစနစ်ကို လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခမဲ့ အလယ်တန်း ပညာရေးစနစ်ကိုလည်းကောင်း စတင်ဆောင်ရွက်ခဲ့သည်။

**ဖိုးသန့်၊ ရှင်မင်း**
**ဓာတ်ပုံ-ကိုကိုလေး**



ဦးထွန်းထွန်း(ကျောင်းသားမိဘ)



ဒေါ်စီစီဝင်း သူငယ်တန်း(KG) ဆရာမ



ဦးမျိုးမြင့်(ကျောင်းအုပ်ကြီး)



မခင်မျိုးနွယ်(ကျောင်းသားမိဘ)

---

# တောင်ငူ၌ ဂျပန်နိုင်ငံသား လှူဒါန်းသည့်ကျောင်းဆောင်သစ်လွှဲပြောင်း

**တောင်ငူ မေ ၂၅**

တောင်ငူမြို့ထီးလှိုင် (၁)ရပ်ကွက် KUMAGAI GUMI Co,.Ltd က ဆောက်လုပ်လှူဒါန်းသော စာသင်ခန်းသုံးခန်းပါ တစ်ထပ်ကျောင်းဆောင်သစ်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကိုမေ ၂၂ ရက် နံနက် ၁၁ နာရီက အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် KUMAGAI GUMI Co., Ltd မှ Mr. SUSUMU OGAWA နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ပညာ ရေးမှူး ဦးစံကျော်နှင့် Mr. SUSUMU OGAWA တို့က ကျောင်းဆောင်ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပညာရေးကဏ္ဍများကို ရှင်းလင်းပြောကြားခဲ့သည်။ ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်ချစ်မေထံ လွှဲပြောင်းပေးအပ်ရာ ကျောင်းအုပ်ကြီးက ကျောင်းဆောင်သစ်အတွက် လိုအပ်သည့်စာသင်ခုံ အစုံ ၉၀ လှူဒါန်းသည့် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းနေ ဦးစိန်-ဒေါ်တင်မြင့်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

အဆိုပါ ဆောက်လုပ်လှူဒါန်းပေးသည့် ကျောင်းဆောင်သစ်သည် အလျားပေ ၉၀၊ အနံပေ ၃၀၊ သွပ်မိုး၊ အုတ်နံရံကာတစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အခန်းသုံးခန်းပါရှိကာ ငွေကျပ် ၄၄၈ သိန်းကျော်ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# တာလီဘန်ခေါင်းဆောင်ဟောင်းသေဆုံးပြီးနောက် ခေါင်းဆောင်သစ်ထပ်မံခန့်အပ်



ကဘူးလ် မေ ၂၅

အမေရိကန်ဒရုန်းလေယာဉ်၏ တိုက်ခိုက်မှုကြောင့် အာဖဂန်တာလီဘန် ခေါင်းဆောင် မူလာအက်တာမင်ဆောသေဆုံးပြီဟု အတည်ပြုပြီးနောက် အာဖဂန်တာလီဘန်ခေါင်းဆောင်သစ်အဖြစ် ဟိုင်ဘက်တူလာအာခန်ဇာဒါကို ခန့်အပ်လိုက်ကြောင်း တာလီဘန်ဘက်မှ ပြောရေးဆိုခွင့်ရှိသူက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဟိုင်ဘက်တူလာသည် တာလီဘန်အဖွဲ့မှ ခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်ပြီး သေဆုံးသွားသူ အာဖဂန်တာလီဘန်ခေါင်းဆောင်ဟောင်းမင်ဆော၏ လက်ထောက်တစ်ဦးလည်းဖြစ်သည်။

ဆက်သွယ်ရေးခေါင်းဆောင်ဆီရာဂျူဒင်ဟက်ကာနီသည် မကြာသေးမီနှစ်များအတွင်း ထိပ်ပိုင်းခေါင်းဆောင်များကို ဗုံးကြဲတိုက်ခိုက်သည့်အပေါ် ပြစ်တင်ဝေဖန်ခဲ့သည်။ ယခင်ခေါင်းဆောင်ဟောင်း မူလာမိုဟာမက်အိုမာ၏သားဖြစ်သူ မူလာမိုဟာမက် ယာကုသည် တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ဇာဘိုင်ဟူလာမူဂျာဟစ်၏ လက်ထောက်အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း တာလီဘန်အဖွဲ့မှ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(ရိုက်တာ)**

# တရုတ်နှင့် ထိုင်းစစ်ဘက်ဆိုင်ရာ ဆက်ဆံရေးတိုးမြှင့်

ပေကျင်း မေ ၂၅

တရုတ်နှင့်ထိုင်းနိုင်ငံတို့သည် ကာကွယ်ရေး၊ လေ့ကျင့်ရေးအပါအဝင် စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် သဘောတူခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြထားသည်။

တရုတ်နှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးကျင်းပရန် ပြင်ဆင်နေစဉ် တရုတ်ကာကွယ်ရေးဝန်ကြီး ချန်ဝမ်ဂွမ်နှင့် ထိုင်းကာကွယ်ရေးဝန်ကြီး ပရာဝတ်ဝမ်ဆုဝမ်တို့တွေ့ဆုံပြီး ယင်းသဘောတူညီမှုကို ကြာသပတေးနေ့က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ချန်က လွန်ခဲ့သောနှစ်အတော်များများကတည်းက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ခဲ့ကြောင်း၊ အထူးသဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် ပူးတွဲလေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များအပါအဝင် အမျိုးသားကာကွယ်ရေးကိစ္စရပ်များ ကို ပူးပေါင်းလေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း ဆိုသည်။ တရုတ်-ထိုင်းဆက်ဆံရေး တိုးမြှင့်ရန်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာ ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပရာဝတ်က နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများကို ယုံကြည်ကြောင်း အနာဂတ်ကာလအတွက် အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ရပ်များကို အတူတကွပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**(ဆင်ဟွာ)**

# နျူကလီးယားလက်နက်လျှော့ချရေး တိကျသောဆောင်ရွက်မှုမျိုးပြုလုပ်ရန် မျှော်လင့်

တိုကျို မေ ၂၅

အဏုမြူဗုံးဒဏ်ခံရသောမြို့ဖြစ်သည့် ဟီရိုရှီးမားမြို့သို့ လွန်ခဲ့သောသီတင်းပတ်က သွားရောက်ခဲ့သည့် ၎င်း၏ ခရီးစဉ်အပြီး သမ္မတအိုဘားမားသည် နျူကလီးယားလက်နက်လျှော့ချခြင်းနှင့်ပတ်သက်၍ တိကျသောဆောင်ရွက်မှုမျိုး လုပ်ဆောင်ရန် မျှော်လင့်ကြောင်း အမေရိကန်နျူကလီးယားဆန့်ကျင်ရေး ခေါင်းဆောင်က ပြောသည်။

အိုဘားမား၏ ဟီရိုရှီးမားခရီးစဉ်သည် နျူကလီးယားလက်နက်ကြောင့် ကြောက်မက်ဖွယ်ရာဖြစ်ရပ်ဆိုးများအပေါ် အာရုံစိုက်လာနိုင်ရေး အခွင့်အရေးကောင်းဖြစ်လာနိုင်သည်ဟု ယုံကြည်ကြောင်း ဂျိုးဇက်ဆရီဂျော်နီဝမ်းက ပြောသည်။

၎င်းသည်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ၏ အပြည်ပြည်ဆိုင်ရာ လုံခြုံရေးအကြံပေးအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး သမ္မတအိုဘားမား၏ ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုကာလတွင်လည်း နျူကလီးယားလက်နက်လျှော့ချရေးနှင့်ပတ်သက်၍ အကြံပေးအဖြစ်ဆောင်ရွက်ခဲ့သူဖြစ်သည်။

ယခုခေတ်လက်နက်များသည် ၁၉၄၅ ခုနှစ်က ဟီရိုရှီးမား၌ ကြဲချခဲ့သည့် ဗုံးထက် အဆ ၅၀ ကျော် အင်အားပြင်းထန်သည်ဟု ၎င်းက ဆက်ပြောသည်။ ဟီရိုရှီးမား၌ အသက်ရှင်ကျန်ရစ်ခဲ့သူများ၏ စကားသံသည် အိုဘားမားကို တစ်စုံတစ်ခုသော အတိုင်းအတာထိ လွှမ်းမိုးမည်ဟု ယုံကြည်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

အိုဘားမားသည် ၎င်း၏ကျန်ရှိနေသေးသော သမ္မတသက်တမ်းအတွင်း နျူကလီးယားကင်းစင်သည့်ကမ္ဘာကြီးအကြောင်း တစ်ကမ္ဘာလုံး သဘောပေါက်အောင်ဆောင်ရွက်မှုအသစ်များ လုပ်ဆောင်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်ကြောင်း ၎င်းကပြောသည်။

**(အင်န်အိတ်ချ်ကေ)**

# ဂျပန်ငွေကြေးအကူအညီဖြင့် အင်ဒိုနီးရှားဆိပ်ကမ်းတည်ဆောက်မည်

ဂျကာတာ မေ ၂၅

ဂျကာတာအရှေ့ပိုင်းတွင် ဆိပ်ကမ်းသစ်တစ်ခုကို ဂျပန်နှင့်အတူ တည်ဆောက်ရန် အင်ဒိုနီးရှားက ဆုံးဖြတ်လိုက်ပြီး အဆိုပါဆိပ်ကမ်းကို ဂျပန်နိုင်ငံချေးငွေဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် ဂျီ-၇ ထိပ်သီးအစည်းအဝေး တက်ရောက်စဉ် ဂျပန်နှင့် အဆိုပါကိစ္စကို တရားဝင်ဆွေးနွေးသွားဖွယ်ရာရှိသည်။

ဆိပ်ကမ်းသစ်သည် ဂျကာတာမြို့ အရှေ့ဘက်ကီလိုမီတာ ၁၂၀ အကွာခန့်ရှိ ပါတင်ဘန်၌ တည်ဆောက်မည်ဖြစ်ပြီး နိုင်ငံ၏ အကြီးဆုံးဆိပ်ကမ်းဖြစ်လာမည်ဖြစ်သည်။ တည်ဆောက်မှုအတွက်ကုန်ကျစရိတ်မှာ ဒေါ်လာ၃ ဘီလီယံခန့် ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ စီမံကိန်းအတွက် ယှဉ်ပြိုင်ဘက်များစွာနှင့်အတူ ဆိပ်ကမ်းသစ်ဖွံ့ဖြိုးတိုးတက်ရေး အင်ဒိုနီးရှားက ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပါတင်ဘန် ဆင်ခြေဖုံးနေရာ၌ လျှပ်စစ်ပစ္စည်းစက်ရုံများ၊ အော်တိုမိုဘိုင်း




ဂျပန်ကုမ္ပဏီများရှိပြီး စက်မှုဇုန်များ တည်ဆောက်သွားမည် ဖြစ်ရာ ဆိပ်ကမ်းသစ်၌ ကုန်ပစ္စည်း အများအပြား ဖြန့်ဖြူးနိုင်သည့် သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မည်ဖြစ်သည်။

ပြီးခဲ့သောနှစ်က အင်ဒိုနီးရှားသည် တရုတ်နှင့် အမြန်ရထားလမ်းစီမံကိန်းကိုလည်း အကောင်အထည်ဖော်ခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# တရုတ်နိုင်ငံအလယ်ပိုင်းတွင် ရေကြီးမှုများကြောင့် လူပေါင်းနှစ်သောင်းကျော် ပြောင်းရွှေ့



ချန်းရှာ မေ ၂၅

လွန်ခဲ့သောသီတင်းပတ်က မိုးသည်းထန်စွာရွာသွန်းပြီးနောက် တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် လူပေါင်း ၂၇၀၀၀ကျော် နေရပ်ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဟူနန်ရေကြီးမှု ထိန်းချုပ်ရေးအာဏာပိုင်များက ယင်းပြည်နယ်၏ အနောက်မြောက်ပိုင်းနှင့်အရှေ့တောင်ပိုင်းတွင် မုန်တိုင်းကြောင့် လူနေအိမ်ခြေ ၁၈၂၆ လုံး ပျက်စီးသွားကြောင်းပြောခဲ့သည်။

ဟူနန်ပြည်နယ် ရေလှောင်ကန်လေးခုမှ ရေတံခါးများကို ရေများလျှံထွက်မကျစေရန်နှင့် ကျိုးပေါက်မှုမရှိစေရန် ရေများလွှတ်ပေးခဲ့ရပြီး ကျန်းဟွာစီရင်စုတွင် လည်း စာသင်ကျောင်းများကို ရေများဖုံးလွှမ်းလျက်ရှိသောကြောင့် ပိတ်ထားခဲ့ရသည်။

ကွီတုန်းစီရင်စုအနီးရှိ အဝေးပြေးလမ်းပိုင်းတစ်နေရာတွင် မြေပြိုကျမှုကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခဲ့ကြောင်း သိရသည်။ ဒေသဆိုင်ရာအာဏာပိုင်များက ယင်းအပျက်အစီးပြိုကျမှုများကိုဖယ်ရှားရန် အနည်းဆုံး ရက် ၂၀ ကြာမြင့်မည်ဖြစ်ကြောင်း ခန့်မှန်းခဲ့သည်။

ပြည်နယ် ရေကြီးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်မှုသက်သာရေးဌာနချုပ်မှ ယန်စီမြစ်၊ ဆောင်ဟွာကျန်းမြစ်၊ ဟိုင်ဟီမြစ်နှင့် ပုလဲမြစ်များ၏ ကမ်းပါးရေလျှံမှုများကြောင့် ရေကြီးမှုများဖြစ်ပွားနိုင်ကြောင်း သတိပေးထားသည်။

ရေကြီးမှုများသည် အယ်နီညိုနှင့် သက်ဆိုင်မှုရှိကြောင်း မိုးလေဝသပညာရှင်များကပြောသည်။ ရေကြီးမှုများသည် မေလကုန်ခန့်တွင် ပုံမှန်အတိုင်းပြန်ဖြစ်မည်ဟု ခန့်မှန်းထားကြောင်း ၎င်းတို့က ပြောသည်။

**(ဆင်ဟွာ)**

# လွတ်လပ်စွာကုန်သွယ်မှုသည် အမေရိကန်ပြည်ထောင်စုအတွက် ကောင်းမွန်ရဲ့လား

**တင်လင်းအောင်**



သမ္မတရွေးကောက်ပြိုင်ပွဲသည် စီးပွားရေးဆိုင်ရာပြဿနာရပ် အတော်များများကို ယူဆောင်လာသလို အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကိုလည်း ထိပ်တိုက်ရင်ဆိုင်နေရသည့်အနေအထားနှင့် ကြုံတွေ့နေရပြီး ယင်းနှင့်ပတ်သက်သော ငြင်းခုံဆွေးနွေးမှု၏ ဗဟိုချက်မသို့ ကျရောက်နေသကဲ့သို့ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ထုတ်ကုန်နှင့် ကုန်သွယ်မှုနှင့်သက်ဆိုင်သော အခြေခံသဘောတရားကို ပြန်ပြောင်းသုံးသပ်ကြည့်မည်ဆိုလျှင် အမေရိကန်ပြည်ထောင်စုတွင် ထုတ်လုပ်သော ပစ္စည်းများသည် အမေရိကန်များအတွက် ကောင်းမွန်သင့်တော်မည် ဖြစ်သော်လည်း အခြားတိုင်းပြည်များတွင် ပြုလုပ်သော ပစ္စည်းများသည် အမေရိကန်တို့အတွက် ကောင်းမွန်သင့်တော်ချင်မှ သင့်တော်မည်ဖြစ်သည်။

ထုတ်ကုန်နှင့် ကုန်သွယ်မှုဆိုင်ရာ သဘောတရားကို ထင်ရှားစေရန် အမေရိကန်သို့ ယခင်က တင်သွင်းခွင့်မရသည့် နိုင်ငံခြားဖြစ် ဝိုင်ဥပမာနှင့် နှိုင်းယှဉ်ကြည့်ရမည်ဖြစ်သည်။ အီတလီနှင့်ပြင်သစ် ဝိုင်များကို အမေရိကန် ပြည်ထောင်စုသို့ မည်သူက မတင်သွင်းစေချင်သလဲ။ အမှန်စင်စစ်အဖြေမှန်ကတော့ ပြည်တွင်းထုတ်လုပ်သူများပင်ဖြစ်သည်။ နိုင်ငံခြားဝိုင်တင်သွင်းခြင်းကိုဆန့်ကျင်သည့် ပြည်တွင်းစက်မှုလုပ်ငန်း၏ နောက်ကွယ်က အကြောင်းပြချက်ကဘာလဲ။ အမေရိကန် အလုပ်အကိုင်များကို ကာကွယ်ရန်ဖြစ်သည်။ ဤပုံစံကို ယနေ့ခေတ်တွင် အသုံးမပြုသင့်တော့ပေ။ ကုန်သွယ်ရေးကန့်သတ်ချက်များသည် လူအချို့အတွက် အကျိုးသက်ရောက်မှုရှိကောင်းရှိနိုင်သော်လည်း အားလုံးအတွက်တော့ အကျိုးရှိချင်မှ ရှိလိမ့်မည် ဖြစ်သည်။

ဟင်နရီ ဟက်ဇ်လစ်တ်ရေးသားသော Economics in One Lesson စာအုပ်တွင် စီးပွားရေးအတွေးအမြင်လွဲမှားမှုသည် ရေတိုကာလကို ကြည့်ခြင်းမှ ပေါ်ပေါက်လာသော ရလဒ်ဖြစ်ပြီး ရေရှည်အကျိုးရလဒ်ဆိုင်ရာမူဝါဒမှ ပေါ်ပေါက်လာခြင်းမဟုတ်ပေ။ မူဝါဒဆိုင်ရာ အကျိုးသက်ရောက်မှုသည် အုပ်စုတစ်စုတည်းအပေါ်သာ သက်ရောက်ပြီး ကျန်အုပ်စုအားလုံးအပေါ် သက်ရောက်မှုရှိချင်မှ ရှိလိမ့်မည်ဖြစ်သည်။ အကယ်၍ နိုင်ငံခြားဝိုင်များကို အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းခွင့်မပြုသောအခါ အမေရိကန်အားလုံးအတွက် အကျိုးရှိချင်မှ ရှိပေလိမ့်မည်။ သို့သော် အမေရိကန်လူမျိုးအချို့အတွက် အကျိုးရလဒ်ကောင်းမွန်စွာရရှိလိမ့်မည်ဖြစ်သည်။ အမေရိကန်လူမျိုးအချို့ဆိုသည်မှာ အတိအကျပြောရမည်ဆိုလျှင် ပြည်တွင်းဝိုင်ထုတ်လုပ်သူများကို ဆိုလိုရင်းဖြစ်သည်။ အချုပ်ဆိုရသော် ဝိုင်သောက်သုံးသူများပြီး ဝိုင်ထုတ်လုပ်သူနည်းသွားကာ ရွေးချယ်မှုနည်းသွားမည်ဖြစ်သည်။ နိုင်ငံခြားဝိုင်တင်သွင်းခွင့်ပိတ်ထားသည့်အတွက် အမေရိကန်ဝိုင်သောက်သုံးသူများသည် ပြည်တွင်းဝိုင်များကို တန်ဖိုးကြီးကြီးပေးရပြီး ၎င်းတို့၏ ရွေးချယ်မှုသည်လည်း ကန့်သတ်မှုများရှိလာခြင်းဖြစ်သည်။ ထို့အပြင် အမေရိကန်ဝိုင်သောက်သုံးသူများသည် ပြည်တွင်းဖြစ်ဝိုင်များကို ဝယ်ယူရာတွင် အခြားအမေရိကန် စားသောက်ကုန်များကို ဝယ်ယူရသူများထက် ပိုမိုကုန်ကျကြောင်း သိရသည်။ အကြောင်းမှာ အခွန်ကြောင့်သော်လည်းကောင်း၊ ဈေးကွက်ယှဉ်ပြိုင်မှုနည်းသောကြောင့် ပြည်တွင်းထုတ်လုပ်သူများကို တန်ဖိုးကြီးကြီးပေးရခြင်းကြောင့်သော်လည်းကောင်းဖြစ်နိုင်သည်။ အကျိုးရလဒ်နှင့်ကုန်ကျစရိတ်ပျံ့နှံ့မှုတို့၏ သဘောတရားသည် ဤနေရာတွင် အရေးကြီးသော အခန်းကဏ္ဍကပါဝင်လာသည်။ ဤနေရာတွင် အကျိုးရလဒ်ရှိသူများ သို့မဟုတ် အောင်မြင်သူများသည် ပြည်တွင်းဝိုင်ထုတ်လုပ်သူများဖြစ်ပြီး ကုန်ကျစရိတ်ပျံ့နှံ့သူများ သို့မဟုတ် ဆုံးရှုံးသူများမှာ ပြည်တွင်းဖြစ်ဝိုင်များကို ဈေးကြီးပေးဝယ်ရသူများဖြစ်သည်။ အမေရိကန်သဘော်ကျင်းတွင် နိုင်ငံခြားတိုင်းပြည်များမှ ကုန်ပစ္စည်းများကို ကုန်တင်ကုန်ချပြုလုပ်နေသည့် လုပ်ငန်းများနှင့် လုပ်သားများကိုကြည့်လျှင် အမေရိကန်သည် ယင်းကဲ့သို့သောလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုမှ အောင်မြင်မှုရရှိနေသည်ကို တွေ့နိုင်မည်ဖြစ်သည်။

အမေရိကန်များသည် နိုင်ငံတကာကုန်သွယ်မှုတွင် ရွေးချယ်မှုကြီးမားစွာရှိနေပြီဖြစ်သည်။ လွတ်လပ်စွာကုန်သွယ်ခွင့်ကို ပေးလိုက်ခြင်းအားဖြင့် ပြည်တွင်းထုတ်လုပ်သူများအား အရည်အသွေးကောင်းပြီး ဈေးနှုန်းချိုသာသော ကုန်ပစ္စည်းများကို ထုတ်လုပ်ရန် တွန်းအားပေးသကဲ့သို့ဖြစ်သည်။

စီးပွားရေးလုပ်ငန်းတစ်ခုတွင် အမြဲတည်မြဲမှုရှိရမည်ဟူသော အခွင့်အရေးမရှိပေ။ သုံးစွဲသူများအနေဖြင့် ထုတ်ကုန်များကို ရွေးချယ်ဝယ်ယူရန်သာ အခွင့်အရေးရှိသည်။ တစ်နည်းဆိုရသော် ယခုခေတ်သည် သုံးစွဲသူအခွင့်အရေးရသောခေတ် (Customers right ) ခေတ်ဖြစ်သည်။ အကယ်၍ နိုင်ငံခြားကုမ္ပဏီတစ်ခုသည် အမေရိကန်ကုမ္ပဏီတစ်ခုထက်ပိုမိုရောင်းရသည်ဟုဆိုပါက အမေရိကန်စားသုံးသူများသည် ပြည်တွင်းအမေရိကန်ကုမ္ပဏီများကို သိသိသာသာပင် စဉ်းစားစရာတစ်ခုပေးလိုက်ခြင်းပင်ဖြစ်သည်။

ထို့အပြင် အကယ်၍ အိမ်နီးချင်းနိုင်ငံများ၏ ထုတ်ကုန်ပစ္စည်းများကို မကြိုက်ပါက ၎င်းတို့ထုတ်ကုန်များကို အားမပေးဘဲ မိမိကိုယ်တိုင်ပြုလုပ်သော ထုတ်ကုန်များကိုသာ အသုံးပြုမည်ဆိုပါက ယင်းမှာ အဓိပ္ပာယ်မရှိပေ။ ဥပမာအားဖြင့် ကျွန်ုပ်တို့ကိုယ်တိုင် အင်္ကျီများ မထုတ်လုပ်တတ်ပါ။ အကယ်၍တတ်သည်ပဲထားဦး အခြားပစ္စည်းများကိုတော့ ကျွန်ုပ်တို့ကိုယ်တိုင် အကုန်မလုပ်တတ်သည်ကို ဝန်ခံရမည်။ မိမိတို့စားသော အစားအစာအားလုံးကို မိမိတို့မလုပ်တတ်ပေ။ မိမိတို့ကိုယ်တိုင် အရာအားလုံးကို ပြုလုပ်တတ်ရန် မဖြစ်နိုင်သကဲ့သို့ အမေရိကန် ပြည်ထောင်စု အနေဖြင့်လည်း အရာအားလုံးကို ပြုလုပ်ရန် မဖြစ်နိုင်ပေ။

အမေရိကန်ဆန္ဒမဲပေးသူအများစုသည် လွတ်လပ်စွာကုန်စည်စီးဆင်းမှု ဆန့်ကျင်ခြင်းကို ထောက်ခံကြသည်မှာ ကုန်စည်စီးဆင်းမှုသည် အမေရိကန်နိုင်ငံ၏ စီးပွားရေးကို ကျားကန်ပေးမည်ဆိုသည်ကို နားမလည်၍ပေလော သို့မဟုတ် စီးပွားရေးနှင့်သက်ဆိုင်သော ဗဟုသုတမရှိခြင်းလားဆိုသည်မှာ စဉ်းစားစရာကောင်းနေသည်။ ထို့ကြောင့် များစွာသော ဒီမိုကရက်များနှင့် ရီပတ်ဘလစ်ကန်များအနေဖြင့် လွတ်လပ်စွာကုန်သွယ်မှုသည် မျှတစွာကုန်စည်စီးဆင်းမှုဖြစ်သည် ဆိုသည်ကို ထောက်ခံကြပြီး ၎င်းတို့နားမလည်သည်မှာ တကယ့်လွတ်လပ်စွာကုန်သွယ်မှုဆိုသည်မှာ အစိုးရကန့်သတ်ထိန်းချုပ်မှုများမှ မျှတစွာ ကင်းလွတ်ရမည်ဆိုခြင်းဖြစ်သည်။

## လွတ်လပ်စွာကုန်သွယ်ခွင့်ကို ပေးလိုက်ခြင်းအားဖြင့် ပြည်တွင်းထုတ်လုပ်သူများအား အရည်အသွေးကောင်းပြီး ဈေးနှုန်းချိုသာသော ကုန်ပစ္စည်းများကို ထုတ်လုပ်ရန် တွန်းအားပေးသကဲ့သို့ဖြစ်

ထို့အပြင် အခြားပြောချင်သော အကြောင်းတစ်ခုမှာ အမေရိကန်တွင်ရှိသော ဂျပန်ကားဝယ်စီးသူများဖြစ်သည်။ ဖို့ဒ် သို့မဟုတ် ဂျီအမ်ကားများကိုဝယ်မစီးဘဲ ဂျပန်ကားဝယ်စီးသူများသည် ၎င်းတို့နိုင်ငံအပေါ် မျိုးချစ်စိတ်မရှိသူများ ဖြစ်ကောင်းဖြစ်နိုင်သည်ဟု ထင်ရသော်လည်း တစ်ဖက်တစ်လမ်းက အမေရိကန်နိုင်ငံနှင့် နိုင်ငံသားများကို ကူညီနေခြင်းပင်ဖြစ်သည်။ မည်သို့နည်း။ ဂျပန်ကားပြုပြင်ရေးလုပ်ငန်းများတွင် အမေရိကန်များ အများအပြား ဝင်ရောက်လုပ်ကိုင်သဖြင့် ၎င်းတို့ကို ပြင်ဆင်ခများပေးရခြင်းဖြင့် အမေရိကန်ပြည်ထောင်စုနှင့် အမေရိကန်များ၏ စီးပွားရေးကို ကူညီရာရောက်သောကြောင့်ဖြစ်သည်။

ယနေ့အချိန်အခါသည် ယခင်လိုမဟုတ်။ စီးပွားရေးနှင့်ပတ်သက်ပြီး အတွေးအမြင်ကျယ်ရမည့်အချိန်ဖြစ်သည်။ အခြားနိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ခြင်းသည် အမေရိကန်ပြည်ထောင်စုကို တစ်နည်းတစ်ဖုံ အကျိုးကျေးဇူးရှိစေမည်ဖြစ်သည်။ အကယ်၍နိုင်ငံများအနေဖြင့် ကုန်သွယ်မှုတွင် မျှတမှုမရှိပါဘဲ ထုတ်ကုန်များကို ၎င်းတို့၏နိုင်ငံတွင်းသို့ တင်သွင်းခြင်းမပြုပါက ယင်းနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံထားသော အမေရိကန်ကုမ္ပဏီများနှင့် အခြားကုမ္ပဏီများကို ထိခိုက်စေသလို ၎င်းတို့၏နိုင်ငံသားများကိုလည်း ထိခိုက်စေမည်ဖြစ်သည်။ လွတ်လပ်စွာကုန်သွယ်မှု၏ အားသာချက်များမှာ လူနေမှုဘဝ အဆင့်မြင့်မားအောင် စွမ်းဆောင်နိုင်ခြင်း၊ ယှဉ်ပြိုင်မှုနှင့် စမ်းသပ်တီထွင်မှုများ ဖန်တီးပေးခြင်း၊ စီးပွားရေး ကြီးထွားလာခြင်း၊ အင်စတီကျူးရှင်းနှင့် အခြေခံအဆောက်အအုံများ အားကောင်းလာခြင်းနှင့် အေးချမ်းစွာတိုးတက်မှုရှိခြင်းများကို ဆောင်ကြဉ်းပေးနိုင်သည်။ ထို့ကြောင့် ဤသဘောတရားများကို ရင်ထဲအထိ မှတ်သားသင့်ပေကြောင်း။ ။

**ကိုးကား-နယူးစ်ဝိခ်**

■

# အာဘေး၊ အိုဘားမားနှင့် ကင်မရွန်းတို့ သီးသန့်တွေ့ဆုံမည်




**တိုကျို မေ ၂၅**

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် ဂျီ-၇ အစည်းအဝေးအတွင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့်ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းတို့နှင့် သီးခြားတွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။ ဂျီ-၇ နိုင်ငံခေါင်းဆောင်များသည် ကြာသပတေးနေ့နှင့် သောကြာနေ့တို့တွင် ကရှိုကိုဂျီမားကျွန်းတွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ အာဘေးနှင့် အခြားကမ္ဘာ့ခေါင်းဆောင်များသည် ယင်းဆွေးနွေးပွဲ ကျင်းပရာနေရာသို့ ဗုဒ္ဓဟူးနေ့က ထွက်ခွာသွားပြီဖြစ်သည်။

ဗုဒ္ဓဟူးနေ့ညတွင် အာဘေးသည် အမေရိကန်နှင့် ဗြိတိန်ခေါင်းဆောင်များနှင့် ရွှေ့ပြောင်း သွားလာမှုအရေး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးရာများကို အဓိကထားဆွေးနွေးခဲ့သည်။ လာမည့်လတွင်ပြုလုပ်မည့် ဥရောပသမဂ္ဂအဖွဲ့ဝင်အဖြစ်မှ ဗြိတိန် ထွက်ခွာသင့်၊ မသင့်ကိစ္စကို အာဘေးနှင့် ကင်မရွန်းတို့ တွေ့ဆုံဆွေးနွေးဖွယ်ရာရှိသည်။

ထို့ပြင် နိုင်ငံဖြတ်ကျော်ဖြစ်ပွားလာနိုင်သည့် အကြမ်းဖက်လုပ်ရပ်များကိုကာကွယ်ရေး ပဋိပက္ခစီမံခန့်ခွဲရေးဌာနရှိ စုံစမ်းထောက်လှမ်းရေးရုံးခွဲအားတည်ထောင်ရန် ဂျပန်အစိုးရကစီစဉ်ထားကြောင်း သိရသည်။ အဆိုပါဌာနအသစ်သည် အစိုးရအဖွဲ့ဆိုက်ဘာလုံခြုံရေးဌာန၊ ဂျပန်ကမ်းရိုးတန်းကာကွယ်ရေးတပ်ဖွဲ့၊ ပြည်သူ့ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဘားအံမြို့နယ် ကျေးရွာအချို့၌ နေအိမ်များ ပြိုလဲပျက်စီး

**ဘားအံ မေ ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် ပန်းကုန်းကျေးရွာအုပ်စု ငနက်ပြာကျေးရွာ၌ မေ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲခန့်မှ ၂ နာရီ ၄၅ မိနစ်ခန့်အထိ မိုးသက်လေပြင်းတိုက်ခတ်ခြင်းကြောင့် နေအိမ်သုံးလုံး၊ စပါးကျီသုံးလုံး၊ ငနက်ပြာဘုန်းကြီးကျောင်း ဆွမ်းချက်ရုံနှင့် ကုဋီတို့အမိုးလန်ပျက်စီး၍ ဘုန်းကြီးကျောင်းဝင်း နံရံအုတ်တံတိုင်း၁၀ ခန်း နှစ်ခန်းမှာ သစ်ပင်လဲကျရာမှ ပြိုကျပျက်စီးခဲ့ရကာ နေအိမ်လေးလုံးမှာလည်း ဝါးရုံပင်များနှင့် သစ်ပင်များ လဲကျခြင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည်။

အလားတူပန်းကုန်းကျေးရွာအုပ်စု ကော့ပတိုင်ကျေးရွာရှိ နေအိမ်တစ်လုံးနှင့် ရသေ့ပုံကျေးရွာအုပ်စု ငှက်ပျောတောကျေးရွာမှ နေအိမ်နှစ်လုံးမှာ သစ်ပင်များလဲပြိုကျ၍ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ငနက်ပြာကျေးရွာလမ်းမများပေါ်သို့ သစ်ပင်ကြီးများနှင့် ဝါးရုံပင်များပြိုလဲကျခဲ့သဖြင့် ကျေးရွာလမ်းများ ပိတ်ဆို့ခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ငနက်ပြာကျေးရွာ ကော့ပတိုင်ကျေးရွာနှင့် ငှက်ပျောတောကျေးရွာများရှိ နေအိမ်တချို့နှင့် ဘုန်းကြီးကျောင်းတို့ ထိခိုက်ပျက်စီးခဲ့သဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးအောင်ရဲမင်း ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အေး ဦးစီးရဲတပ်ဖွဲ့ဝင်များနှင့် ဘားအံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းအောင် ဦးစီးအဖွဲ့တို့က ချက်ချင်းသွားရောက်၍ ကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ နေအိမ်နှင့် လမ်းများပေါ် လဲကျနေသော သစ်ပင်များနှင့် ဝါးရုံပင်များကို ယင်းနေ့ညနေ ၆ နာရီအထိ ရှင်းလင်းဖယ်ရှားဆောင်ရွက်ခဲ့ပြီး ရှင်းလင်းမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်ခြင်းကြောင့် သစ်ပင်၊ ဝါးပင်များ လဲပြိုကျခဲ့သော်လည်း လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရသေဆုံးမှုမရှိခဲ့ကြောင်း နယ်မြေခံရဲကင်းမှူး ဒုရဲအုပ် စိုးခိုင်က ပြောသည်။

**ထွန်းထွန်းထွေး (ဘားအံ)**



# ကျောက်ကြီးစည်ပင်ဈေးဝင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ကျောက်ကြီး မေ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့ စည်ပင်သာယာဈေးဝင်း ပတ်လည် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းလုပ်ငန်းကို မေ ၂၅ရက်မှစ၍ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။

မေလ ဒုတိယပတ်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိရာ ကျောက်ကြီးမြို့စည်ပင်သာယာ ဈေးမြောက်ဘက်၊ တောင်ဘက်နှင့် အရှေ့ဘက်မျက်နှာစာ ရေထုတ်မြောင်းများမှာ အမှိုက်သရိုက်များပိတ်ဆို့နေပြီး ရေထုတ်မြောင်းလုံးဝမရှိသည့် အနောက်ဘက်မျက်နှာစာ ဗန္ဓုလလမ်းမှာ လမ်းပေါ်ရေလျှံ ရေကျော်ပြီး အများပြည်သူသွားလာရေးကို အခက်အခဲများ ဖြစ်စေခဲ့သည်ဟု သိရသည်။

"အဲဒီလမ်းတစ်လျှောက်လုံး မိုးရွာပြီးသွားတော့လည်း ရေက မကျသွားဘူး။ မိုးရွာနေတုန်းဆို လူတွေ၊ ယာဉ်တွေ သွားလာလို့ ဘယ်လိုမှ အဆင်မပြေဘူး။ အဲဒီဈေး အနောက်ဘက်လမ်းကို ရေထုတ်မြောင်းမလုပ်ဘဲ ဘာကြောင့် ချန်ထားခဲ့လဲဆိုတာ မသိဘူး"ဟု ဈေးဝင်းမြောက်ဘက်၌ နေထိုင်သူ ဦးသန်းထွန်းက ပြောသည်။

"လူထုဆီက ဆက်သွယ်သတင်းပေးမှုကို ရရချင်း အချိန်နဲ့တစ်ပြေးညီ စည်ပင်က စတင်ဆောင်ရွက်နေပါပြီ။ လမ်းပေါ်ရေလျှံ ရေကျော်မှုတွေကို အဆက်မပြတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လုပ်ငန်းတာဝန်ခံ ဦးမြင့်စိုးက ရှင်းပြသည်။



ကျောက်ကြီးမြို့ စည်ပင်သာယာဈေး အနောက်ဘက်မျက်နှာစာ ဗန္ဓုလလမ်းသည် စည်ပင်သာယာဈေးသို့ လူ၊ စက်ဘီး၊ မော်တော် ဆိုင်ကယ်၊ သုံးဘီးနှင့် မော်တော်ယာဉ်များ အများဆုံးအဝင်အထွက်ရှိနေပြီး လူအစည်ကားဆုံးနေရာဖြစ်သည်ဟု သိရသည်။

(၀၄၅)

# သဘာဝဘေးသင့်သူများအား ထောက်ပံ့ပေးလျက်ရှိ

**နေပြည်တော် မေ ၂၅**

မေ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်တာကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ် ၁၁ ခုတွင် လေပြင်းတိုက်ခတ်မှုများ၊ မိုးသည်းထန်စွာရွာသွန်းမှုများ၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့ရာ နေအိမ် ၇၈ လုံး ပြိုကျခဲ့ပြီး ၂၀၆ လုံး အမိုးလန်ပျက်စီးခဲ့ကာ လူ ၁၃ ဦး သေဆုံးခဲ့သည်။ အဆိုပါ ဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနက အရေးပေါ်အသုံးပြုရန် ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ခြင်း၊ အိမ်ဆောက်ပစ္စည်းဝယ်ယူရန်အတွက် ကနဦးထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်မှ ၂၅ ရက်အထိ ပစ္စည်းနှင့် ငွေသားထောက်ပံ့မှု စုစုပေါင်း ၉၇၂၄၉၁၆ ကျပ်ဖြစ်ပြီး လိုအပ်သည့် ထောက်ပံ့မှုများပေးနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

# ဖျာပုံခရိုင်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ဖျာပုံ မေ ၂၅**

ယခုမေလအတွင်း တိုက်ခတ်ခဲ့သော မုန်တိုင်းအရှိန်ကြောင့် ဖျာပုံခရိုင်အတွင်းရှိ ကျေးရွာများ၌ လူနေအိမ်များ၊ ရုံးများ၊ သာသနိကအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုတို့ကို ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းတွေ၊ စားရေးကိရိယာတွေ၊ အိမ်ဆောက်ပစ္စည်းတွေကို ဖြစ်ဖြစ်ချင်း နေရာအထိ သွားရောက်ထောက်ပံ့ပေးလျက်ရှိပါတယ်" ဟု ခရိုင်ကယ်ဆယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ပြောသည်။

ယခုရက်ပိုင်းအတွင်း တိုက်ခတ်ခဲ့သော လေပြင်းကြောင့် ဖျာပုံခရိုင်အတွင်းရှိ လူနေအိမ်အဆောက်အအုံများသာမက သစ်ပင်များ ကျိုးကျ၍ လမ်းပိတ်ဆို့ခြင်း၊ ဓာတ်တိုင်အချို့လဲကျသဖြင့် လျှပ်စစ်မီးပြတ်တောက်ခြင်းတို့ ဖြစ်ခဲ့သည်။

ဒေသခံပြည်သူများအနေဖြင့် ယခုကဲ့သို့ မုန်တိုင်းဝင်ရောက်တတ်သည့် မိုးဦးကာလတွင် မိုးလေဝသသတင်း နားထောင်ခြင်းနှင့် သက်ဆိုင်ရာက ထုတ်ပြန်သော မိုးလေဝသသတိပေးချက်ကို သေချာစွာဂရုပြုလိုက်နာကြရန် ခရိုင်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီက နှိုးဆော်ထားကြောင်း၊ သဘာဝဘေးကျရောက်လာပါကလည်း အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်များဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း ခရိုင်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ပြောသည်။

**သူဇာနွယ်(ဖျာပုံ)**

ကလေးများအတွက် တစ်နှစ်ပတ်လုံးဖွင့်မည်
Regular English Courses For Young Learners
(၁)တန်းမှ (၉)တန်းကလေးများအတွက် Level-၅ ဆင့်ခွဲ၍ ထိရောက်စွာသင်ကြားမည့် 4-Skill English သင်တန်းများ
Sat+Sun(တစ်ပါတ် ၂ ရက်) 9:30 to 11:30 a.m. June 4 စပါမည်။
ဝင်ကြေး - ၅၀၀၀/-
လစဉ်ကြေး - ၂၀၀၀၀/-

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

BASIC ENGLISH SPEAKING
1 - 2:30 (Mon~Thurs) 1 Jun
10-11:30 (Mon~Thurs) 13 Jun
3:30 - 5 (Mon~Thurs) 20 Jun
9 - 12:00 (Sat + Sun) 25 Jun

BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon~Thurs) 23 May
1 - 2:30 (Mon~Thurs) 30 May
6 - 7:30 (Mon~Thurs) 30 May
10-11:30 (Mon~Thurs) 1 Jun
3:30 - 5 (Mon~Thurs) 1 Jun
1 - 4:00 (Sat + Sun) 12 Jun

BASIC WRITING
7:30 - 9 (Mon~Thurs) 6 Jun

PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon~Thurs) 30 May
10-11:30 (Mon~Thurs) 1 Jun
12 - 3:00 (Sat + Sun) 4 Jun
1 - 2:30 (Mon~Thurs) 6 Jun
3:30 - 5 (Mon~Thurs) 20 Jun

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 30 May
3:30 - 5 (Mon~Thurs) 6 Jun

VOCAB ENRICHMENT
10-11:30 (Mon~Thurs) 23 May
1 - 2:30 (Mon~Thurs) 30 May

BASIC GRAMMAR
10-11:30 (Mon~Thurs) 13 Jun

INTERMEDIATE WRITING
10-11:30 (Mon~Thurs) 13 Jun

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
3:30 - 5 (Mon~Thurs) 30 May
7:30-10:30 (Sat + Sun) 5 Jun
7:30 - 9 (Mon~Thurs) 20 Jun

BASIC GRAMMAR
7:30-10:30 (Sat + Sun) 29 May

PRE-INTERMEDIATE (4-SKILL ENGLISH)
12 - 3:00 (Sat + Sun) 29 May
7:30 - 9 (Mon~Thurs) 6 Jun
6 - 7:30 (Mon~Thurs) 6 Jun

BASIC FOUR SKILLS ENGLISH
7:30-10:30 (Sat + Sun) 4 Jun
1:30 - 4:30 (Sat + Sun) 5 Jun
3:30 - 5 (Mon~Thurs) 6 Jun
10-11:30 (Mon~Thurs) 13 Jun

INTERMEDIATE (ACADEMIC ENGLISH)
4:30-7:30 (Sat + Sun) 2 Jul

IELTS (Preparation)
4:30-7:30 (Sat + Sun) 4 Jun

IELTS (Writing)
12:30-3:30 (Sat+Sun) 28 May

IELTS (Preparation)
1 - 3:30 (Mon~Thurs) 6 Jun

IELTS (Speaking)
7:30 - 9 (Mon~Thurs) 6 Jun

IELTS (Writing)
7:30-10:30 (Sat + Sun) 11 Jun

IELTS (Reading)
1 - 3:00 (Mon~Thurs) 6 Jun

IELTS (Grammar)
10-11:30 (Mon~Thurs) 20 Jun

## အထူးကုန်စည်ခွန်ဆိုင်ရာ လုပ်ငန်းမှတ်ပုံတင်ရန် အသိပေးနှိုးဆော်ခြင်း

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ အထူးကုန်စည်များကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းဆောင်ရွက်သူများအနေဖြင့် အထူးကုန်စည်ခွန်ပေးဆောင်ရန် တာဝန်ရှိပါသည်။

အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ(ခ)ပြဋ္ဌာန်းချက်ပါ လုပ်ပိုင်ခွင့်အရ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့်အညီ အထူးကုန်စည်ခွန်ကို ပြည်တွင်းသို့တင်သွင်းသူ၊ ပြည်တွင်း၌ထုတ်လုပ်သူ၊ ပြည်ပသို့တင်ပို့သူအနေဖြင့် အထူးကုန်စည်ခွန်ဆိုင်ရာ မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဤဥပဒေ၏ပုဒ်မ(၂၂)(က)တွင် သက်ဆိုင်ရာနှစ်အတွင်း မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း ၅၀ကို ဒဏ်ငွေအဖြစ် ပေးဆောင်စေခြင်း(သို့မဟုတ်) ဆောင်ရွက်စေခြင်း(သို့မဟုတ်)ဆောင်ရွက်ခြင်းပြုရမည်ဟု ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ အထူးကုန်စည်များကို ပြည်တွင်းသို့ တင်သွင်းသူ၊ ပြည်တွင်း၌ ထုတ်လုပ်သူ၊ ပြည်ပသို့ တင်ပို့သူလုပ်ငန်းရှင်များအနေဖြင့် ၃၁-၅-၂၀၁၆ရက်မတိုင်မီ သက်ဆိုင်ရာအခွန် ဦးစီးဌာနမှူးရုံးများတွင် လုပ်ငန်းမှတ်ပုံတင်ဆောင်ရွက်ခြင်းကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

ခြောက်လက်မပတ်လည် ကွန်ကရစ်တုံးများ
**ရောင်းရန်ရှိသည်**
ဖုန်း-၀၁-၆၄၄၅၀၆၊ ၀၉-၅၀၄၈၉၈၂

ကမာရွတ်၊ အင်းစိန်လမ်းမ၊ လှည်းတန်းနှင့် စံရိပ်ငြိမ်ကြား၊ 16' x 57' မြေညီတိုက်ခန်း ငှားမည်။
ဖုန်း-၀၉-၇၉၁၀၁၇၅၃၄၊ ၀၉-၇၃၂၂၀၆၃၅

**မိုးကောင်းကင်အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးမှ**
**ဝန်ထမ်းအလိုရှိသည်**
(၁) ကွန်ပျူတာကျွမ်းကျင်၊စာရင်းကိုင် (အမျိုးသမီး)
(၂) ကားလက်မှတ်အရောင်းစာရေး (အမျိုးသမီး)
မှတ်ချက်။ ။မင်္ဂလာဒုံမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်အတွင်း နေထိုင်သူဖြစ်ရမည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၀၇၄၉၆၁၀၊ ၀၉-၈၆၂၆၇၃၁၊ ၀၉-၂၅၄၄၁၃၅၅၉

**ပျောက်ဆုံးကြောင်း**
ကျွန်မ မိရောနိုင် ၁၀/ပမန(နိုင်)၁၃၅၇၄၁၏ Passport (No-မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၁၆၅၀၇၀

**ရောင်းမည်**
မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာသစ်ခွ (၁.၅၃ ဧက) နှစ်(၆၀)ဂရံမြေ။
ဖုန်း-၀၉ ၂၅၀၁၉၁၁၀၀၊ ၀၉၅၁၀၅၁၀၄

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၁၊ မြေကွက်အမှတ် ၆၁၃၊ မြေကွက်တည်နေရာအမှတ် ၆၁၃၊ (၈၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ဦးတင်ရွှေ အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေ အမည်ပေါက် ဦးတင်ရွှေ၁၂/မဂတ(နိုင်)၀၃၂၁၄၂ ကိုယ်တိုင်က ပါမစ်မူရင်း(ဓာတ်ပုံမပါ) တင်ပြ၍ ပါမစ်မပြည့်စုံဖြင့် နှစ်၆၀မြေငှား စာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

**ပျောက်ဆုံးကြောင်း**
ကျွန်မ မအေးမြင့် ၁၀/မလမ(နိုင်) ၁၅၈၂၂၈၏ Passport (No. မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၇၀၁၁၀၁

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၈/၆၉၂၅၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရွာသာကြီး)

# ပျဉ်းမနားမြို့၌ လူတစ်ဦး ရထားကြိတ်မိ၍ သေဆုံး

**ပျဉ်းမနား မေ ၂၅**

နေပြည်တော် ဒက္ခိဏသီရိခရိုင် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် သူကြီးစု(၂)ရပ် ရထားသံလမ်း မိုင်တိုင်အမှတ် (၂၂၅/ ၂၀-၂၂) အကြား ယနေ့ ညနေ ၅ နာရီခွဲခန့်က လူတစ်ဦး ရထားကြိတ်ခံရပြီး သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်ခေါင်းမောင်း ဦးအေးမင်းသန်းမောင်းနှင်လာသော မန္တလေး-ရန်ကုန် အမှတ်(၂) အစုန်ရထား စက်ခေါင်း အမှတ် DF 1359 ဖြတ်သန်းစဉ် ပျဉ်းမနားမြို့ အိုးဖိုရပ် ဥယျာဉ်စုအုပ်စုတွင်နေထိုင်သည့် ဦးမောင်ကြီး(ခ) မောင်မောင်(၄၂ နှစ်)မှာ မီးရထားတွဲအောက်သို့ ပြေးဝင်လှဲချခဲ့ကြောင်း အနီးရှိ ပျဉ်းမနားမြို့ သာယာကုန်းရပ်ကွက် မီးရထားလိုင်းခန်းနေသူ ယုန်လေး(ခ)အောင်လင်းဆွေ(၁၉ နှစ်)က ပြောသည်။



သေဆုံးသူကို တာဝန်ရှိသူများက ရဲဆေးစာဖြင့် နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံသို့ပို့အပ်ခဲ့ပြီး သေဆုံးရသည့်အကြောင်းရင်းအား စစ်ဆေးနိုင်ရေး ဒုရဲအုပ်မျိုးဦးက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ပျဉ်းမနားမြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်း- မျိုးဇေယျာ(ပျဉ်းမနား)**
**ဓာတ်ပုံ - သီရိခေတ်**

# မူးယစ်ဆေးဝါးများအား ကြေးဆင်းတု ဘုရားနှစ်ဆူဖြင့် လဲလှယ်လာသူကို ဖမ်းဆီးရမိ

**ကျောက်မဲ မေ ၂၅**

ကျောက်မဲမြို့မရဲတပ်ဖွဲ့စခန်းမှ ရဲအုပ်မင်းမင်းဦးစီး၍ နယ်ထိန်းတပ်ဖွဲ့ဝင်များ ခရိုင်မှူ/ကူ အဖွဲ့သည် မေ ၂၄ ရက်က လှည့်ကင်း တာဝန်ဆောင်ရွက်နေစဉ် အမှတ် ၈ ရပ်ကွက် နယ်မြေ ၁ အောင်ဆန်းလမ်းမပေါ်၌ ကျောက်မဲမြို့တွင်းဘက်မှ ရပ်ကွက် ၈ ဘက်သို့လမ်းလျှောက်လာသူ သိုက်ထွန်း (ခ) အောင်ကျော်ဇံ(ခ) အိုက်မာန်အား မသင်္ကာဖွယ် တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ ဘိန်းဖြူမှုန့် အလေးချိန် ၀ ဒသမ ၃ ဂရမ်အား ရှာဖွေတွေ့ရှိသဖြင့် သိုက်ထွန်း (ခ) အောင်ကျော်ဇံ (ခ) အိုက်မာန်အား စစ်မေးရာ ပန်မောင်ကျေးရွာနေ ထွန်းအောင်ထံသို့ ကြေးဆင်းတု ဘုရားနှစ်ဆူဖြင့် သွားရောက် လဲလှယ်ခဲ့ရာမှ ရရှိခဲ့သည့် မူးယစ်ဆေးဝါးများဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

၎င်း၏ထွက်ဆိုချက်အရ ကျောက်မဲမြို့နယ် နမ်ဟူးတောင်းကျေးရွာအုပ်စု ပန်မောင်ရွာနေထွန်းအောင်၏ နေအိမ်သို့ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးရှာဖွေ ဖမ်းဆီးခွင့်ဖြင့် ဝင်ရောက်ရှာဖွေရာ သိုက်ထွန်း(ခ) အောင်ကျော်ဇံ (ခ) အိုက်မာန်မှ မူးယစ်ဆေးဝါးဖြင့် လဲလှယ်ခဲ့သည့် ဉာဏ်တော် ၁ ပေ ခန့်ရှိ ဆင်နှင့် မြင်းခံတင်ပျဉ်ခွေ ကြေးသွန်းဘုရားဆင်းတုတော် တစ်ဆူနှင့် ဉာဏ်တော် ၁၁ လက်မခန့်ရှိ တင်ပျဉ်ခွေ ကြေးသွန်းဘုရားဆင်းတုတော် တစ်ဆူတို့အား ထွန်းအောင်၏ နေအိမ်ဘုရားခန်းအတွင်း ရှာဖွေတွေ့ရှိသဖြင့် အရေးယူ ဆောင်ရွက်ထားရှိကြောင်း ကျောက်မဲမြို့မရဲစခန်းက အမှုဖွင့် သိရသည်။ **သိန်းသန်း(ပြန်ဆက်)**



# ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# မန္တလေး-မြစ်ကြီးနား အမှတ်(၉၃၃) အဆန်ကုန်ရထားတွဲ ဘီးချော်မှုဖြစ်ပွား

**အင်းတော် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပင်ဝဲဘူတာနှင့် မော်လူးဘူတာကြား မေ ၂၅ ရက် နံနက် ၉နာရီ မိနစ် ၅၀ က အမှတ် (၉၃၃) အဆန်ကုန်ရထားတွဲ ဘီးချော်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စက်ခေါင်းအမှတ် DF -2045 စက်ခေါင်းမောင်း ဦးသန်းဌေးအောင်နှင့် ရထားထိန်း ဦးမင်းမင်းထွန်းတို့မောင်းနှင်လာသော အမှတ်(၉၃၃) အဆန်ကုန်ရထားသည် ပင်ဝဲဘူတာမှ နံနက် ၉ နာရီ မိနစ် ၅၀ က ထွက်ခွာလာပြီး တွဲအမှတ် GBHAH ---- ဘီးအမှတ် ၂ နှင့် ၇ သည် ရထားမိုင်တိုင် အမှတ် ၅၉၉/ ၁၆ နှင့် ၅၉၉/ ၁၈ ကြားအရောက် သံလမ်းနှင့်ကပ်ကျပြီး ဘီးချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းချော်ကျသည့်ဘီးအား နဘား တွဲပြင်-တွဲစစ် အင်းတော် မီးရထားဝန်ထမ်းများနှင့် လမ်းလုပ်သားများက လမ်းပိုင်းပွင့်နိုင်ရေးကို ဆောင်ရွက်ခဲ့ရာ ညနေ ၃နာရီ မိနစ် ၅၀ တွင် ဆောင်ရွက်ပြီးစီးကြောင်း မော်လူးဘူတာ ရုံပိုင်ကြီး ဦးတင်ကိုလင်းက ပြောသည်။ **ခင်မောင်ဆွေ(မော်လူး)**

# ကျောက်မဲ၌ မူးယစ်ဆေးဝါးသုံးစွဲသူများအား ဖမ်းဆီး

**ကျောက်မဲ မေ ၂၅**

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့ ရပ်ကွက်(၈) နယ်မြေ(၄)တွင် မေ ၂၂ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က လူငယ်ခုနစ်ဦးအား မူးယစ်ဆေးဝါးများနှင့်အတူဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာသတင်းအရကျောက်မဲမြို့ ရပ်ကွက်(၈) နယ်မြေ (၄)တွင် နေထိုင်သော အိုက်ပြူး(ခ) အောင်မြင့်လှိုင်၏ နေအိမ်အား နယ်ထိန်းခေါင်းဆောင် ရဲအုပ် မင်းမင်းဦးစီး၍ နယ်ထိန်းတပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့ ဝင်ရောက်ရှာဖွေရာ အိမ်ရှင် အိုက်ပြူး(ခ)အောင်မြင့်လှိုင်နှင့်တကွ မူးယစ်ဆေးဝါးသုံးစွဲရန်ရောက်ရှိနေသော ဖိုးလပြည့်(ခ) မောင်ပြည့်ဝင်း၊ အိုက်ထွန်း၊ ကျော်သက်ပိုင်ထူး၊ အောင်မျိုးဦး၊ ထွန်းထွန်းဦးနှင့် အောင်ကျော်မိုးတို့အား နေအိမ်အိပ်ခန်းအတွင်း တွေ့ရပြီး ၎င်းတို့ထံမှ ဘိန်းဖြူမှုန့် အလေးချိန် ၀ဒသမ ၁ ဂရမ်ခန့်ပါ ဆေးထိုးပြွန် တစ်ချောင်း၊ 3 CC ဆေးထိုးပြွန်အတွင်း ထည့်ထားသည့် ဘိန်းဖြူမှုန့် အလေးချိန် ၀ဒသမ ၀၁ ဂရမ်ခန့်ပါ ဆေးထိုးပြွန်တစ်ချောင်း၊ 3 CC ဆေးထိုးပြွန်တစ်ချောင်း၊ 88/1 စာတန်းပါ စိတ်ကြွဆေးပြားတစ်ပြား၊ မူးယစ်ဆေးဝါးသုံးစွဲရန်ပြုလုပ်ထားသည့် တော့ပါတစ်ခုတို့အား ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းပြီး ကျောက်မဲမြို့မရဲစခန်းတွင် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

# ကြည့်မြင်တိုင်မြို့နယ်၌ ကားသုံးစီးဆင့်တိုက်

**ရန်ကုန် မေ ၂၅**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဗားကရာလမ်းအောက်ထိပ် ကမ်းနားလမ်း လမ်းဆုံမီးပွိုင့်၌ မေ ၂၄ ရက် ည ၁၁ နာရီက ကွန်တိန်နာကားကြီး MDY-6H/---- ဘရိတ်အုပ်ရပ်နားစဉ် နောက်မှ ကားနှစ်စီးဆင့်တိုက်မိရာ ယာဉ်သုံးစီးဆင့်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အခင်းဖြစ်ရာတွင် အမျိုးသားတစ်ဦးဒဏ်ရာရရှိပြီး အခြားမည်သူမျှထိခိုက်မှုမရှိကြောင်း၊ ခရီးသွားပြည်သူများနှင့် သက်ဆိုင်ရာယာဉ်မှုစစ်ထံမှ ကြားသိရသည်။ နောက်မှတိုက်သော YGN CC/---- မှာ ကွန်တိန်နာကားအောက်သို့ခေါင်းဝင်ပြီး နောက်ဆုံးမှ ဝင်တိုက်သော YGN 7D/----မှာ အနည်းငယ်ပျက်စီးကြောင်း တွေ့ရှိရသည်။ **ရွှေတိုင်လွင်**


**ယာဉ်မှတ်ပုံတင်မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၄၆၇၅၀ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝမ်း ၇/အတန(နိုင်)၀၈၃၃၀၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (တောင်ငူ)**

**မြေကွက်များရောင်းရန်ရှိသည်**

ရန်ကုန်-ပဲခူးကားလမ်းနှင့် ကိုက် ၂၀၀ အကွာ အင်းတကော်မြို့ရှိ ပေ(၄၀×၆၀) မြေကွက်များ အမည်ပေါက်ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်သည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၄၅၀၀၃၄၂၃၆**

**မွေးသက္ကရာဇ်နှင့် အမည်မှန်**

ဦးအိုက်ဂူး ၁၃/တယန(နိုင်)၀၂၆၂၄၆ ၏သား ဖားကန့်မြို့နယ်၊ ဝေ့ခါကျေးရွာ၊ ဝေ့ခါ အမကမှုလွန်ကျောင်း ပဋ္ဌမတန်း (B) မှ မောင်ကျော်မင်းထွန်း၏ မွေးသက္ကရာဇ်နှင့် အမည်အမှန်မှာ ၂၂-၉-၂၀၁၅ မောင်ကြည်စိုးဖြစ်ပါကြောင်း။

**မောင်ကြည်စိုး**

**အမည်ပြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ မံအင်မင်းကုန်းအုပ်စု၊ အရှေ့ကုန်းကျေးရွာ၊ အလက စတုတ္ထတန်းမှ မခင်သူဇာ အား မထက်ယွန်းနဒီ(ခ) မထက်ဝတီလွင်ဟု ပြောင်းလဲခေါ်ပါရန်။**မထက်ယွန်းနဒီ(ခ)မထက်ဝတီလွင်**

**လေလံတင်ရောင်းချရန်ကြော်ငြာ**

(၁) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ကလေးခရိုင်(ကလေး/ကလေးဝ/မင်းကင်း)မြို့နယ်ရှိ ပုံစံ(၈)ဝင် သစ်လုံး/ခွဲသား/တိုင်များအား သစ်တောဦးစီးဌာန၊ ကလေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ၆-၆-၂၀၁၆ ရက် ၁၀း၀၀ နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | သစ်မျိုး | စုစုပေါင်းတန် | ပုံစံ(၈)တည်နေရာ |
|---|---|---|---|
| (၁) | (က) ကျွန်းသစ်/တမလန်း/ ပိတောက်(သစ်/ယောင်ခြမ်း၊ဒါးရွေ) | ၈၀.၃၄၈၂ | ကလေးမြို့ |
| (၂) | (က) ကျွန်း/တမလန်း/ ပိတောက်(သစ်/ခွဲသား) | ၅၈၅.၇၉၇၈ | ကလေးဝမြို့ |
| | (ခ) သင်းဝင်ခွဲသား | ၇.၇၂၅၀ | |
| | (ဂ) ကျွန်းတိုင် | ၁၆၀ လုံး | |
| | (ဃ) တမလန်းတိုင် | ၃ လုံး | |
| (၃) | (က) အင်သစ် | ၂၈၈.၄၂၆ | မင်းကင်းမြို့ |
| | (ခ) သရက်သစ် | ၆.၄၆၆ | |
| | (ဂ) အင်/ကညင်ခွဲသား | ၁၁၄.၆၉၈၈ | |
| | စုစုပေါင်း | ၁၀၈၃.၄၆၂၈ | |

(၂) လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ကလေးခရိုင်သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၂၃-၅-၂၀၁၆ ရက်မှ ၂-၆-၂၀၁၆ ရက် အထိ လျှောက်လွှာ(၁)စောင်လျှင် (ကျပ်-၅၀၀၀/-)နှုန်းဖြင့် ဝယ်ယူတင်သွင်းနိုင်ပါသည်။ လျှောက်လွှာပုံစံကို ၃-၆-၂၀၁၆ ရက် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

(၃) အသေးစိတ်သိရှိလိုပါက ကလေးခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၇၃-၂၂၀၅၉ နှင့် ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ ကလေးမြို့ ဖုန်း-၀၇၃-၂၁၀၀၁၊ ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ ကလေးဝမြို့ ဖုန်း-၀၁၀-၄၁၉၅၂၈၁၊ မင်းကင်းမြို့ ဖုန်း-၀၁၀-၄၀၁၀၀၉၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ၊ လေလံတင်ရောင်းချရေးကော်မတီ**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 3B/3003၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 4B/4557၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဃ/၈၈၆၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

အလင်းသစ်စာပေတိုက်မှ ထုတ်လုပ်ဖြန့်ချိသည်။ ကျန်းမာ အသက်ရှည်လိုသူတိုင်းအတွက် ဆေးကို အားမကိုးဘဲ အစားအသောက်၊ အနေအထိုင်၊ အပူအအေး မျှတအောင် နေထိုင်ကျင့်ကြံခြင်းဖြင့် အသက်ရှည်နိုင်စေရန် လမ်းညွှန်ထားသော . . .

အလင်းသစ် စာပေ

**ဆေးမစားဘဲ**
**အသက်ရှည်ကျန်းမာစေမည့် နည်းလမ်းများ**
[လိုက်နာဖွယ်ရာ ရိုးရာဆေးပညာ အတွေးအခေါ်များ]
**ကြည်လွင်မြင့်(မုဒြာ)**
ဆိုင်များတွင်ရပြီ

**အလင်းသစ်စာပေတိုက်** ၊ ဖုန်း-၀၉ ၅၄၀၀၃၀၂၊ ၀၉ ၇၇၀၃၇၄၇

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ ချောင်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၉၉၀)၊ ချောင်းသာကွင်း၊ ဦးပိုင်အမှတ်(၈-၄၁)၊ ဧရိယာ ၀ဒသမ ၁၆၅ ဧကရှိ မြေအား နော်အဲလီထူးက မြေငှားဂရန် အမည်ပြောင်းချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံ/တောင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊မြေကွက်အမှတ်(၄၅၃)၊မြေကွက်တည်နေရာအမှတ်(၄၅၃)၊သစ္စာလမ်း၊ဒဂုံ/တောင် ဦးစောဝင်း(၁၂/ဆကခ(နိုင်)၀၀၉၈၈၄)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးစောဝင်း(၁၂/ဆကခ(နိုင်)၀၀၉၈၈၄)မှဂရန်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်းသက်ဆိုင်ရာရဲစခန်း/ရပ်ကွက်ထောက်ခံချက်၊ကိုယ်တိုင်ဝန်ခံချက်တင်ပြ၍ဂရန်မိတ္တူမြန်လျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း**
**(Certificate Course in Basic Diplomatic Skills)**
**သင်တန်းအမှတ်စဉ် (၃၇)အတွက်**
**သင်တန်းသားခေါ်ယူခြင်း**

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်ကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခဆရာ၊ ဆရာမကြီးများနှင့် ကျွမ်းကျင်သူပညာရှင်များကိုယ်တိုင် သင်ကြားပို့ချမည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၃၇) ကို ၂၀၁၆ခုနှစ် ဇွန်လအတွင်း စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ နိုင်ငံတကာရေးရာနှင့် သံတမန်ရေးရာကိစ္စများတွင် စိတ်ပါဝင်စားသူများ၊ နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုရှိသူများ စာရင်းသွင်းတက်ရောက်နိုင်ပါသည်။ သင်တန်းတွင် သံတမန်ရေးရာ သဘောတရားများကို သိရှိနားလည်စေရန် Diplomacy နှင့် ပတ်သက်သော ဘာသာရပ်များ၊ အပြည်ပြည်ဆိုင်ရာညီလာခံနှင့် အစည်းအဝေးကျင်းပခြင်း (International Conferencing)၊ စေ့စပ်ညှိနှိုင်းပြောဆိုမှုနည်းလမ်းများ(Ne gotiating Techniques)၊ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာဘာသာရပ်များ (International Law)၊ စီးပွားရေးဘာသာရပ်များ (Economic) အပါအဝင် သံတမန်ရေးရာ (Protocol) နှင့် သက်ဆိုင်သည့်အခြေခံဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်ပါသည်-

(က) **တက်ရောက်နိုင်သူများ** - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူများ
(ခ) **သင်တန်းကာလ** - ရက်သတ္တပတ် (၁၂)ပတ်
(ဂ) **သင်တန်းနေရာ** - 'မဟောသဓာ'ခန်းမဆောင်၊ ပြည်လမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့။

၂။ သင်တန်းလျှောက်လွှာများကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတွင် စတင်လက်ခံနေပြီဖြစ်ပြီး သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် ၁၀-၆-၂၀၁၆ရက် (သောကြာနေ့) နောက်ဆုံးထား၍ အမြန်ဆုံးစာရင်းပေးသွင်းကြပါရန် ကြေညာအပ်ပါသည်။

၃။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**ဖုန်း-၂၂၁၅၃၁၊ ၂၂၁၅၃၇၊ ၂၂၂၀၂၈**

**သင်တန်းကြီးကြပ်မှုကော်မတီ**
**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့**



# ဓာတ်အားလိုင်းများ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်

**ဒီမောဆို မေ ၂၅**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ရက် ၁၀၀ စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်အတွင်းရှိ ဒီမောဆို၊ ဖရူဆို၊ ဘော်လခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်များမှ ကျေးရွာစုစုပေါင်း ၈၆ ရွာအတွက် လျှပ်စစ်တိုးချဲ့ဖြန့်ဖြူးနိုင်ရေး ထရန်စဖော်မာနှင့် ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၄၀၀ ကေဗွီဓာတ်အားလိုင်းများ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအချိန်တွင် ကျေးရွာ ၄၉ ရွာအတွက် ဓာတ်အားဖြန့်ဖြူးနိုင်ရန် အဆင့်သင့်ဆောင်ရွက်ပြီးဖြစ်သဖြင့် မီတာများတပ်ဆင်သုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်ရှိနေသောကျေးရွာများကိုလည်း ဇူလိုင်လအတွင်း ဓာတ်အားသုံးစွဲသူပြည်သူများအား ဓာတ်အားပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကိုးပင်ဓာတ်အားခွဲရုံ တပ်ဆင်ခြင်းလုပ်ငန်းပြီးစီး



**ဆင်ပေါင်ဝဲ မေ ၂၅**

ဆင်ပေါင်ဝဲမြို့နယ် ၆၆ကေဗွီ/၅ အမ်ဗွီအေ ကိုးပင်ဓာတ်အားခွဲရုံ Control Panel များ တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုမှာ ယခုအချိန်တွင် ပြီးစီးပြီဖြစ်၍ တာဝန်ရှိသူများ လာရောက်စစ်ဆေးနေပြီဖြစ်ကြောင်းနှင့် အဆိုပါ ၆၆ကေဗွီ/၅ အမ်ဗွီအေ ကိုးပင်ဓာတ်အားခွဲရုံသည် ကိုးပင်ကျေးရွာမြောက်ဘက် သုံးဖာလုံအကွာ တောင်တွင်းကားလမ်းဘေးတွင် တည်ရှိပြီး ကိုးပင်-ဆင်ပေါင်ဝဲ ၁၁ကေဗွီ ဓာတ်အားလိုင်း ၁၇ မိုင်မှ ကျေးရွာ ၁၅ ရွာသို့ ဓာတ်အားဖြန့်ဖြူးမည်ဖြစ်၍ အဆိုပါဓာတ်အားခွဲရုံမှ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာသို့ မကြာမီဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကိုယ့်အားကိုယ်ကိုး ရေလမ်းကြောင်းပြောင်းခြင်းလုပ်ငန်းဆောင်ရွက်

**ကျွန်းလှ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် လိပ်ဆင်းတောင်ကျေးရွာတွင် ချောင်းရေလျှံမှုကာကွယ်ရန် ကိုယ့်အားကိုယ်ကိုး ရေလမ်းကြောင်း ပြောင်းခြင်းလုပ်ငန်းကို မေလတတိယပတ်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုင်းဝန်းချောင်းမှာ ယခင်နှစ်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေမြင့်တက်လာပြီး လယ်ယာမြေနှင့် လူနေအိမ်အချို့ရေလွှမ်းခံရကြောင်း၊ ယခုအခါ ရေလျှံမှုကာကွယ်ရန် ချောင်းပိတ်၍ ရေလမ်းကြောင်းပြောင်းခြင်းလုပ်ငန်းကို ဒေသခံများပူးပေါင်းပြီး ဆောင်ရွက်ကြကြောင်း သိရသည်။

အလားတူ နောင်ကောက်ကျေးရွာအုပ်စု နောင်ကောက်ကျေးရွာတွင်လည်း ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်အရ ရဲလုပ်ငန်းစဉ်များရှင်းလင်း

**ရန်ကုန် မေ ၂၅**

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ရဲတပ်ဖွဲ့စခန်းမှ ဘုရင့်နောင်နယ်မြေတွင် ရဲတပ်ဖွဲ့၏ ပြည်သူကိုဗဟိုပြုဝန်ဆောင်မှု ရဲလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရက် ၁၀၀ စီမံချက်ဟောပြောဆွေးနွေးပွဲကို မေ ၂၃ ရက်က နယ်မြေရဲစခန်းဓမ္မာရုံနှင့် ကျိုက်ဝိုင်းဘုရားရင်ပြင်ဓမ္မာရုံတို့၌ နယ်မြေစခန်းမှူး ရဲအုပ်သန်းဝင်းဦးဆောင်သော အဖွဲ့များက တစ်ပြိုင်တည်းရှင်းလင်းဟောပြောကြသည်။

ထို့နောက် ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့ကြသော ဆက်စပ်သိရှိသည့် အမှုဖြစ်စဉ်များ၊ ခိုး၊ ဆိုး၊ နှိုက် ဒုစရိုက်တို့ ကျင်လည်ကျက်စားမှုလုပ်ရပ်များ၊ နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးအတွက်ပြည်သူများပူးပေါင်းပါဝင်နိုင်ရေးတို့ကိုလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များကိုလည်းကောင်း နယ်မြေအတွင်း လှည့်လည်ဟောပြောဆောင်ရွက်ခဲ့သည်။

ထို့နောက် ပြည်သူများအား အသိပေးဆွေးနွေးခြင်းများဖြင့် လက်ကမ်းစာစောင်များ လက်ဆင့်ကမ်းစနစ် အသုံးပြုကာ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



## ပြည်သူ့အတွက် ပထမ ရက် ၁၀၀ မြို့နယ်များ၌ ဆောင်ရွက်ချက်များ

**ဟိုင်းကြီးကျွန်း**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးနှင့် လျှပ်စစ်လေလွင့်ဆုံးရှုံးမှု မရှိစေရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ရက် ၁၀၀ စီမံချက်အရ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကျုံကူးကျေးရွာအနီးတစ်ဝိုက်ရှိ ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးရန် တည်ဆောက်လျက်ရှိသော ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုအခြေအနေကို မေလတတိယပတ်က လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးမြင့်သူနှင့် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးစဝင်းနိုင်တို့က လုပ်ငန်းအချိန်မီပြီးစီးနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်( ပြန်/ဆက် )**

**ဒီပဲယင်း**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ရဲတပ်ဖွဲ့၏ရဲလုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို မေလတတိယပတ်က ဒီပဲယင်းမြို့ မြို့မရဲစခန်းဝင်းအတွင်း ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမင်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဌေးက မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဗဟို)မှ ညွှန်ကြားထားသည့် ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူကိုအကျိုးပြုရင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများကို စီမံချက်ပါလုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပြည်သူများကို ဝန်ဆောင်မှုရှေးရှုသည့် ရဲလုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးခဲ့သည်။

**အောင်လင်း(ပြန်/ဆက်)**

**ဇီးကုန်း**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရက် ၁၀၀ အတွင်း မြို့နယ်အတွင်းရှိ လယ်မရွာ၊ သစ်ဖြူကွင်းရွာနှင့် ရေတာရှည်ကျေးရွာများတွင် မြေသားရေကန်ပြုပြင်ခြင်း လုပ်ငန်းသုံးခု၊ လေးလက်မတွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းငါးခုနှင့် တံတားတစ်စင်း ပြုပြင်ခြင်းလုပ်ငန်းများကို မေလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ မေလတတိယပတ်က မြေသားရေကန်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့သည်။ ထို့ပြင် တွင်းတိမ် တူးဖော်ခြင်းလုပ်ငန်းများမှာ ၄၀ ရာခိုင်နှုန်းပြီးစီးလျက်ရှိရာ ရက် ၁၀၀ အတွင်း အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက် (ဇီးကုန်း)**

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့ရဲတပ်ဖွဲ့ဓမ္မာရုံတွင် မေ ၂၂ ရက်က ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် စလင်းရဲတပ်ဖွဲ့မြို့နယ်မှူးရဲမှူးခင်မောင်ရိန်က အမှာစကားပြောကြားပြီး စခန်းမှူးဒုရဲမှူးဝင်းတင့်က ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် ဝန်ဆောင်မှုရှေးရှုရဲလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အခမ်းအနားသို့တက်ရောက်လာသော မြို့မိမြို့ဖများကလည်း သိရှိလိုသောကိစ္စရပ်များနှင့် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ မော်တော်ဆိုင်ကယ်များ မဆင်မခြင်မောင်းနှင်မှုများကို အထူးကြပ်မတ်ထိန်းသိမ်းပေးရန်တို့ကို ပွင့်လင်းမြင်သာစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနမှာ အများပြည်သူ စိတ်ဝင်စားမှုအများဆုံးက ပညာရေးနဲ့ပတ်သက်တဲ့အရာတွေ ဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့လုပ်ငန်းစဉ်သုံးရပ်ကလည်း သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာဆိုပြီး သုံးခုရှိပါတယ်။

"မြတ်ဗုဒ္ဓရဲ့ ဓမ္မတွေကို သင်ကြားပေးတဲ့ အဆင့်ဆင့်ပညာရေးစနစ်ပါဝင်သလို အများပြည်သူနဲ့ သက်ဆိုင်တဲ့ ဘုန်းတော်ကြီးသင်ပညာရေးစနစ်လည်းပါဝင်ပါတယ်။ သာသနာရေးဘက်အပိုင်းမှာ ဝိသာခါတန်ဆောင်းပြုပြင်သလိုပဲ သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံကွပ်ကဲတဲ့ ရှေးဟောင်းအဆောက်အအုံတွေ၊ ကျောင်းတွေစတဲ့ ယဉ်ကျေးမှုဘက်ကနေပြီးတော့ ထိန်းသိမ်းကွပ်ကဲရတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေလည်း ရှိပါတယ်။ ဒါတွေကိုလည်း အဆင့်အလိုက် နိုင်ငံတော်ကိုတင်ပြ၊ ဘတ်ဂျက်တောင်းခံပြီး ပြုပြင်မွမ်းမံထိန်းသိမ်းသွားဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက

# ဝိသာခါတန်ဆောင်း၊ ဒဂုံသီရိဘေးမဲ့ကန်ကြီးနှင့် အခြားသောယဉ်ကျေးမှုဆိုင်ရာများကို ပြုပြင်မွမ်းမံမှုများ လုပ်ဆောင်လျက်ရှိသည့် ရက် ၁၀၀

[သာသနာရေးနဲ့ယဉ်ကျေးမှုဝန်ကြီးဌာန ရက် ၁၀၀ စီမံချက်]

■ သတင်းဆောင်းပါး- နိုင်လင်းကြည်



**သာသနာရေးဆိုင်ရာ ပွဲလမ်းသဘင်အခမ်းအနားများ ကျင်းပသည့် မဟာပါသာဏလိုဏ်ဂူ** ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

လုပ်ဆောင်မည့် လုပ်ငန်းဆောင်တာများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောကြားခဲ့သည်။

**ဝိသာခါတန်ဆောင်းအကြီးစားပြုပြင်မွမ်းမံ**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် လက်ရှိတွင် ၁၉၄၇ ခုနှစ်ကာလက ဆဋ္ဌသံဂါယနာတင်ရန် မဟာပါသာဏလိုဏ်ဂူကိုတည်ဆောက်ခဲ့ရာတွင်အတူပါဝင်လာခဲ့သည့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံတစ်ခုဖြစ်သည့် ကမ္ဘာအေးကုန်းမြေပေါ်ရှိ ဝိသာခါတန်ဆောင်းကို အကြီးစားပြုပြင်မွမ်းမံမှုများ လုပ်ဆောင်လျက်ရှိပြီး ရက် ၁၀၀ စီမံကိန်းအတွက် နိုင်ငံတော်က ငွေကျပ် ၆၄၇ သိန်းကျော်ခွင့်ပြုထားကြောင်းလည်း သိရသည်။

အဆိုပါဝိသာခါတန်ဆောင်းအား အကြီးစားပြုပြင်မွမ်းမံရသည့် ရည်ရွယ်ချက်မှာ ရပ်ဝေးမှ ရန်ကုန်မြို့သို့ မရောက်ဖူးသူများ၊ ဆင်းရဲနွမ်းပါးသူများ ဘုရားဖူးလာရောက်ပါက အခမဲ့တည်းခိုနေထိုင်နိုင်ရန်နှင့် လူဦးရေ ၂၀၀ အထိ တစ်ပြိုင်နက်တည်းခိုနိုင်ရန် ပြုပြင်ပေးလျက်ရှိခြင်းဖြစ်ကြောင်း သိရသည်။

ဝိသာခါတန်ဆောင်းအဆောက်အအုံသည် နှစ်ပေါင်းကြာရှည်လာသည်နှင့်အမျှ ယိုယွင်းပျက်စီးလာခြင်းကြောင့် အဆောက်အအုံရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဝိသာခါတန်ဆောင်းတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေး၊ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့အစည်းအဝေး၊ ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်၊ သင်တန်းများသို့ ကြွရောက်လာသည့် ဆရာတော် သံဃာတော်များ သီတင်းသုံးကြကြောင်း သိရသည်။

**ရက် ၁၀၀ စီမံကိန်းဝင် ဒဂုံသီရိဘေးမဲ့ကန်တော်ကြီး**

ထိုသို့ဝိသာခါတန်ဆောင်းအား ပြုပြင်မွမ်းမံမှုများပြုလုပ်လျက်ရှိသည့်အပြင် နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်နေပြီဖြစ်သည့် ဒဂုံသီရိဘေးမဲ့ကန်တော်ကြီးကိုလည်း ပြန်လည်ဆည်ဖို့မှုများ လုပ်ဆောင်လျက်ရှိသည်။ ယင်းဒဂုံသီရိဘေးမဲ့ကန်ကြီးသည် ကမ္ဘာအေးကုန်းမြေ၏ အနောက်ဘက်အခြမ်းတွင်တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၁၅ ဧကခန့်ကျယ်ဝန်းကြောင်း သိရသည်။

ဒဂုံသီရိဘေးမဲ့ကန်တော်ကြီးတွင် ကန်ငါးကန်ရှိပြီး ရှေးယခင်က နှစ်စဉ် နှစ်ဆန်း ၁ ရက်နေ့တိုင်း ဗုဒ္ဓဘာသာဝင် အများပြည်သူများ၊ ဝတ်အသင်းအဖွဲ့များက ဇီဝိတဒါနသက်လွှတ်ကုသိုလ်ယူငါးလွှတ်ပွဲများ အစဉ်အလာမပြတ် ပြုလုပ်လေ့ရှိသည့် ဘေးမဲ့ကန်ကြီးဖြစ်သည်။

ဒဂုံသီရိဘေးမဲ့ကန်ကြီးအား ပြန်လည်ဆည်ဖို့ရခြင်းသည် နှစ်ကာလကြာလာသည်နှင့်အမျှ နုန်းပို့ချမှုများလာခြင်းကြောင့် ကန်ကြီး၏ရေအနက်သည် လေးပေငါးပေခန့်အထိ တိမ်ကောသွားခဲ့သည်။ အဆိုပါ ဒဂုံသီရိဘေးမဲ့ကန်ကြီးတွင် ငါးအကောင်ရေ သိန်းသန်းချီရှိပြီး ပြန်လည်ဆည်ဖို့မှုများပြုလုပ်နေခြင်းကြောင့် အခြားနေရာသို့ ရွှေ့ပြောင်းထားရှိကြောင်း သိရသည်။ လက်ရှိ ပြန်လည်ဆည်ဖို့မှုများ လုပ်ဆောင်လျက်ရှိရာတွင် ယခင်ကရှိခဲ့သည့် ပေအနက်အတိုင်း ၁၂ ပေမှ ၁၅ ပေအထိဖြစ်အောင် တူးဖော်နေခြင်းဖြစ်သည်။ အဆိုပါ ဒဂုံသီရိဘေးမဲ့ကန်ကြီးအား ပြန်လည်တူးဖော်ရန်အတွက် ကျပ်သိန်းနှစ်ထောင်ကျော်အထိ အကုန်အကျခံကာ ရက် ၁၀၀ စီမံကိန်းဝင် လုပ်ငန်းဆောင်ရွက်မှုတစ်ခုအဖြစ် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

"ဒဂုံသီရိဘေးမဲ့ကန်ကြီးကို အခုရက် ၁၀၀ စီမံကိန်းကာလအတွင်းမှာ ပြီးမြောက်အောင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒါကို အလှူရှင်တွေရဲ့လှူဒါန်းထောက်ပံ့မှုနဲ့ လုပ်တာရှိပါတယ်။ အလားတူပဲ နိုင်ငံရဲ့ အချို့နေရာတွေမှာဆိုရင်လည်း ဒီလိုထိန်းသိမ်းဖို့ လုပ်ငန်းတွေရှိရင် သာသနာရေးနဲ့ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ လုပ်ငန်းတာဝန်တစ်ရပ်အနေနဲ့ ဆက်လက်ပြီး အလှူငွေနဲ့ ထိန်းသိမ်းသွားမှာ ဖြစ်ပါတယ်"ဟု ဝိသာခါတန်ဆောင်း၊ ဒဂုံသီရိဘေးမဲ့ကန်ကြီးတို့အား ပြုပြင်မှုများအပြင် အခြားသော ထိန်းသိမ်းရန်လိုအပ်သည်များရှိပါကလည်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောသည်။

**ဖျက်သိမ်းလိုက်၊ ပြန်ဖွင့်လိုက်ဖြစ်ခဲ့သည့် ဘုန်းတော်ကြီးသင်ပညာရေးစနစ်**

လက်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၁၅၆၈ ကျောင်းအထိ ရှိပြီး ဆင်းရဲနွမ်းပါးသည့်ကလေးများ၊ မိဘမဲ့ကလေးများအပါအဝင် စုစုပေါင်း သုံးသိန်းကျော်အထိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည်။ အဆိုပါကျောင်းများတွင် လုပ်အားပေးနေသည့် ဆရာ ဆရာမအရေအတွက်မှာ ၇၇၀၀ ကျော် ရှိကြောင်းလည်း သိရသည်။

ဘုန်းတော်ကြီးသင်ပညာရေးစနစ်ကို ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရလက်ထက်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအောက်ရှိ ဌာနစိတ်တစ်ခုအဖြစ် ဖွဲ့စည်းသင်ကြားခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ၁၉၇၄ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်တွင်မှ ဘုန်းတော်ကြီးသင်ပညာရေးစနစ်ကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။ ၁၉၈၉၊ ၁၉၉၀ ခုနှစ်များတွင်မှ ဘုန်းတော်ကြီးများ၊ ဆင်းရဲသည့် နိုင်ငံသား၊ တိုင်းရင်းသားမိဘများ၏ တောင်းဆိုချက်အရ ဘုန်းတော်ကြီးသင်ပညာရေးစနစ်ကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဘုန်းတော်ကြီးသင်ပညာရေးစနစ်သည် ဖွင့်လှစ်လိုက်၊ ဖျက်သိမ်းလိုက်ဖြင့် မတည်မငြိမ်ရှိနေသည့်အပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် လုပ်အားပေးသင်ကြားပေးနေသည့် ဆရာ ဆရာမများအား လစဉ်ထောက်ပံ့ကြေးသည်လည်း ကုန်စျေးနှုန်းအခြေအနေနှင့် စီးပွားရေးအခြေအနေတို့ကြောင့် လုံလောက်မှုမရှိဘဲ လက်ရှိလစဉ်ထောက်ပံ့ကြေးအဖြစ် ပေးအပ်ခဲ့ရာတွင်လည်း မူလတန်းပြအဆင့်ကို တစ်လလျှင် ငွေကျပ် ၃၆၀၀၀၊ အလယ်တန်းပြအဆင့်ကို ငွေကျပ်၄၁၀၀၀၊ အထက်တန်းပြအဆင့်ကို ငွေကျပ် ၄၅၀၀၀ သာ ချီးမြှင့်ထောက်ပံ့ပေးထားနိုင်ခဲ့ပြီး အဆိုပါထောက်ပံ့သည့် လစာပမာဏမှာ မုန့်ဖိုးမျှလောက်သာ ရှိသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှတစ်ဆင့် အစိုးရအခြေခံ ပညာကျောင်းများသို့ ကြိုးစားပြောင်းရွှေ့မှုများ ဖြစ်ပေါ်ခဲ့ပြီး ယင်းသို့ပြောင်းရွှေ့သွားမှုနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက "နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမဖြစ်ဖို့ လိုအပ်တဲ့ သင်တန်းအဆင့်ဆင့်ကို တက်ရပါတယ်။ ဆရာဖြစ်သင်တန်းတွေကို TTCမှာ တက်ရပါတယ်။ ပြီးမှ နိုင်ငံ့ဝန်ထမ်းခန့်ရတာဖြစ်ပါတယ်။ သင်ကြားပေးနေတဲ့အထဲမှာ ဘွဲ့ရလည်းပါတယ်။ ၁၀ တန်းအောင်တွေလည်းပါတယ်။ ၁၀ တန်း မအောင်တဲ့ လုပ်အားပေးဆရာ ဆရာမတွေလည်းပါပါတယ်။ အဲဒီအခါမှာ ဆရာအတတ်သင်သိပ္ပံတွေ၊ ကောလိပ်တွေတက်ဖို့အတွက်မှာတော့ အများစုက ကန့်သတ်ချက်ရှိပါတယ်။ တချို့လည်း ဘွဲ့ပါရလို့ သင်တန်းပေးလိုက်တဲ့အခါမှာ၊ သင်တန်းပြီးတဲ့အခါမှာ သူတို့က အစိုးရ အခြေခံပညာကျောင်းတွေကို ကြိုးစားပြောင်းရွှေ့သွားလို့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေမှာတော့ သင်တန်းမတက်ရသေးတဲ့၊ ဘွဲ့မရသေးတဲ့ ဆရာ ဆရာမ အချို့သာကျန်ခဲ့တဲ့ အခက်အခဲလည်း ကြုံတွေ့နေရပါတယ်"ဟု လက်ရှိ ဖြစ်ပေါ်နေသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ အခက်အခဲကို ရှင်းပြသည်။

နိုင်ငံတော်အစိုးရ၏မူအရ ယခင်က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို မူလတန်းလွန်အဆင့်ထိသာ သင်ကြားမှုပြုခဲ့သော်လည်း လိုအပ်ချက်အရ အချို့ကျောင်းများကို အလယ်တန်းအထိ တိုးချဲ့ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ မန္တလေးမှ ဖောင်တော်ဦးကျောင်း၊ စလေကျောင်းနှင့် ရန်ကုန်မှ တောတိုက်ဓမ္မရိပ်သာကျောင်းများအပါအဝင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းခြောက်ကျောင်းကို အထက်တန်းကျောင်းအဖြစ်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"အထက်တန်းအဆင့်အထိ သင်ပေးနေတဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေမှ ဆရာတော်တွေက တောင်းဆိုထားပါတယ်။ လောလောဆယ်တောင်းဆိုထားတာကတော့ ခြောက်ကျောင်းရှိပါတယ်။ သူတို့ကျောင်းတွေကို ဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်းအဖြစ်နဲ့ တရားဝင်အသိအမှတ်ပြုပေးဖို့ တောင်းဆိုထားတာပါ။ ကျောင်းအဆောက်အအုံ၊

*စာမျက်နှာ ၁၈ သို့*

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယခင်က မှတ်တမ်းအမွေအနှစ် စာရင်းဝင်ခဲ့သည်များကို လိုဂိုစိုက်ထူခြင်းများ ဆောင်ရွက်မည်ဖြစ်သည့်အပြင် ပုဂံညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ကြီး၏ ရင်ပြင်ရှိ ဘုရင့်နောင်ခေါင်းလောင်းကြီးကို မြန်မာနိုင်ငံ၏ တတိယမြောက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်ဖြစ်လာရေး လျာထားတင်သွင်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ ယင်းသို့ လျာထားတင်သွင်းမှုကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း ဆောင်ရွက်သွားမည်

**မြန်မာတိုင်းရင်းသားများ၏ အဆို၊ အက၊ အရေး၊ အတီး ဖျော်ဖြေတင်ဆက်မှု** (ဓာတ်ပုံ - ယဉ်ကျေးမှု)



## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

"ပြောင်းလဲချိန်တန်ပြီ" ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏ တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ်တိုင်းအတွက် စိန်ခေါ်မှုတစ်ခုလည်းဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်း စသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲခဲ့သည်။ ပြည်သူက ကြည်ဖြူနေဆဲ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏ အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်။ မေ ၁ ရက်မှစတင်သည့် ရက် ၁၀၀ ကာလအတွင်း ဝန်ကြီးဌာနတစ်ခုချင်းအလိုက် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ကြမည့် လုပ်ငန်းများကို သတင်းရယူစုစည်းဖော်ပြအပ်ပါသည်။


**ပြန်လည်ပြုပြင်မွမ်းမံထားသည့် ဝိသာခါတန်ဆောင်းအား တွေ့ရစဉ်** ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀




**နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူလေးများ**
(ဓာတ်ပုံ-တင်မောင်လွင်-မြန်မာ့အလင်း)

*စာမျက်နှာ ၁၇ မှ*

ပရိဘောဂအားလုံး သူတို့က တာဝန်ယူပါတယ်။ ကျောင်းအများစုကတော့ ဆရာ ဆရာမ ထောက်ပံ့ကြေးကိုပဲ ပညာရေးဝန်ကြီးဌာန သို့မဟုတ် နိုင်ငံတော်က သို့မဟုတ် သာသနာရေးကနေ တာဝန်ယူပေးဖို့ တင်ပြတာတွေရှိပါတယ်။ ဒါကြောင့် မကြာခင်ဖြစ်ပေါ်လာမယ့် အနေအထားတွေရှိနေပါတယ်'' ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

လက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၁၅၆၈ ကျောင်းရှိပြီး အဆိုပါကျောင်းများမှာ တရားဝင်ဖွင့်ထားသည့်ကျောင်းများဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။ အဆိုပါကျောင်းများတွင် ပညာသင်ကြားပေးနေသည့် ဆရာ ဆရာမများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၃ ဒသမ ၄ ဘီလီယံအထိ ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ တွင်လည်း ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ဆရာ ဆရာမများအတွက် လစဉ်ထောက်ပံ့ကြေးသည် လက်ရှိစီးပွားရေးအခြေအနေအရ လုံလောက်ရန် အတော်ပင်ခက်ခဲနေခြင်းကြောင့် အစိုးရကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်း ဆရာ ဆရာမများနှင့် တစ်ပြေးညီမဟုတ်လျှင်သော်မှ သင့်တင့်သည့်အထောက်အပံ့ဖြစ်စေရန် တိုးမြှင့်ထောက်ပံ့မှုများကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြကာ ဘတ်ဂျက်မှတစ်ဆင့် ထောက်ပံ့သွားရန်လည်း အစီအစဉ်ရှိကြောင်း သိရသည်။

ထို့အတူ အနုပညာဦးစီးဌာနကလည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်အဖြစ် အနုပညာဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ၊ ဇာတ်တော်ကြီးများအား ပြည်သူလူထုသို့ အခမဲ့ဖျော်ဖြေတင်ဆက်ခြင်း၊ အနုပညာအထက်တန်းကျောင်းများအား အဆင့်မြှင့်တင်ခြင်းအပါအဝင် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာတူရိယာပစ္စည်းများဆိုင်ရာ စာအုပ်ထုတ်ဝေခြင်းများ လုပ်ဆောင်လျက်ရှိသည်။

အနုပညာဆိုင်ရာ သုတေသနစာတမ်းတွင် တေးသီချင်းနှင့် ဇာတ်သဘင်မှ အချိုးတေးကဗျာများစာတမ်း၊ အနုပညာ ဇာတ်သဘင်သမားစဉ်စာတမ်း၊ ဇာတ်ဆောင်စရိုက် ဖန်တီးမှု စာတမ်းတို့ ပါဝင်သည်။ ဇာတ်တော်ကြီးများတွင် အဆို၊ အငို၊ အပြောစသည့် စကားလုံးအားလုံးသည် အချိုးတေးကဗျာ၏ အရေးအသားအတိုင်း သွားရသည်ဖြစ်သဖြင့် အနုပညာရှင်များ၊ တေးသီချင်းစပ်ဆိုသူများအတွက်လည်း အလွန်တန်ဖိုးရှိသည့် စာတမ်းတစ်စောင်ဖြစ်ကြောင်း အနုပညာဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံက ပြောသည်။

''အနုပညာ ဇာတ်သဘင်သမားစဉ်ဆိုတာကတော့ မြန်မာအဘိဓာန်ထဲမှာ သမားဆိုတာ ဘာကိုဖွင့်ဆိုထားသလဲ ဆိုရင် စဉ်ဆက်မပြတ်ပြုလေ့ပြုထရှိခြင်း၊ အလေ့အထတစ်ခုကို ဆောင်ရွက်ခြင်း ဆိုပြီး အဓိပ္ပာယ်ဖော်ပြထားပါတယ်။ စဉ်ဆိုတာကတော့ တန်းစီခြင်းလို့ခေါ်ပါတယ်။ အဲဒါကြောင့် အနုပညာမှာ အလေ့အထရှိတာတွေကို အစီအစဉ်အလိုက် ဖော်ပြခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ မြန်မာတိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး၊ အနုသုခုမပညာ၊ ခေတ်ဟောင်းပညာ စသဖြင့် ဒါတွေကိုထိန်းသိမ်းမယ်။ ဖော်ထုတ်မယ်။ ပြီးရင်မြှင့်တင်မယ်ဆိုတဲ့ ဦးတည်ချက်၊ တစ်နည်းအားဖြင့် လုပ်ငန်းတာဝန်တစ်ခုပါပါတယ်။''ဟု ၎င်းက ရှင်းပြသည်။

ဇာတ်တော်ကြီးများကို အများပြည်သူသို့ အခမဲ့ဖျော်ဖြေတင်ဆက်ခြင်းသည် စာတမ်းဖတ်ကြားခြင်းနှင့် ဆက်စပ်နေပြီး မြန်မာတိုင်းရင်းသားများ၏ အဆို၊ အက၊ အရေး၊ အတီးများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ခြင်းပင်ဖြစ်သည်။ ဇာတ်တော်ကြီးများ အခမဲ့တင်ဆက်မှုသည် အများပြည်သူကို အပန်းပြေစေမည့်အပြင် အဆို၊ အက၊ အရေး၊ အတီးကိုလည်း အများပြည်သူသိစေချင်သည့် ရည်ရွယ်ချက်ဖြင့် ရက် ၁၀၀ စီမံချက်အတွင်း ထည့်သွင်းထားခဲ့ကြောင်းလည်း သိရသည်။

လက်ရှိတွင် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားတို့၏ ရိုးရာတူရိယာပစ္စည်းများကို အနုပညာဦးစီးဌာနက ကွင်းဆင်းသုတေသနပြုမှုများ လုပ်ဆောင်လျက်ရှိပြီး ရိုးရာတူရိယာပစ္စည်း ၂၉၉ မျိုးအထိ တွေ့ရှိထားကြောင်း သိရသည်။

''အဲဒီ မြန်မာတိုင်းရင်းသားတို့ရဲ့ ရိုးရာတူရိယာ ၂၉၉ မျိုးထဲကနေ တူရိယာ ၄၇ မျိုးကို စာအုပ်အဖြစ်နဲ့ ထုတ်ဝေမှာဖြစ်ပါတယ်။ ဒီရက် ၁၀၀ အတွင်းမှာ စာအုပ်ထုတ်ဝေမယ်။ ထုတ်ဝေပြီးရင် မြန်မာတိုင်းရင်းသားတွေ အားလုံးသိအောင်၊ လေ့လာမှတ်သားလို့ရအောင် မှတ်တမ်းမှတ်ရာအဖြစ် ထားရှိနိုင်အောင် ဆောင်ရွက်သွားမှာပါ''ဟု အနုပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံက ပြောသည်။

**လက်ဆင့်ကမ်းအမွေအဖြစ် ထိန်းသိမ်းရမည့် ရိုးရာယဉ်ကျေးမှု**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနအောက်တွင် ပန်တျာကျောင်း၊ ပန်းချီပန်းပုကျောင်းစသည်ဖြင့် ကျောင်းများဖွင့်လှစ်သင်ကြားလျက်ရှိပြီး အဆိုပါကျောင်းနှစ်ကျောင်းပေါင်းကို အနုပညာအထက်တန်းကျောင်းဟု အမည်ပေးထားသည်။ ယင်း အနုပညာအထက်တန်းကျောင်းမှတစ်ဆင့် ပန်းချီပန်းပုပညာများ၊ ပန်တျာပညာများကိုလည်း သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ အနုပညာ အထက်တန်းကျောင်းတွင် သင်ကြားချိန်ကို နှစ်ပိုင်းခွဲထားပြီး နံနက်ပိုင်းတွင် အတန်းပညာကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် အနုပညာကိုလည်းကောင်း အသီးသီးသင်ကြားပေးလျက်ရှိကြောင်းလည်း သိရသည်။

အနုပညာအထက်တန်းကျောင်းသို့ တက်ရောက်လိုသူများသည် ခုနစ်တန်းအောင်ပါက တက်ရောက်နိုင်ပြီး အနုပညာအထက်တန်းကျောင်းသို့ တက်ရောက်နေသည့် လူငယ် လူရွယ်များအနေဖြင့်လည်း မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးတို့ကိုလည်း လက်ဆင့်ကမ်းအမွေအဖြစ် ဆက်လက်ထိန်းသိမ်းသွားရန်လည်း အရေးကြီးပေသည်။

အနုပညာအထက်တန်းကျောင်းများတွင် စိတ်ရောကိုယ်ပါ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေးအတွက်လည်း ယင်းကျောင်းတွင် တက်ရောက်နေသည့် လူငယ်လူရွယ်များအတွက် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်းများကို ရက် ၁၀၀ စီမံချက်တစ်ရပ်အဖြစ် သတ်မှတ်ကာ ဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု ယခုထက်မက ပိုမိုထွန်းကားလာစေရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ကမ္ဘာ့မှတ်တမ်းအမွေအနှစ်နှင့် ဘုရင့်နောင်ခေါင်းလောင်းကြီး**

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်မှုများအပြင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်တင်သွင်းခြင်းနှင့် ကမ္ဘာ့အမွေအနှစ်ရရှိထားခဲ့သည့် အထိမ်းအမှတ်လိုဂိုကိုလည်း စိုက်ထူနိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ကမ္ဘာတစ်ဝန်းတွင်ရှိသည့် မှတ်တမ်းအမွေအနှစ်များကို ယူနက်စကို၏ ကြီးကြပ်မှုနှင့်အတူ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံသည်လည်း နိုင်ငံအတွင်းရှိ အထင်ကရနေရာများအား မှတ်တမ်းအမွေအနှစ် စာရင်းတင်သွင်းနိုင်ရန် ၂၀၁၁ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်တွင် မန္တလေးမြို့ရှိ ကုသိုလ်တော်အား မှတ်တမ်းအမွေအနှစ်စာရင်းဝင်ဖြစ်လာရေး တင်သွင်းခံခဲ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်နိုင်သည်များကို စာရင်းပြုစုကာတင်သွင်းမှုများပြုလုပ်ခဲ့ရာ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင်လည်း ပုဂံညောင်ဦးမြို့ရှိ မြစေတီကျောက်စာ (ရာဇကုမာရ်ကျောက်စာ)အား ယူနက်စကိုက ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်အဖြစ် အသိအမှတ်ပြုပေးခဲ့သည်။

ထို့ကြောင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယခင်က မှတ်တမ်းအမွေအနှစ် စာရင်းဝင်ခဲ့သည်များကို လိုဂိုစိုက်ထူခြင်းများ ဆောင်ရွက်မည်ဖြစ်သည့်အပြင် ပုဂံညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ကြီး၏ ရင်ပြင်ရှိ ဘုရင့်နောင်ခေါင်းလောင်းကြီးကို မြန်မာနိုင်ငံ၏ တတိယမြောက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်ဖြစ်လာရေး လျာထားတင်သွင်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ ယင်းသို့ လျာထားတင်သွင်းမှုကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အနုပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံက ပြောကြားခဲ့သည်။

အဆိုပါ ရွှေစည်းခုံစေတီတော်ကြီး၏ ရင်ပြင်ရှိ ဘုရင့်နောင်ခေါင်းလောင်းကြီးသည် ဘုရင့်နောင်မင်းတရားကြီး လှူဒါန်းခဲ့သည့် ခေါင်းလောင်းကြီးဖြစ်ပြီး ယင်းခေါင်းလောင်းအား ဘာသာသုံးမျိုးဖြင့် ရေးထိုးထားကြောင်းလည်း သိရသည်။

**ပြတိုက်များအဆင့်မြှင့်တင်ခြင်း**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ပြတိုက်များ အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက် (ရန်ကုန်) ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းကို Steel Structure မှန်နံရ ဖြင့် ဘေးပတ်လည်မှ လူသွားလမ်းပြုလုပ်ကာ မော်တော်ကားပြခန်းများတည်ဆောက်ခြင်း၊ ဗိုလ်ချုပ်နေအိမ်ပြတိုက်အဆောက်အအုံပိုင်း ကြံ့ခိုင်ရေးဆောင်ရွက်ခြင်း၊ လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ ပြင်ဆင်တည်ဆောက်ခြင်း၊ လုံခြုံရေးအတွက် CCTV ကင်မရာတပ်ဆင်ခြင်း၊ မီးသတ်စနစ်များ တပ်ဆင်ခြင်းနှင့် ဝင်းအတွင်း လျှပ်စစ်မီးများသွယ်တန်းခြင်း စသည်ဖြင့် အဆင့်မြှင့်တင်မှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ထိုသို့ ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်အား အဆင့်မြှင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည့်အပြင် မန္တလေးမြို့ရှိ မန္တလေးယဉ်ကျေးမှုပြတိုက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် မန္တလေးပတ်ဝန်းကျင် ခေတ်အဆက်ဆက်နှင့် ရတနာပုံခေတ်ပြခန်းများ၊ လက်မှုအနုပညာပစ္စည်းများကို မီးအလင်းပေးမှုနှင့်ပေါင်းစပ်၍ ပြန်လည်ခင်းကျင်းကာ ဖွင့်ပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပြောကြားခဲ့သည်။

ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန တစ်ခုတည်းကသာ တာဝန်ရှိသည်မဟုတ်ဘဲ ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းထိန်းစောင့်ရှောက်မှသာ ရေရှည်တည်တံ့မည်ဖြစ်သည်။ လက်ရှိတွင်လည်း အမျိုးသားစာကြည့်တိုက်တွင် စုဆောင်းထားရှိသော မြန်မာ့ယဉ်ကျေးမှု စာပေအမွေအနှစ်များဖြစ်သည့် ပေ၊ ပုရပိုက်များ ရေရှည်တည်တံ့စေရေးအတွက် ဒီဂျစ်တယ်ပုံစံသို့ ပြောင်းလဲသွားမည်ဖြစ်ကြောင်း သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ သိရသည်။

ထို့ပြင် ဒြပ်မဲ့ယဉ်ကျေးမှုသည်လည်း ထိန်းသိမ်းရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကွင်းဆင်းသုတေသနပြုခြင်း၊ အသိပညာပြန့်ပွားရေး ဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဖွဲ့စည်းခြင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ စာရင်းကောက်ယူထားသော သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများမှ ကောက်ယူထားသော စာရင်းများကိုစုစည်းကာ မေလပထမပတ်မှစတင်၍ အမျိုးသားအဆင့် စာရင်းပြုစုထားခဲ့ကြောင်းလည်း သိရသည်။



**တိမ်ကောနေသော ဒဂုံသီရိဘေးမဲ့ကန်တော်ကြီးအား ပြန်လည်တူးဖော် ဆောင်ရွက်နေစဉ်နှင့် ဒဂုံသီရိဘေးမဲ့ကန်တော်ကြီး နာရီစင်တို့အား တွေ့ရစဉ်** ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)



ထိုသို့သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် သာသနာရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၃၅ မျိုး အတူတကွနေထိုင်လျက်ရှိရာ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု၊ ဘာသာစာပေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း ရက် ၁၀၀ ကာလစီမံချက်အတွက်သာ မဟုတ်ဘဲ အခြားကာလများတွင်လည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ထာဝရဆောင်ရွက်သွားမည့် လုပ်ငန်းတာဝန်တစ်ခုပင်ဖြစ်သည်။

# ဘာကြောင့်ယာဉ်ကြောကျပ်ပြီး အဘယ်ကြောင့်ယာဉ်ကြောပိတ်ဆို့နေသလဲ

**——— သိပ္ပံစာရေးဆရာကိုကိုအောင် ———**

**(ယခင်တစ်ပတ်မှ အဆက်)**

ကားလမ်းဘေးဝဲယာရှိ ရေနုတ်မြောင်းများကို လုံလောက်သည့် အကျယ်အဝန်းနှင့် စောက်အနက်အတိုင်း ဖောက်လုပ်ထားခြင်းမရှိခဲ့လျှင်လည်း မိုးသည်းထန်စွာ ရွာသွန်းသည့်အခါ ကားလမ်းမပေါ် ရေများလျှံတက်လာပြီး ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်တို့ ဖြစ်ပွားလာနိုင်ခြေရှိသည်။

ယာဉ်လမ်းကြောင်းထိန်းသိမ်းရေးအပိုင်း၌လည်း မီးပွိုင့်များကို ထိန်းချုပ်ရာတွင် စနစ်တကျဖြစ်ရန် အရေးကြီးသည်။ သာမန်အခြေအနေမျိုး၌ လမ်းဆုံလမ်းခွ မီးပွိုင့်များတွင် ယာဉ်လမ်းကြောင်းတစ်ဖက်ကို စက္ကန့်ငါးဆယ်ထက်ကျော်လွန်၍ ပိတ်ထားခြင်းသည် ယာဉ်မောင်းသူများကို စိတ်ဖိစီးမှုဖြစ်စေသလို ယာဉ်ကြောပိတ်ဆို့ခြင်းကိုလည်း ဖြစ်ပွားလာစေနိုင်သည်။

အချိန်အတိုင်းအတာတစ်ခုထက်ပို၍ ယာဉ်လမ်းကြောင်းများကို ပိတ်ဆို့ထားခြင်းသည် မီးပွိုင့်ကိုဖြတ်သန်းမောင်းနှင်ရန် စောင့်ဆိုင်းနေကြသော မော်တော်ကားများအတွက်သာမက လမ်းသွယ်နှင့် လမ်းကျဉ်းများသို့ ကွေ့ဝင်မောင်းနှင်လိုသောကားများနှင့် လမ်းသွယ်လမ်းကျဉ်းများမှ လမ်းမကြီးပေါ်သို့ တက်ရောက်လိုသော ကားများကိုပါ အခက်အခဲဖြစ်ပေါ်စေသည်။

သို့ဖြစ်၍ လမ်းဆုံလမ်းခွ မီးပွိုင့်များတွင် သာမန်အခြေအနေမျိုး၌ ယာဉ်လမ်းကြောင်းတစ်ဖက်၏ ရပ်တန့်စောင့်ဆိုင်းချိန်ကို စက္ကန့်ငါးဆယ်ထက် မကျော်လွန်စေခြင်း၊ ယာဉ်အသွားအလာများပြားလွန်းသော အလုပ်တက် အလုပ်ဆင်းအချိန်မျိုးများ၌ ယာဉ်လမ်းကြောင်းတစ်ဖက်၏ ရပ်တန့်စောင့်ဆိုင်းချိန်ကို ၇၅ စက္ကန့်ထက် မကျော်လွန်စေခြင်းတို့သည် ဆိုးရွားစွာ ယာဉ်ကြောပိတ်ဆို့ခြင်းကို ရှောင်ရှားနိုင်လိမ့်မည်ဖြစ်သည်။

ယာဉ်ကြောစီးဆင်းမှု မြန်ဆန်သွက်လက်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးသည် အများပြည်သူအားလုံးနှင့် သက်ဆိုင်နေသော ကိစ္စကြီးတစ်ရပ်ဖြစ်သည့်အတွက် ယာဉ်ထိန်းရဲသည် ထူးခြားသည့် အခြေအနေတစ်စုံတစ်ရာမရှိဘဲ မီးပွိုင့်၏ အလိုအလျောက်ထိန်းချုပ်မှုဖြင့် ပုံမှန်သွားလာနေသော ယာဉ်လမ်းကြောင်းများကို မိမိသဘောဖြင့် ထပ်မံကန့်သတ်တားဆီးခြင်းမျိုးကို မပြုလုပ်ရပေ။ မီးပွိုင့်များ၌ ယာဉ်ထိန်းရဲ၏သဘောဖြင့် ထိန်းချုပ်ကန့်သတ်နေခြင်းမျိုးသည် ဆိုးရွားသော ယာဉ်ကြောပိတ်ဆို့မှုကြီးများကို ဖြစ်ပွားလာစေနိုင်သည်။ ထို့ကြောင့်ပင် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မြို့ကြီးပြကြီးများ၏ လမ်းဆုံလမ်းခွများတွင် ယာဉ်ထိန်းရဲ၏ ထိန်းချုပ်မှုမရှိဘဲ မီးပွိုင့်များ၏ အလိုအလျောက်ထိန်းချုပ်မှုဖြင့်သာ မောင်းနှင်သွားလာနေကြသည်ကို တွေ့မြင်နေရခြင်းဖြစ်သည်။

အလားတူပင် ချိန်နှုန်းပြမီတာ (Timer) တပ်ဆင်ထားသော မီးပွိုင့်များ၌ မီးစိမ်းပြချိန်နှုန်း (Green Timer) ဖွင့်ထားပေးချိန်တွင် ယာဉ်ထိန်းရဲအနေဖြင့် မည်သည့် အကြောင်းနှင့်မျှ သုညမရောက်မီ ကြားဖြတ်၍ မီးဝါနှင့် မီးနီ ပြခြင်းများကို မပြုလုပ်ရပေ။ ယင်းလုပ်ရပ်မျိုးသည် ယာဉ်အများအပြား ထပ်ဆင့်တိုက်မိမှုနှင့် အသက်ဆုံးရှုံးမှုတို့ကို ဦးတည်စေနိုင်သည်။ အကယ်၍ ယာဉ်ထိန်းရဲက အဆိုပါလုပ်ရပ်မျိုးကို လုပ်ဆောင်ခဲ့မည်ဆိုပါက ဖြစ်ပွားလာသည့်ယာဉ်အန္တရာယ်၏ ဖန်တီးရှင်မှာ ယာဉ်ထိန်းရဲကိုယ်တိုင်ပင် ဖြစ်သည်။

လမ်းဆုံလမ်းခွများတွင် စောင့်ကြည့်ကင်မရာ (CCTV) တပ်ဆင်ထားသော မီးပွိုင့်များအချင်းချင်းချိတ်ဆက်ထားသည့် ကွန်ရက်စနစ်ဖြင့် ထိန်းချုပ်သော အလိုအလျောက်လုပ်ဆောင်နေမှုကို လူအင်အားဖြင့် ဝင်ရောက်စွက်ဖက်ထိန်းချုပ်နေခြင်းသည်လည်း ယာဉ်ကြောပိတ်ဆို့မှုကို ဖြစ်ပေါ်စေနိုင်သော အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

ကွန်ရက်စနစ်ဖြင့် ချိတ်ဆက်ထားသည့် မီးပွိုင့်များတွင် အလုပ်လုပ်ဆောင်စေသော ထိန်းချုပ်ကိရိယာများကို ဝင်ရောက်ကိုင်တွယ်ခြင်းမပြုသော်လည်း မီးပွိုင့်အနီပြနေချိန်၌ ယာဉ်များကို သွားလာစေခြင်း၊ မီးပွိုင့်အစိမ်းပြနေချိန်၌ ယာဉ်များကို ရပ်တန့်ထားစေခြင်း စသော လုပ်ရပ်များသည် ယာဉ်ကြောပိတ်ဆို့မှုကို ဖြစ်ပေါ်လာစေနိုင်သည့်အကြောင်းများ ဖြစ်ကြသည်။



**ရန်ကုန်မြို့လယ် အနော်ရထာလမ်းမကြီးပေါ်တွင် မောင်းနှင်နေသောယာဉ်များ** **ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

လမ်းဆုံလမ်းခွနှင့် မီးပွိုင့်ဧရိယာများ မဟုတ်စေကာမူ ပုံမှန်မောင်းနှင်သွားလာနေကြသော ယာဉ်အမျိုးမျိုးတို့ကို အကြောင်းတစ်စုံတစ်ရာဖြင့် ၁၅ စက္ကန့်ထက်ကျော်လွန်အောင် ရပ်တန့်စောင့်ဆိုင်းနေစေခြင်းမျိုးသည်လည်း ယာဉ်ကြောပိတ်ဆို့မှုကို ဖြစ်ပေါ်လာစေနိုင်သည်။ အထူးသဖြင့် ယာဉ်အသွားအလာများပြားသော လမ်းမကြီးများ၊ ဆင်ခြေဖုံးဒေသနှင့် မြို့လယ်ကောင်ကို တိုက်ရိုက်ဆက်သွယ်ဖောက်လုပ်ထားသည့် အဓိကကျသော လမ်းမကြီးများ စသည်တို့တွင် ပုံမှန်မောင်းနှင်သွားလာနေသော ယာဉ်များကို အကြောင်းတစ်နည်းနည်းဖြင့်တားဆီးကာ ရပ်တန့်ထားစေခြင်းများသည် စက္ကန့်ပိုင်းအတွင်းမှာပင် ယာဉ်ကြောပိတ်ဆို့မှုကြီးကို ဖြစ်ပေါ်လာစေနိုင်သည်။

ယာဉ်ကြောစီးဆင်းမှု မြန်ဆန်သွက်လက်စေရေးအတွက် တည်ဆောက်ဖောက်လုပ်ထားသည့် အဝိုင်းများ၌ အဝိုင်းကိုပတ်၍ မောင်းနှင်လာနေသောယာဉ်များကို အဝိုင်းပတ်လမ်းကြောင်းပေါ်၌ တားဆီးရပ်တန့်ထားစေခြင်းမျိုးသည်လည်း ယာဉ်ကြောပိတ်ဆို့မှုကို ဖိတ်ခေါ်နေသောလုပ်ရပ်မျိုး ဖြစ်သည်။ အလားတူပင် လမ်းဆုံလမ်းခွ၊ မီးပွိုင့်နှင့် အဝိုင်း စသည်တို့မှ မီတာ ၁၅၀ အတွင်း၌ မော်တော်ကားများကို ရှောင်တခင်ရပ်တန့်စစ်ဆေးခြင်းမျိုးသည်လည်း ယာဉ်ကြောပိတ်ဆို့မှုသာမက ယာဉ်အန္တရာယ်အထိပါ ဖြစ်ပွားလာစေနိုင်သည်ကို သတိပြုသင့်ကြသည်။

အကွေ့ယာဉ်ကြောမှ တည့်တည့်မောင်းနှင်သွားသော ယာဉ်များ၊ ကွေ့ကြောမဟုတ်ပါဘဲ ဖြတ်ကွေ့သောယာဉ်များ၊ မီးပွိုင့်ဧရိယာ၌ အစွန်ဆုံးယာဉ်ကြောကို ကျော်လွန်ပြီး ဆန့်ကျင်ဘက်ယာဉ်ကြောမှ စည်းကမ်းမဲ့စွာ ကျော်တက်မောင်းနှင်သောယာဉ်များ၊ အမြဲလမ်းဖွင့်ထားသောယာဉ်ကြော (Ever Green Lane) ၌ ပိတ်ဆို့ရပ်တန့်ထားသောယာဉ်များကို အရေးမယူဘဲ ဥပေက္ခာပြုထားခြင်းသည် ဆိုးရွားသော ယာဉ်တိုက်မှုကြီးများနှင့် အသက်ဆုံးရှုံးရမှုများကို ဖြစ်ပွားလာစေနိုင်သည်။

ထို့အတူပင် လူကူးမျဉ်းကျားရှိပါလျက် မျဉ်းကျားမှမဖြတ်ကူးဘဲ စည်းကမ်းမဲ့စွာ လမ်းဖြတ်ကူးသူများနှင့် မျဉ်းကျားဧရိယာ၌ အရှိန်ပြင်းစွာမောင်းနှင်သောယာဉ်များကို ချက်ချင်းအရေးယူဆောင်ရွက်မှုမရှိခြင်းသည်လည်း ယာဉ်တိုက်မှုများကို ဖိတ်ခေါ်သကဲ့သို့ ရှိနေသည်။ ယာဉ်လမ်းကြောင်း ထိန်းသိမ်းရေးနှင့်ပတ်သက်သော တားမြစ်ကန့်သတ်ချက်များကို ဖောက်ဖျက်သူများအား အစဉ်တစိုက် အရေးမယူခြင်းသည် အမိန့်နှင့်ညွှန်ကြားချက်များကို မထီမဲ့မြင်ပြုစေရန် အားပေးအားမြှောက်ပြုသကဲ့သို့ ဖြစ်စေသည်။

ယာဉ်လမ်းကြောင်း ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်ကြရာတွင် ယာဉ်ထိန်းရဲများသည် စက်တပ်ယာဉ်နှင့် စက်မဲ့ယာဉ်တို့၏ သဘောတရားကို ကောင်းစွာနားလည်သိရှိထားရန် လိုအပ်သည်။ အရှိန်ဖြင့်မောင်းနှင်လာနေသော ကားတစ်စီးကို ကြိုတင်အချက်မပြဘဲ ရုတ်တရက်ရပ်ခိုင်းခြင်းသည် အန္တရာယ်မည်မျှကြီးမားသည်ကို စက်ယန္တရား၏သဘောတရား၊ အင်နားရှား၏သဘောတရားများဖြင့် ချိန်ထိုးကာ သိရှိထားသင့်သည်။ အလားတူပင် မြင်ကွင်းကွယ်ရာမှထွက်၍ ရုတ်တရက်တားဆီးစစ်ဆေးခြင်းသည် ယာဉ်မောင်းသူအတွက်သာမက မိမိတို့ကိုယ်တိုင်အတွက်ပါ အသက်အန္တရာယ်ရှိသည်ကို သတိချပ်သင့်သည်။

ယာဉ်လမ်းကြောင်းစီမံခန့်ခွဲရေးနှင့် ပတ်သက်၍ ဟောင်ကောင်ကျွန်း၏ Traffic Control System များထဲက နမူနာကောင်းတစ်ခုကို အတုယူသင့်ကြသည်။ ဟောင်ကောင်ရှိလမ်းများ၏ ထူးခြားချက်တစ်ရပ်မှာ လမ်းဆုံမီးပွိုင့်ဧရိယာအားလုံးတွင် လမ်းအကျယ်အဝန်းသည် အတူတူပင်ဖြစ်သည်။ မည်သည့်လမ်းဆုံ၌မဆို လမ်းဖြတ်ကူးသူသည် သာမန်အားဖြင့် ကိုးစက္ကန့်အတွင်း လမ်း၏အခြားတစ်ဖက်သို့ ရောက်ရှိနိုင်သည်။ လမ်းဆုံတိုင်းတွင် မျက်မမြင်များကို အဖော်မပါဘဲလမ်းကူးနိုင်ရန် စီစဉ်ပေးထားသည်။

မီးပွိုင့်က မျက်နှာချင်းဆိုင်ယာဉ်လမ်းကြောင်းနှစ်ဖက်ကို ပိတ်လိုက်ပြီးသည်နှင့် ကျန်မျက်နှာချင်းဆိုင်ယာဉ်လမ်းကြောင်းများမှ ယာဉ်များသည် ချက်ချင်းထွက်ခွာခွင့်မရသေးဘဲ ၁၈ စက္ကန့်ကြာသည်အထိ စောင့်ဆိုင်းနေကြရသည်။ ၁၈ စက္ကန့်အချိန်ကို မီးပွိုင့်၏ အချက်ပေးခေါင်းလောင်းက နာရီချက်မှန်မှန် တီးပေးနေသည်။ မျက်မမြင်တစ်ယောက်သည် နာရီချက်မှန်မှန်တီးပေးနေသည့် ထိုအသံကိုနားထောင်ပြီး ၁၈ စက္ကန့်မပြည့်မီအချိန်အတွင်း အန္တရာယ်ကင်းစွာဖြင့် လမ်းဖြတ်ကူးနိုင်သည်။

ယာဉ်လမ်းကြောင်းထိန်းသိမ်းရေးစနစ် ပြည့်စုံကောင်းမွန်သော ဟောင်ကောင်ကျွန်းတွင် မျက်မမြင်များက အန္တရာယ်ကင်းစွာ လမ်းဖြတ်ကူးနေချိန်၌ ယာဉ်လမ်းကြောင်းစီမံခန့်ခွဲမှုအားနည်းသောနိုင်ငံများ၌ မျက်စိကောင်းသူများမှာ ယာဉ်တိုက်ခံရမှုကြောင့် အသက်ဆုံးရှုံးနေကြရသည်။

အချုပ်အားဖြင့်ဆိုရသော် ယာဉ်ကြောကျပ်ခြင်း မဖြစ်ပေါ်စေရေးအတွက် နည်းပညာနှင့် တည်ဆောက်ပြုပြင်မှုများကို အကျိုးရှိစွာအသုံးချရန် လိုအပ်သလို ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက်လည်း လက်တွေ့ကျကျ အလုပ်ဖြစ်နိုင်သော ယာဉ်လမ်းကြောင်းထိန်းသိမ်းရေးနည်းစနစ်ကို အရည်အချင်းပြည့်ဝစွာဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်သာ ဖြစ်ပေသည်။ ။

**ယာဉ်ကြောစီးဆင်းမှု မြန်ဆန်သွက်လက်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးသည် အများပြည်သူအားလုံးနှင့် သက်ဆိုင်နေသော ကိစ္စကြီးတစ်ရပ်ဖြစ်သည့်အတွက် ယာဉ်ထိန်းရဲသည် ထူးခြားသည့် အခြေအနေတစ်စုံတစ်ရာမရှိဘဲ မီးပွိုင့်၏ အလိုအလျောက်ထိန်းချုပ်မှုဖြင့် ပုံမှန်သွားလာနေသော ယာဉ်လမ်းကြောင်းများကို မိမိသဘောဖြင့် ထပ်မံကန့်သတ်တားဆီးခြင်းမျိုးကို မပြုလုပ်ရပေ။ မီးပွိုင့်များ၌ ယာဉ်ထိန်းရဲ၏သဘောဖြင့် ထိန်းချုပ်ကန့်သတ်နေခြင်းမျိုးသည် ဆိုးရွားသော ယာဉ်ကြောပိတ်ဆို့မှုကြီးများကို ဖြစ်ပွားလာစေနိုင်သည်။ ထို့ကြောင့်ပင် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မြို့ကြီးပြကြီးများ၏ လမ်းဆုံလမ်းခွများတွင် ယာဉ်ထိန်းရဲ၏ ထိန်းချုပ်မှုမရှိဘဲ မီးပွိုင့်များ၏ အလိုအလျောက်ထိန်းချုပ်မှုဖြင့်သာ မောင်းနှင်သွားလာနေကြသည်ကို တွေ့မြင်နေရခြင်း ဖြစ်သည်။**

---

## ရေရှားပါးသော ကျေးရွာသို့ စက်ရေတွင်း တူးဖော်လှူဒါန်း

**ပခုက္ကူ မေ ၂၅**

မြင်းမြို့နယ် အင်းရောင်းအုပ်စုမှ ရေရှားပါးပြတ်လပ်လေ့ရှိသော ကန်ကြီးတော(၂)ကျေးရွာတွင် ရေလုံလောက်စွာရရှိအသုံးပြုနိုင်ရေးအတွက် စက်ရေတွင်းတစ်တွင်းကို ရန်ကုန်ဆေးတက္ကသိုလ်(၁)မှ ကျောင်းသားကျောင်းသူများ၏ လှူဒါန်းငွေကျပ် ၁၂၈ သိန်းဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

စက်ရေတွင်းကို မေ ၂၀ ရက်မှစ၍ တူးဖော်ခဲ့ခြင်းဖြစ်ပြီး ယနေ့အထိ အနက် ပေ ၃၃၀ ကျော် ရောက်ရှိနေပြီဖြစ်ကြောင်း၊ ကန်ကြီးတော(၂)ကျေးရွာသည် လက်ရှိတွင် သောက်သုံးရေကို ရွာနှင့် လေးဖာလုံခန့်ဝေးသည့် ကျေးရွာသောက်သုံးရေကန်မှ ပိုက်လိုင်းဖြင့်သွယ်ယူကာ အသုံးပြုနေရပြီး နွေရာသီကာလတွင် ရေရှားပါးပြတ်လပ်လေ့ရှိကာ ယခုတူးဖော်နေသော စက်ရေတွင်းပြီးစီးပါက ဒေသခံပြည်သူများ၏ ရေအခက်အခဲကို အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

ရေတွင်းတူးဖော်နေမှုကို မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်၊ ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်နှင့် ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးမြင့်ဦးတို့ မေ ၂၃ ရက်က သွားရောက်ကြည့်ရှုခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာများပေးအပ်

**မကွေး မေ ၂၅**
စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်၌ ယောလူငယ်အဖွဲ့နှင့် ပူးပေါင်း၍ မြို့ပေါ်နှင့် ကျေးလက်ဒေသမှ လုပ်ငန်းရှင်များ၊ လူငယ်များအား အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ အသက်မွေးဝမ်းကျောင်းပညာများပေးအပ်ခဲ့ရာ မေ ၁၅ ရက်က ထီးလင်းမြို့တွင် ၁၀၆ ဦးနှင့် မေ ၁၆ ရက်တွင် ဂန့်ဂေါမြို့၌ ၁၂၀တို့ကို လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာများ ပေးအပ်ပြီး တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးမင်းသူနှင့် တာဝန်ရှိသူများအား မေလဒုတိယပတ်တွင်ဝန်ကြီးချုပ်၏ အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး တင်ပြချက်များအပေါ် ကျေးလက်ဒေသများအထိ စွန့်ဦးတီထွင်အောင်မြင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု သင်တန်းများနှင့် အမျိုးသမီးများ၊ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။
**(သတင်းစဉ်)**

## အထူးကာကွယ်စောင့်ရှောက်ရန်လိုအပ်သောကလေးသူငယ်များ ပြုစုလေ့ကျင့်မှု အခြေခံသင်တန်းဖွင့်

**ရွှေဘို မေ ၂၅**
မသန်စွမ်းသော ကလေးငယ်များအပါအဝင် အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များအား ပြုစုလေ့ကျင့်မှု အခြေခံသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ မေ ၁၉ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက သင်တန်းဖွင့်လှစ်သည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအောင်က မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ရေးဆွဲပြီး ၂၀၁၅ ခုနှစ် ဇွန်လအတွင်းက ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပညာရေးစနစ်မှာလည်း မသန်စွမ်းသူများ ပါဝင်နိုင်အောင် စီစဉ်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့်သင်တန်းကို တက်ရောက်လာကြသည့် သင်တန်းသားများအနေဖြင့်လည်း မသန်စွမ်းသူများအတွက် အဟန့်အတားဖြစ်စေသည့် အတားအဆီးများကို ဝိုင်းဝန်းကြိုးပမ်းဖယ်ရှားပေးကြရန်နှင့် မသန်စွမ်းသူများကို လူ့အသိုင်းအဝိုင်းအတွင်း တန်းတူရည်တူ ပါဝင်ခွင့်ပေးပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်လာအောင် စနစ်တကျပြုစုစောင့်ရှောက်ပေးနိုင်သူများဖြစ်လာအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။ သင်တန်းကို မေ ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသို့ သင်တန်းသား ၅၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။
**စိုးသီဟ (ပြန်/ဆက်)**

# လွယ်ခွန်တောင်ပေါ်မှ ကျူးကျော်များကိစ္စ ဆက်လက်ဆောင်ရွက်ရန် ဆွေးနွေး

**ကျောက်မဲ မေ ၂၅**
ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက် လွယ်ခွန်တောင်ပေါ်ရှိ ကျူးကျော်နေအိမ်များကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးပွဲကို အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မေ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်က လွယ်ခွန်တောင်တွင် ကျူးကျော်များ သူ့ထက်ငါ စုဖွဲ့တိုးချဲ့နေမှုနှင့် ပတ်သက်၍ ရပ်ကွက်နေပြည်သူများက တိုင်ကြားလာသဖြင့် ကွင်းဆင်းစိစစ်ရေးအဖွဲ့များဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ ထပ်မံကျူးကျော်မှု မပြုနိုင်စေရန်အတွက် သတိပေးဆိုင်းဘုတ်စိုက်ထူကာ တားမြစ်ခြင်း၊ အစိုးရစီမံခန့်ခွဲပိုင်ခွင့်မြေနေရာ တိုင်းတာသတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အပြင် ကျူးကျော်သူများ၏ တစ်ဦးချင်းထွက်ဆိုချက်များကိုလည်း ရယူခဲ့ကြောင်း၊ ၎င်းတို့၏ ထွက်ဆိုချက်များအရ လတ်တလောကျူးကျော်သူများက သတ်မှတ်ရက်အတိုင်း ဖယ်ရှားဖျက်သိမ်းပေးမည်ဟု ပါရှိခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

လွယ်ခွန်တောင် ကျူးကျော်နေအိမ်များကို အမှတ်(၁)ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုအဖွဲ့နှင့် နယ်မြေမှူးများပါဝင်သော အခြေခံအဖွဲ့က မေ ၁၇ ရက်က ကနဦးစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ကွင်းဆင်းစိစစ်ရေးအဖွဲ့အနေဖြင့် ကျူးကျော်များအား ဥပဒေနှင့်အညီ အသိပေးစာထုတ်၍ ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဖေ့ဘုတ်စာမျက်နှာများတွင် ရေးသားဖော်ပြချက်များကြောင့် ပြည်သူများ စိုးရိမ်ကြောင့်ကျနေကြကြောင်း၊ ပွင့်လင်းမြင်သာသည့်ခေတ်တွင် ကျူးကျော်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းစုံစမ်း ဆွေးနွေးနိုင်ပါကြောင်း၊ နောက်ထပ်တိုးပွားလာမည့် ကျူးကျော်နေအိမ်များ မရှိစေရန်ရည်ရွယ်၍ မြေပြင်အဖြစ်မှန်ကို စိစစ်ပြီး ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျူးကျော်နေထိုင်သူများနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်း၊ မြေစာရင်း၊ စည်ပင်၊ မီးသတ်တပ်ဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များ ပူးပေါင်း၍ မြို့နယ်အဖွဲ့ဖွဲ့စည်းမည်ဖြစ်ကာ ပြည်သူများအတွက် ဖြေလျှော့ပေးနိုင်မည့် နည်းလမ်းများ၊ ဥပဒေကြောင်းအရ ဆောင်ရွက်ရမည့် နည်းလမ်းများကို အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ ဆက်လက်တင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။
**မလတ်(ကျောက်မဲ)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေ

**ကလေး မေ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်အရ ကလေးမြို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့များ ပူးပေါင်းကာ လူကုန်ကူးမှုမဖြစ်ပွားစေရေး ပညာပေးလုပ်ငန်းများကို သတ်မှတ်ရက်များအတိုင်း ဆောင်ရွက်လျက်ရှိသည်။

ကလေးဝမြို့ စက်လှေဆိပ်၌ ရဲအုပ်ကျော်မိုးနိုင်ဦးစီးသည့်အဖွဲ့နှင့် ကလေးဝ မြို့မရဲစခန်းမှ ဒုတိယရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍လည်းကောင်း၊ ကလေးမြို့လေဆိပ်နှင့် ကလေး- မန္တလေး- ရန်ကုန်အဝေးပြေးကားဂိတ်များတွင် ရဲအုပ်ကျော်မိုးနိုင် ဦးစီးသည့်အဖွဲ့နှင့် ကလေးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍လည်းကောင်း လူကုန်ကူးမှုတားဆီးရေးပညာပေးလက်ကမ်းစာစောင်များကို မေလ တတိယပတ်အတွင်းက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**ချင်းတွင်းသား**



# လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေးဟောပြော

**ကမမောင်း မေ ၂၅**
ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့ ဝါးကော်ကျေးရွာအုပ်စု၊ တံတားဦးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေးဟောပြောပွဲကို မေ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဖာပွန်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကြည်ဝင်းက စပါးအထွက်တိုးစိုက်ပျိုးနည်းနှင့် လယ်ယာမြေ ပြန်လည်ပြုစုပျိုးထောင်နည်း စသည့် အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးသော်တာလင်းသန့်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း ကျေးရွာနေပြည်သူများအား အသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောပွဲအပြီးတွင် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ဆက်လက်ပြုလုပ်ခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။ ထို့အပြင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ခံဆရာဝန်တစ်ဦးကလည်း ဟောပြောပွဲတက်ရောက်သော တောင်သူများ၏ ကျွဲ၊ နွားများအား ခွာနာ၊ လျှာနာရောဂါနှင့် လည်ချောင်းကွဲရောဂါကာကွယ်ဆေးများကို ကျေးရွာအရောက် ကွင်းဆင်းပြီး အခမဲ့ထိုးပေးခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## သစ်သီးဝလံအခြေခံစားကုန် ထုတ်လုပ်နည်း သင်တန်းဖွင့်

**ကျောက်တော် မေ ၂၅**
ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ပေါက်တောကျေးရွာ၌ သစ်သီးဝလံ အခြေခံစားသောက်ကုန်နှင့် လူသုံးကုန် ထုတ်လုပ်နည်းသင်တန်းကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားပြီး သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့သည်။ သင်တန်းသို့ သင်တန်းသား ၁၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ခုနစ်ရက်ဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**



**မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် မြိုင်တောင်ကြိုးပြင်ကာကွယ်တောအတွင်းရှိ စိုက်ခင်းအမှတ်(၁/၂၀၁၆) ကျေးရွာသုံးထင်းစိုက်ခင်း၌ ယူကလစ်ပင် ၅၄၀၀ ကို မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဝင်းနိုင်ဦးနှင့် ဝန်ထမ်းများ မေ ၂၁ ရက်က စိုက်ပျိုးနေစဉ်။**
(အောင်ကျော်မြင့်)

## သတင်းတိုများ

### နွေစပါးစိုက်ပျိုးမှုကို စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းသူများ ကွင်းဆင်းကြည့်ရှု

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသို့ ကွင်းဆင်းရောက်ရှိနေသော နောက်ဆုံးနှစ်ကျောင်းသူ လေးဦးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေမွန်အိ၊ စိုက်ပျိုးရေးဇုန်တာဝန်ခံများနှင့် ကွင်းဆင်းဝန်ထမ်းများပူးပေါင်း၍ ပန်းစွာကျေးရွာရှိ နွေစပါးစိုက်ခင်း၌ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားမှုများ၊ စိုက်ခင်းတွင် စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ မှတ်တမ်းများကောက်ယူနိုင်ရန်အတွက် စံကွက်တိုင်များ စိုက်ထူခြင်း၏ ရည်ရွယ်ချက်များ စသည်တို့ကို ဦးစီးမှူးနှင့် ဇုန်တာဝန်ခံများက ကျောင်းသူများအား လက်တွေ့သင်ကြားပြသခဲ့သည်။
**အောင်ကျော်မြင့်**

### မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများကို စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အထက(၁)ကျောင်း အောင်ဆန်းခန်းမ၌ မေ ၂၃ ရက်က ကျင်းပခဲ့ရာ ပြိုင်ပွဲသို့ ကသာခရိုင်အတွင်းရှိ ကောလင်း၊ ဝန်းသို၊ ပင်လယ်ဘူး၊ ထီးချိုင့်၊ ဗန်းမောက်၊ ကသာနှင့် အင်းတော်မြို့နယ်များမှ ကျောင်းသားကျောင်းသူ ၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။
**ငွေအိုး (ကသာ)**

# (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ ခြင်းလုံးအားကစားပြိုင်ပွဲ အမျိုးသားပဏ္ဍာမလက်ရွေးစင် စတင်ရွေးချယ်မည်

**ရန်ကုန် မေ ၂၅**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် နိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသား ပဏ္ဍာမလက်ရွေးစင် ခြင်းလုံးအသင်းကို စတင်ရွေးချယ်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ သိရသည်။

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ခြင်းလုံးခတ်ပြိုင်ပွဲအတွက် အမျိုးသားလက်ရွေးစင်အားကစားသမားများကို မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အားကစားသမားစိစစ်ရွေးချယ်ရေးအဖွဲ့မှ စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။ ရွေးချယ်ရာတွင် မူလအဆင့် အခြေခံအတွဲပြိုင်ပွဲဝင် ခြင်းပေါက်များနှင့် ဒုတိယအဆင့်ပြိုင်ပွဲဝင် ခြင်းပေါက်များကို စံချိန်ယူစနစ်ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ဝင်ရောက်စိစစ်ရွေးချယ်ခံလိုသော အားကစားသမားများအနေဖြင့် အသက် ၁၅ နှစ်မှ ၃၀အတွင်းဖြစ်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဖုန်း-၀၁-၃၉၃၄၂၀ သို့လည်းကောင်း၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ရုံးခန်း အောင်ဆန်းအားကစားပြိုင်ကွင်းရုံသို့လည်းကောင်း မေ ၂၃ ရက်မှစ၍ ဇွန် ၈ ရက် နောက်ဆုံးထားကာ စာရင်းပေးသွင်းရမည်ဖြစ်သည်။ စာရင်းပေးသွင်းကာ ဝင်ရောက်ရွေးချယ်ခံလိုသည့် အားကစားသမားများမှ ဆီးဂိမ်းပြိုင်ပွဲဝင်မည့် ပဏ္ဍာမလက်ရွေးစင်ကစားသမားများကို ဇွန် ၁၁ ရက် နံနက် ၉ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံခန်းမ၌ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းခေတ်**

# မိုးသီးနှံစိုက်ပျိုးစရိတ် ကျပ်သိန်းပေါင်း နှစ်သိန်းကျော် ထုတ်ချေးမည်

**ရေစကြို မေ ၂၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်မှ တောင်သူလယ်သမားများအတွက် မိုးရာသီသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မေ ၂၃ ရက်မှစတင်၍ ထုတ်ချေးနေပြီဖြစ်ကြောင်း၊ စုစုပေါင်း ချေးငွေကျပ်သိန်းပေါင်း နှစ်သိန်းကျော် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။



တောင်သူများအား ချေးငွေစည်းကမ်းချက်များ ရှင်းလင်းပြောကြားနေစဉ်

ချေးငွေထုတ်ပေးရာတွင် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၅၅ အုပ်စုမှ တောင်သူ ၇၀၀၀ ကျော်အတွက် စပါးတစ်ဧကလျှင် ချေးငွေကျပ် တစ်သိန်းခွဲနှင့် အခြားသီးနှံတစ်ဧကလျှင် ချေးငွေကျပ် နှစ်သောင်းနှုန်းဖြင့် စုစုပေါင်း ချေးငွေ ၂၀၆၁၀၀ သိန်းကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မေ ၂၃ ရက်က ချေးငွေစတင်ထုတ်ပေးရာတွင် ဘောင်ဘဲ့တန်းကျေးရွာအုပ်စုမှ တောင်သူအစုအဖွဲ့ ၃၇ ဖွဲ့၊ ဘဏ်အဖွဲ့ဝင် ၉၉ ဦးအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးစိန်ဋ္ဌေးက ချေးငွေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး စပါး ၁၀၂ ဧကနှင့် အခြားသီးနှံ ၆၂၀ ဧကအတွက် ချေးငွေကျပ် ၂၇၇ သိန်းကို စတင်ထုတ်ချေးပေးခဲ့သည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ရန်ကုန်အနောက်တောင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအသင်းရုံးသစ်ဖွင့်

**ရန်ကုန် မေ ၂၅**

တွံတေး၊ ကြည့်မြင်တိုင်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်များတွင် လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ကုန်အနောက်တောင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအသင်းရုံးသစ်ကို လှိုင်မြစ်အနောက်ဘက်ကမ်းရှိ ဘလုပ်ညွှန့် စက်ကလေးရပ်ကွက် သာသနာ့ရောင်ခြည်ခါတော်မီဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ မေ ၂၂ ရက်က ဖွင့်လှစ်ခဲ့သည်။

ရုံးအဆောက်အအုံသစ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး အသင်းဥက္ကဋ္ဌ ဦးခင်မောင်ရင်က အမှာစကားပြောကြားကာ အတွင်းရေးမှူး ဦးခင်မောင်သန့်က အသင်းအနေဖြင့် လုပ်ငန်းဆောင်ရွက်နိုင်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းဒေသသည် ယခင်အစိုးရလက်ထက်က ရန်ကုန်အနောက်တောင်မြို့သစ် စီမံကိန်းတွင် ပါဝင်ခဲ့ပြီး စီမံကိန်းအကောင်အထည်ဖော်ရန် လေးကြိမ်တိုင် ဆန္ဒထုတ်ဖော်မှုများရှိခဲ့သလို ကန့်ကွက်သူလည်း အများအပြားရှိနေခဲ့သည်။

စီမံကိန်းတင်ဒါအောင်မြင်ခဲ့သော အနောက်တောင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီ၊ Business Capital City Development ကုမ္ပဏီနှင့် ရွှေပုပ္ပါးအင်တာနေရှင်နယ်ဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်း၍ စီမံကိန်းပထမအဆင့်အဖြစ် လှိုင်မြစ်ကူးတံတားတည်ဆောက်ရေးကို ယခုနှစ် မတ်လအတွင်းစတင်ရန် စီစဉ်ခဲ့သော်လည်း အစီအစဉ်ပျက်ပြယ်ခဲ့သည်။

ထို့နောက် ဧပြီ ၂၈ ရက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ရန်ကုန်အနောက်တောင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ယာယီမှတ်ပုံတင်ဖြင့် ခွင့်ပြုခဲ့ပြီးနောက် ရုံးခန်းဖွင့်လှစ်ခြင်းဖြစ်သည်။ "အစိုးရသစ်လက်ထက်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့ လာရောက်ပြီးတော့ တွေ့ဆုံမေးမြန်းမှုတွေ လုပ်ခဲ့ပါတယ်။ လိုအပ်တဲ့အချက်အလက်တွေကိုလည်း ယူဆောင်သွားပါတယ်။ ကုမ္ပဏီအပိုင်းကိုတော့ စိစစ်မှုတွေပြုလုပ်နေပါတယ်။ အချိန်ကတော့ပေးရဦးမှာပါ"ဟု မြို့သစ်စီမံကိန်းနှင့်ပတ်သက်၍ အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ဆိုသည်။

တမာတကောကျေးရွာမှ ဒေသခံလယ်သမားတစ်ဦးကမူ ဒေသအတွင်းရှိ လယ်မြေများမှာ ကောနေပြီး စိုက်၍မကောင်းတော့သဖြင့် မြို့သစ်စီမံကိန်း အကောင်အထည်ဖော်ရန် ကြိုဆိုကြောင်း ပြောသည်။

ဘလုပ်ညွှန့်မှ ဒေသခံအမျိုးသမီးတစ်ဦးကလည်း မြို့သစ်စီမံကိန်းနှင့် ပတ်သက်၍ "စီမံကိန်းတည်ဆောက်မယ့်အနေအထားက အများကြီးကောင်းပါတယ်။ ဒါပေမယ့် ကုမ္ပဏီတွေနဲ့ကြားကဆောင်ရွက်နေသူတွေအနေနဲ့ ပွင့်လင်းမြင်သာမှုက သိသိသာသာ မဖြစ်ဘူး။ ဒီထက်ပိုပြီး ပွင့်လင်းဖို့တော့လိုပါတယ်"ဟု ဝေဖန်အကြံပြုသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေမည့် စက်မှုသင်တန်းဖွင့်

**မြင်းခြံ မေ ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန အမှတ်(၆)စက်မှုသင်တန်းကျောင်းမှ ဒေသခံလူငယ်များ အလုပ်အကိုင်ရရှိရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် စက်မှုသင်တန်းအမှတ်(၃)ဖွင့်ပွဲကို မေ ၂၃ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်တင်ထူးက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် တွင်ခုံ၊ ကြိတ်ခုံ ကိုင်တွယ်မောင်းနှင်မှုသင်တန်း၊ သံထည်နှင့် ဂဟေဆက်သင်တန်း၊ သံရည်ကျိုသင်တန်း၊ မိုလ်နှင့် ဒိုင်ပြုလုပ်မှုသင်တန်း၊ ကွန်ပျူတာသုံးစက်ခုတ်စားမှု၊ စက်ကိရိယာကိုင်တွယ်မောင်းနှင်မှု၊ စက်ရုံလျှပ်စစ်ပညာသည်သင်တန်း၊ အီလက်ထရွန်နစ်စက်ပြင်သင်တန်း စသည့် ဘာသာရပ်ခုနစ်မျိုးကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းဆင်းကျွမ်းကျင်လက်မှတ်များ ပေးအပ်သွားမည့်အပြင် သင်တန်းဆင်းသူများ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေးအတွက် အလုပ်အကိုင်များကိုပါ ရှာဖွေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကာလမှာ တစ်နှစ်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၁၈၀ တက်ရောက်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# အဂတိလိုက်စားမှု ကင်းရှင်းရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေး

**ပဲခူး မေ ၂၅**

ပဲခူးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများ အဂတိလိုက်စားမှုကင်းရှင်းရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ပဲခူးမြို့ရှိ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးစိုး၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဆန်းအောင်၊ စက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်း(အောက်မြန်မာပြည်)ကျောင်းအုပ်ကြီး ဦးလှဝေနှင့် ခရိုင်နှင့်မြို့နယ် ဦးစီးဌာနများမှ ဦးစီးမှူးများ တက်ရောက်ကာ ညွှန်ကြားရေးမှူးက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူးနှင့် ဗဟိုသင်တန်းကျောင်း(အောက်မြန်မာပြည်)ကျောင်းအုပ်ကြီးတို့က အဂတိလိုက်စားမှုနှင့် စွမ်းဆောင်ရည်မြင့်မားရေးတို့နှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးခဲ့ကြပြီး ဝန်ထမ်းများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ရဲထွဋ်(မင်းရွာ)**

# သာစည်မြို့နယ်အတွင်း မိုးရာသီစိုက်ပျိုးစရိတ် ကျပ်သိန်းပေါင်း ၇၆၀၀၀ ကျော် ထုတ်ချေးမည်

**သာစည် မေ ၂၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းမှ မိုးစပါးစိုက်ပျိုးကြမည့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ(သာစည်)မှ မေ ၁၉ ရက်မှ စတင်၍ ထုတ်ချေးပေးနေပြီဖြစ်ကြောင်း၊ စုစုပေါင်း ကျပ်သိန်းပေါင်း ၇၆၀၀၀ ကျော် ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

သာစည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇၁ အုပ်စုမှ တောင်သူ ၁၄၄၅၄ ဦး၏ မိုးစပါး ၄၄၈၆ ဧကနှင့် ယာသီးနှံမျိုးစုံ ၄၃၆၀၃ ဧကအတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအဖြစ် ကျပ်သိန်းပေါင်း ၇၆၀၀၀ ကျော်ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ချေးငွေများကို ဇွန်လကုန်တွင် အပြီးထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် စိုက်ပျိုးစရိတ်ငွေချေးရာတွင် မိုးစပါးစိုက်တောင်သူများအား လယ်တစ်ဧကလျှင် ချေးငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့်လည်းကောင်း၊ အခြားသီးနှံအတွက် တစ်ဧကလျှင် ချေးငွေကျပ် နှစ်သောင်းနှုန်းဖြင့်လည်းကောင်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ယခင်က မိုးစပါးစိုက်မည့် လယ်တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်း ထုတ်ချေးနေရာမှ ယခုနှစ်တွင် ကျပ်ငါးသောင်းထပ်တိုး၍ချေးပေးထားပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ရှစ်ရာခိုင်နှုန်းဖြစ်ကြောင်း၊ တောင်သူများ၏ စိုက်ပျိုးစရိတ်အခက်အခဲကို ဖြေရှင်းသည့်အနေဖြင့် ယခုနှစ်တွင် ချေးငွေပမာဏ ပို၍ချေးပေးထားခြင်းဖြစ်ကြောင်း မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဒေါ်သန်းသန်းဝင်း၏ ပြောကြားချက်အရ သိရသည်။

**မောင်ကို(သာစည်)**

# လမ်းသွားလမ်းလာပြည်သူများ အန္တရာယ်မရှိစေရန် လမ်းဘေးမှ သစ်ပင်ခြောက်များ ခုတ်လှဲရှင်းလင်း

**ရေစကြို မေ ၂၅**

ရေစကြိုမြို့၏ အဓိကလမ်းမကြီးတစ်ခုဖြစ်သော ဗိုလ်ချုပ်လမ်းမကြီး ဘေးဝဲယာရှိ သစ်ပင်အခြောက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦး ဦးဆောင်သည့် စည်ပင်ဝန်ထမ်းများအဖွဲ့က မေ ၂၃ရက်မှစ၍ လိုက်လံခုတ်လှဲရှင်းလင်းလျက်ရှိသည်။

ယခုအချိန်သည် မိုးရာသီကာလဖြစ်ပြီး လေပြင်းများ မကြာခဏတိုက်ခတ်လေ့ရှိသောကြောင့် မိုးသည်းထန်စွာရွာသွန်းချိန်နှင့် လေပြင်းတိုက်ခတ်ချိန်များတွင် သစ်ပင်ခြောက်များပြိုလဲခြင်းကြောင့် လမ်းသွားလမ်းလာပြည်သူများ အန္တရာယ်မရှိစေရန်နှင့် သွယ်တန်းထားသော မီးကြိုးများ၊ ဖုန်းလိုင်းကြိုးများကို ထိခိုက်မှုမရှိစေရန်အတွက် အန္တရာယ်ရှိသော သစ်ပင်ခြောက်များကို လိုက်လံခုတ်လှဲရှင်းလင်းခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာထံမှ သိရသည်။

**အိမွန်ဆွေ(ရေစကြို)**



## သတင်းတိုများ

### ပြည်သူများသို့ အာမခံလုပ်ငန်းအကြောင်းရှင်းလင်းပြောကြား

မြန်မာ့အာမခံလုပ်ငန်း၏ ဝန်ဆောင်မှုများဖြစ်သော သူတစ်ပါး ထိခိုက်အာမခံ၊ ပို့ကုန်ပစ္စည်းအာမခံတို့နှင့် ပတ်သက်၍ အသိပေးရှင်းလင်းပွဲကို စစ်တွေမြို့ မေယုလမ်းရှိ ပြည်နယ်အာမခံရုံးခန်းမ၌ မေ ၂၂ ရက်က ကျင်းပခဲ့သည်။ ရှင်းလင်းပွဲတွင် မြန်မာ့အာမခံလုပ်ငန်း ရခိုင်ပြည်နယ်တာဝန်ခံ ဦးခင်ဖေက သူတစ်ပါး ထိခိုက်အာမခံနှင့် ပို့ကုန်ပစ္စည်းအာမခံတို့အကြောင်းကို ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ရှင်းလင်းပွဲသို့ စစ်တွေမြို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မထသရုံးမှ တာဝန်ရှိသူများ၊ ယာဉ်မောင်းများနှင့် အာမခံအကြောင်းလေ့လာလိုသူ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

**အာရက္ခသြရသ**

### ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများပြန်လည်တူးဖော်

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ မိုးရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တရော်ကုန်းရပ်ကွက် ပြည်လမ်းအရှေ့ဘက်ခြမ်းရှိ ပင်မရေထုတ်မြောင်းရေထွက်ပေါက်ကို အဖွဲ့ပိုင်စက်ယန္တရားဖြင့် မေ ၂၄ရက်ကတူးဖော်ခဲ့ပြီး မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးသန်း၊ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် အင်ဂျင်နီယာမှူး ဦးထွန်းသူအောင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးကိုကို(အောင်လံ)**

# တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများကို ကွင်းဆင်းပြုပြင်ပေး

**ဆားလင်းကြီး မေ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီး မြို့နယ်အတွင်းမှ တောင်သူပိုင် လယ်ယာ သုံးစက်ကိရိယာများကို ဆားလင်းကြီး မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂၂) စက်မှုလယ်ယာစခန်းမှ ဦးစီးမှူး ဦးဆန်းလင်းဦးဆောင်သည့် စက်မှုလယ်ယာ ဝန်ထမ်းများက မေ ၂၄ ရက် နံနက်ပိုင်းမှစတင်၍ ကျေးရွာများသို့ ကွင်းဆင်းကာ ပြုပြင်ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။



လယ်ယာသုံး စက်ကိရိယာများ ကွင်းဆင်းပြုပြင်ပေးခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ဆားလင်းကြီးမြို့နယ် ထန်းပုကျေးရွာ သရက်တောကျောင်းတိုက်း၌ အခြေပြု၍ တောင်သူပိုင် လယ်ယာသုံး စက်ကိရိယာများကို ကွင်းဆင်း ပြုပြင်ဆောင်ရွက်ပေးနေပြီ ဖြစ်ကြောင်း မြို့နယ် စက်မှုလယ်ယာ ဦးစီးဌာနမှူးက ပြောကြားသည်။

တောင်သူပိုင်လယ်ယာသုံး စက်ကိရိယာများကို ပြုပြင်ပေးခြင်းဖြင့် မိုးသီးနှံများစိုက်ပျိုးရာတွင် စက်စွမ်းအားပြည့်ဖြင့် အချိန်မီလုပ်ငန်းခွင်ဝင်ရောက်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကွင်းဆင်းပြုပြင်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

# ချောင်းဦးမြို့ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**ချောင်းဦး မေ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့မှ ပြည်သူများနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများစုပေါင်း၍ မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ မေ ၂၄ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

မုံရွာ-မန္တလေး ကားလမ်းဘေးတစ်လျှောက်နှင့် မြို့အဝင်တံတားပတ်ဝန်းကျင်ရှိ အမှိုက်များကို ချောင်းဦးမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးပြုလုပ်ကြခြင်းဖြစ်သည်။ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ ဦးဝင်းမြင့်ခင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသစ်လွင်တို့က လာရောက်ကြည့်ရှုအားပေးခဲ့သည်။



“ချောင်းဦးမြို့အဝင် တံတားအောက်မှာ တစ်မြို့လုံးက အမှိုက်တွေ လာပစ်တဲ့အတွက် ယခုလို လာရောက်ပြီး စုပေါင်းသန့်ရှင်းရေး ပြုလုပ်တာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း အမှိုက်ပစ်ဖို့ သတ်မှတ်ထားတဲ့ နေရာတွေမှာပဲ အမှိုက်ပစ်ကြဖို့ လိုအပ်ပါတယ်”ဟု စုပေါင်းသန့်ရှင်းရေး လာရောက်ဆောင်ရွက်သူ ချောင်းဦးမြောက်ရပ်ကွက်မှ ပြည်သူတစ်ဦးက ပြောသည်။
**(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### ကျေးရွာအလကကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်မော်လူးကျေးရွာအုပ်စု အုန်းဒတ်ကျေးရွာမှ အခြေခံပညာမူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲကို မေ ၂၄ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဆွေဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးနှင့် ကျောင်းအကျိုးတော်ဆောင်အတွင်းရေးမှူးဦးတင်ဌွေတို့က ဆိုင်းဘုတ်ကို အမွှေးနံ့သာများဖြင့်ပက်ဖျန်းပြီး စုပေါင်း၍ ဆိုင်းဘုတ်တင်ခဲ့ကြကြောင်း သိရသည်။
**ညိုမင်းထက်(မြန်မာစာ)**

### မိုးရွာသဖြင့် သောက်သုံးရေအခက်အခဲများ အဆင်ပြေ

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်အတွင်း မေ ၂၀ ရက်မှ ယနေ့အထိ မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် မြို့နယ်အတွင်းမှ သောက်သုံးရေ ရှားပါးပြတ်လပ်ခဲ့သည့် ကျေးရွာများတွင် ရေပြဿနာမှ ကင်းဝေးခဲ့ပြီဖြစ်ကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်အရသိရသည်။ တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်အတွင်းမှ ကျေးရွာအများအပြားတွင် ဧပြီလ တစ်လလုံးနီးပါးနှင့် မေလလယ်ပိုင်းအထိ သောက်သုံးရေ ရှားပါးပြတ်လပ်သည့်ပြဿနာကို ကြုံတွေ့ခဲ့ရပြီး ယခု မိုးများအဆက်မပြတ်ရွာသွန်းမှသာ ရေရှားပါးသည့်ပြဿနာမှ ကင်းဝေးခဲ့ရကြောင်း သိရသည်။
**နိုင်ဝင်း(ပြန်/ဆက်)**

# မိုးရွာသွန်းသဖြင့် သာစည်မြို့နယ်တွင် မိုးနှမ်းများစတင်စိုက်ပျိုး

**သာစည် မေ ၂၅**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ယခုရက်ပိုင်းအတွင်း မိုးစတင်ရွာသွန်းပြီဖြစ်သဖြင့် မိုးဦးသီးနှံများစိုက်ရန် မိုးကိုမျှော်နေကြသည့် ကျေးရွာများမှ တောင်သူများမှာ လယ်ယာသုံးထွန်စက်များဖြင့် လယ်ယာလုပ်ငန်းခွင်များသို့ စတင်ဝင်ရောက်နေကြသည်ကို တွေ့ရသည်။

“မိုးဦးနှမ်းက အခု ကဆုန်လအတွင်း အပြီးကျဲပက်ရမှာပါ။ နွားနဲ့ဆိုရင် ကြဲပက်စိုက်ပျိုးချိန် နောက်ကျနေမှာစိုးလို့ စက်တွေနဲ့ပဲ ငှားရမ်းပြီး လုပ်ကိုင်နေကြရပါတယ်။ နွားတစ်ရှဉ်းကိုငှားရင်လည်း တစ်မနက်ခင်းကို လေးထောင်ပေးငှားရပါတယ်။ လယ်ယာသုံးစက်တွေကလည်း တစ်နာရီကို လေးထောင်ပဲ ပေးရပါတယ်။ စက်တွေနဲ့ဆိုတော့ ပိုခရီးရောက်တာပေါ့”ဟု ညသျှစ်ကုန်းကျေးရွာမှ တောင်သူတစ်ဦးကပြောသည်။

ယခုအခါ သာစည်မြို့နယ်တွင် နှမ်းစိုက်ပျိုးရာသီချိန်ဖြစ်သည့်အတွက် တောင်သူများမှာ နှမ်းမျိုးများကို သာစည်မြို့မှ ပွဲရုံများတွင် ဝယ်ယူနေကြပြီး နှမ်းနက်တစ်တင်းလျှင် ငွေကျပ်ငါးသောင်း၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် လေးသောင်းခွဲ၊ နှမ်းနီတစ်တင်းလျှင် ကျပ် သုံးသောင်းခွဲအထိ ဈေးရှိနေကြောင်း၊ နှမ်းစိုက်ပျိုးရာတွင်လည်း ကျဲပက်၍ စိုက်ပျိုးသူက စိုက်ပျိုးပြီး တန်းဆွဲ၍ အစေ့ချစိုက်ပျိုးသူက စိုက်ပျိုးနေကြကြောင်း သိရသည်။ သာစည်မြို့နယ်အတွင်း ကျေးရွာများ၌ မိုးဦးနှမ်းကို ကဆုန်လအတွင်း အပြီးစိုက်ပျိုးကြပြီး တော်သလင်း၊ သီတင်းကျွတ်လတွင် နှမ်းများထွက်ကာ ရိတ်သိမ်းလေ့ရှိကြောင်း သိရသည်။
**မောင်ကို(သာစည်)**




11:30a.m,
Vietjet နဲ့အတူပျံသန်းဖို့ အချိန်ကျပြီ။
မြန်မာကျပ်ငွေ
www.vietjetair.com
0
ကျပ်နဲ့
နွေရာသီကို VIETJET နဲ့အတူ ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းကြမယ်။
YANGON HO CHI MINH CITY
(from now until 9 Jun 2016)
3 ရက် 31 မေ - 2 ဇွန်လ 2016 ခုနှစ်
ပျော်ရွှင်ချစ်ကြည်စွာပျံသန်းကြပါစို့။
vietjetAir.com
ကဲ.. ဒီနွေရာသီမှာ ဘယ်လိုစိတ်လှုပ်ရှားဖွယ်အစီအစဉ်တွေ ပေါ်ထွက်လာမယ်လို့ ထင်လဲ။ အခုကနေစပြီး ဇွန်လ ၉ရက်နေ့အထိ Vietjet နဲ့ခရီးသွားမယ်ဆိုရင် ရုပ်လုံးကြွမျက်မှန်တွေနဲ့ စိတ်လှုပ်ရှားဖွယ် ဆန်းသစ်တဲ့ခရီးစဉ်အတွေ့အကြုံကို ပိုင်ဆိုင်နိုင်မယ့် အခွင့်အရေးရှိတယ်နော်။ ဒါ့အပြင် လေယာဉ်ပေါ်မှာ 3D ပန်းချီပြိုင်ပွဲကိုလည်း ပါဝင်ဆင်နွှဲလို့ရဦးမှာလေ။ အထူးသဖြင့် မြန်မာကျပ်ငွေ (၀)ကျပ်နဲ့စတဲ့ ရန်ကုန်-ဟိုချီမင်းခရီးစဉ်နဲ့ ဗီယက်နမ်နိုင်ငံတွင်း ခရီးစဉ် လေယာဉ်လက်မှတ်ပေါင်းမြောက်များစွာကလည်း သင့်ကို စောင့်မျှော်နေလို့ နေ့စဉ် မနက်၁၁နာရီခွဲကနေ နေ့လည် ၁နာရီခွဲအတွင်း ပရိုမိုးရှင်းအစီအစဉ်မှာ ပါဝင်နိုင်ပါပြီရှင့်။ Vietjet လေကြောင်းလိုင်းက စိတ်အချရဆုံးနဲ့အဆန်းသစ်ဆုံးအတွေ့အကြုံတွေ ခံစားနိုင်စေဖို့ ကူညီပေးမှာပါ။ ဖိမ်ခံသားရေထိုင်ခုံတွေပေါ်မှာ အနားယူပြီး ဖျော်ဖြေရေးအစီအစဉ်တွေ ခံစားရင်းနဲ့ နွေးထွေးပျူငှာတဲ့ လေယာဉ်မယ်လေးများ တည်ခင်းပေးတဲ့ အရသာရှိလှတဲ့ အစားအသောက်တွေ မှာယူစားသောက်ကြမယ်။
လက်မှတ်ဝယ်ယူနိုင်မည့် နေရာများ
လက်မှတ်အရောင်းဌာနများ
Website: www.vietjetair.com
-Mobile: http://m.vietjetair.com
-Facebook: www.facebook.com/vietjetglobal
Tab "Booking"
AVIAREPS Myanmar
အမှတ် ၂၅, ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် - +၉၅ (၁) ၅၃ ၉၄ ၈၄
Fax - +၉၅ (၁) ၅၃ ၉၄ ၈၄
မိုဘိုင်းဖုန်း - +၉၅ (၉) ၄၅ ၀၀၀ ၁၃၀၄
Hotline - +၉၅ (၉) ၇၈၉ ၃၂၃ ၈၂၈
*စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များရှိပါသည်။
ဟိုချီမင်းမြို့ ကန်တို ဒါလတ် နာတရန် ဖူကျို ဘွန်မသွတ် ကွေနှံ့ ဒါနန်း စပ် ဗင် ဟိုက်ဖွန်း ဟန္နိုင်း ထိုင်းလန် စင်ကာပူ ထိုင်ဝမ် ကိုရီးယား ရန်ကုန်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် Counting Machine (Portable Type)(၁၅)လုံး မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

၂။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** ၁၉-၆-၂၀၁၆ရက်၊ ညနေ ၄း၀၀နာရီ

၃။ အသေးစိတ်အချက်အလက်များကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ စီမံ(ပစ္စည်း)ဌာန၊ ရန်ကုန်မြို့ ဖုန်း-၃၇၁၄၃၄၊ ၃၈၁၅၃၀၊ ၃၈၀၈၅၇သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

## ဆေးဝါးသုံးတိရစ္ဆာန်အစားအစာ(၅)မျိုး အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | မြင်းစာတောင့်(၃၀ ကီလိုဝင်) | ၄၂၃၀ အိတ် |
| (ခ) | ကုလားပဲ | ၁၈၈၁ တင်း |
| (ဂ) | ဂျုံဖွဲကြမ်း | ၁၉၈ တန် |
| (ဃ) | အစေ့ထုတ်ပြောင်း | ၃၃၆၄ တင်း |
| (င) | ဆန်ကွဲ | ၈၈၇ တင်း |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၁၆-၆-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ(အင်းစိန်)၊ မြင်းနှင့်သိုးမွေးမြူရေးဌာန(ရန်ပယ်)၊ မြင်းနှင့်သိုးမွေးမြူရေးဌာန (ဟဲဟိုး)

၄။ တင်ဒါတင်သွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ ဈေးနှုန်းစိစစ်ရေးကော်မတီ၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) နေပြည်တော်

၅။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၃၈၈**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ (သတ္တုရေးရာ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သတ္တုရေးရာ)ရှိ ဝန်ကြီးရုံး/ဦးစီးဌာန/ လုပ်ငန်း(၇)ခုတွင် အသုံးပြုမည့် ရုံးသုံးစက်ပစ္စည်းကိရိယာများ၊ ရုံးသုံးစာရေးကိရိယာများနှင့် (Toner ,Catridge & Computer Accessories)ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၆-၂၀၁၆ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန(သတ္တုရေးရာ)ဝန်ကြီးရုံး/ ဦးစီးဌာန/ လုပ်ငန်း(၇)ခုတွင် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သတ္တုရေးရာ)ဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၉၃၇၀
(ခ) သတ္တုတွင်းဦးစီးဌာန ဖုန်း-၀၆၇-၄၀၉၃၇၇
(ဂ) ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ဖုန်း-၀၆၇-၄၁၄၀၇၉
(ဃ) အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ဖုန်း-၀၆၇-၄၀၉၁၆၂
(င) အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဖုန်း-၀၆၇-၄၀၉၃၉၁
(စ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဖုန်း-၀၆၇-၄၁၄၉၀၉
(ဆ) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ဖုန်း-၀၆၇-၄၁၄၀၈၃

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
### ဘားအံခရိုင်တရားရုံး
### ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂

ဒေါ်ထွေးပြည့်စုံ နှင့် ၁။ ဦးမြင့်သန်း
၂။ ဒေါ်ခင်စန္ဒာဝင်း
၃။ ကိုသဲမောင်ဦး
၄။ ဦးစိုးလွင်
၅။ ကိုလင်းလင်းထွန်း

တရားလို — တရားပြိုင်များ

ရွှေတောင်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အမည်ဖြင့် အမှတ်(၄၁) တိုးချဲ့ မြောက်ဒဂုံလမ်းသွယ်၊ မြတ်လေးလမ်းဆုံ၊ အမှတ်(၁၀) တော်ဝင်လုံးချင်းအိမ်ရာ၊ တက်လမ်းအထူးကုဆေးခန်းရှေ့၊ တိုက်ဝါ(၄) (ဒဂုံမြို့သစ်မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ လိပ်စာဖြင့်လည်းကောင်း၊ မလိခ(၇)လမ်း၊ ဇဝနဒီပရပ်ကွက်၊ ပုဗ္ဗသီရိဈေးအနီး၊ ပုဗ္ဗသီရိမြို့နယ် နေပြည်တော်လိပ်စာအမည်ဖြင့်လည်းကောင်း၊ ရုံးခန်းဖွင့်လှစ်လုပ်ကိုင်နေသူများဖြစ်သည့် (၁) ဦးမြင့်သန်း၊ (၂) ဒေါ်ခင်စန္ဒာဝင်း၊ (၃) ကိုသဲမောင်ဦး၊ (၄) ဦးစိုးလွင်၊ (၅) ကိုလင်းလင်းထွန်း (ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

သင်တို့အပေါ် တရားလိုက ဆောက်လုပ်ရေးအိမ်ဆောက်ပစ္စည်းကြွေးကျန်ငွေ (၁၅၅၂၅၈၄၃ိ/) တစ်ရာငါးဆယ့်ငါးသိန်း နှစ်သောင်း ငါးထောင်ရှစ်ရာလေးဆယ်သုံးကျပ်နှင့် နစ်နာကြေးငွေများရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါဖြစ်စေ ၂၀၁၆ ခုနှစ် ဇွန် ၁၃ရက် (၁၃၇၈ခုနှစ် နယုန်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူများက တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာရောက်ဘဲ ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့်စာရွက်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မေ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်ပါသည်။

**(ရီရီဆွေ)**
**ဒုတိယခရိုင်တရားသူကြီး**
**ဘားအံခရိုင်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကက်သုတ်ကြေးနီ (၄၀၀)မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

**ကြမ်းခင်းဈေး** - တင်ဒါဖွင့်သည့်နေ့တွင်ရှိမည့် London Metal Exchange ဈေးနှုန်းပါ ကက်သုတ်ကြေးနီ တစ်တန်၏ဈေးနှုန်းထက် မနိမ့်သောဈေး

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၇-၆-၂၀၁၆ ရက် ၁၆း၃၀ နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၇၈နှင့် ၀၆၇-၄၀၉၀၀၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**သတ္တုတွင်းဦးစီးဌာန၊**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဖခင်အမည်မှန်

ကျောက်မဲမြို့နယ်၊ အထက (နောင်ပိန်)၊ န၀မတန်းမှ နန်းလှရင်၊ အမက နားအိုက်ခန့်(မူလွန်)၊ သတ္တမတန်းမှ နန်းဆုဇာနှင့် အမက နားအိုက်ခန့်(မူလွန်)၊ ပထမတန်းမှ စိုင်းကွမ်ခမ်းတို့၏ဖခင်အမည်မှန်မှာ ဦးစိုင်းစံညွန့် ၁၃/ကမန (နိုင်) ၀၃၆၀၀၀ ဖြစ်ပါကြောင်း။

**ဦးစိုင်းစံညွန့် ၁၃/ကမန(နိုင်)၀၃၆၀၀၀**

## ဖခင်အမည်မှန်

ကျောက်မဲမြို့နယ်၊ အထက (နောင်ပိန်)၊ န၀မတန်းမှ နန်းခမ်းဦး အမက နားအိုက်ခန့်(မူလွန်)၊ သတ္တမတန်းမှ စိုင်းအောင်ခမ်းနှင့် အမက နားအိုက်ခန့်(မူလွန်)၊ ဆဋ္ဌမတန်းမှ နန်းနွတ်ခမ်းတို့၏ ဖခင်အမည်မှာ ဦးစိုင်းကာလိန္တ ၁၃/ကမန(နိုင်)၀၃၄၂၈၈ ဖြစ်ပါကြောင်း။

**ဦးစိုင်းကာလိန္တ ၁၃/ကမန(နိုင်)၀၃၄၂၈၈**

## ဖမ်းဆီးရမိ ကုက္ကိုလ်သားဂစ်တာပုံပန်းပုရုပ်ရောင်းချရန် လေလံကြော်ငြာ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်(လားရှိုး)၊ ဒုတိယညွှန်ကြားရေးမှူးရုံးတွင် ၄-၆-၂၀၁၆ ရက်၌ ကျောက်မဲမြို့နယ်၊ သစ်တောဦးစီးဌာန၏ ဖမ်းဆီးရမိ ပုံစံ(၈)ဝင် ကုက္ကိုလ်သား ဂစ်တာပုံ ပန်းပုရုပ်(၁၇)ရုပ် (၀ဒသမ ၀၈၈၄)တန်အား လက်ရှိမျက်မြင်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်ကို ကျောက်မဲခရိုင် သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် တစ်စောင်လျှင် ကျပ် ၅၀၀၀ိ/-နှုန်းဖြင့် ၂၃-၅-၂၀၁၆ ရက်မှစတင်ဝယ်ယူပြီး ၂-၆-၂၀၁၆ရက် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ကျောက်မဲခရိုင် သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၈၂-၄၀၀၄၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

## CLAIMS DAY NOTICE
## M.V LORD VISHNU VOY:NO (081)

Consignees of cargo carried by M.V LORD VISHNU VOY:NO (081) are here by notified that the vessel will arrive on about 27-5-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ Asia General Transformer Co.,Ltd. ရှိအသုံးမလိုပိုလျှံသည့် ကြေး(၃၀၀၀)ပိဿာခန့်၊ သံမာ(၃၈)တန်ခန့်၊ သံပွ(၂)တန်ခန့်၊ Transformer ဆီအဟောင်း(၂၅၀၀)ဂါလန်ခန့်တို့အား မျက်မြင်အခြေအနေအတိုင်း ပစ္စည်းတစ်မျိုးချင်းအလိုက် ရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါလျှောက်လွှာတစ်စောင် ၃၀၀၀ိ/-ကျပ်ဖြစ်ရောင်းချပြီး စည်းကမ်းချက်များအားတင်ဒါလျှောက်လွှာတွင်ဖော်ပြထားပါသည်။ တင်ဒါမအောင်သူများအား တင်ဒါလျှောက်လွှာဖိုးငွေများ ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

၃။ တင်ဒါလျှောက်လွှာများအား ၂၆-၅-၂၀၁၆ရက်မှ ၃-၆-၂၀၁၆ရက်အထိ နေ့စဉ်ရုံးဖွင့်ချိန်နံနက်(၈)နာရီမှညနေ(၅)နာရီအထိရောင်းချပါမည်။

၄။ တင်ဒါလျှောက်လွှာရောင်းခြင်း၊ပစ္စည်းများမျက်မြင်ကြည့်ရှုခြင်း၊တင်ဒါပိတ်/ဖွင့်ခြင်းတို့အား Asia General Transformer Co.,Ltd. အမှတ်(၁-၄)၊(၃၁-၃၅)ရန်ကုန်-ပုသိမ်လမ်းနှင့်တွံတေးလမ်းထောင့်ရွှေသံလွင်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီးတွင်ပြုလုပ်ပါမည်။

၅။ **တင်ဒါပိတ်မည့် ရက်စွဲ/အချိန်** - ၃-၆-၂၀၁၆ ရက် ညနေ (၅)နာရီ

၆။ **တင်ဒါဖွင့်မည့် ရက်စွဲ/အချိန်** - ၆-၆-၂၀၁၆ ရက် နေ့လည် (၁)နာရီ

၇။ **အသေးစိတ်စုံစမ်းရန်** - Asia General Transformer Co.,Ltd. ဖုန်း - ၀၉၇၃၀၁၀၄၅၂ ၀၉၇၃၀၂၀၄၅၃ ၊ ၀၉၂၅၃၅၂၄၈၄၁

ပစ္စည်းများထုခွဲရောင်းချရေးအဖွဲ့

SMILE ပိုက်မျိုးစုံ

ဝါယာရှော့ကြောင့်မီးမလောင်နိုင်တဲ့

SMILE လျှပ်စစ်မီးပိုက်

ရှိနေပါပြီ။

အမှတ်(11)လေးထောင့်ကန်လမ်း၊ဆ/ကရပ်ကွက်၊ သယ်္ဃန်းကျွန်းမြို့နယ်/ရန်ကုန်မြို့။ Ph:09-5135266,420005255။

## ကုန်အမှတ်တံဆိပ် ဥပဒေရေးရာစကားဝိုင်း
## ကုန်သည်စက်မှုအသင်းချုပ် ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောဆွေးနွေးပွဲ ဖိတ်ကြားခြင်း
## ၂၀၁၆ ခုနှစ် ဇွန်လ ၄ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ လစဉ် ပညာရှင်များ ပုံမှန်ဟောပြောဆွေးနွေးပွဲတွင် ဦးကျော်အေး (အငြိမ်းစားညွှန်ကြားရေးမှူးချုပ်-ရှေ့နေချုပ်ရုံး)၊ ဦးသန်းမောင်(စစ်တွေ)နှင့် ဦးမောင်မောင်(မော်ကျွန်း)တို့မှ **ကုန်အမှတ်တံဆိပ် ဥပဒေရေးရာ စကားဝိုင်း**ခေါင်းစဉ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ဆွေးနွေးဟောပြောမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၄-၆-၂၀၁၆ ရက် (စနေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ ၂း၀၀ နာရီ
ကျင်းပမည့်နေရာ - UMFCCI Office Tower (ပထမထပ်)ခန်းမကြီး၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

**ကုန်သည်စက်မှုအသင်းချုပ်**

# လယ်ယာမြေ ရောင်းရန်ရှိသည်

သီလဝါ ရန်ကုန်သွား (၆)လမ်းသွားကားလမ်းဘေး၊ မိုင်တိုင်အမှတ် (၆/၄)အနီး မျက်နှာစာ ပေ ၆၀၀ ကျော် အကျယ် ၅.၅ဧကရှိ ပုံစံ(၇) လယ်မြေ ရောင်းမည်။

ရောင်းဈေး (၁ ဧက ကျပ်သိန်းလေးရာငါးဆယ်တိတိ/-)

**ဆက်သွယ်ရန်** ဖုန်း-၀၉-၅၀၄၃၅၈၂၊ ၀၉-၄၀၂၆၀၀၄၇၀၊ ၀၉-၄၂၀၇၂၅၄၆၅

# ဝန်ထမ်းအလိုရှိသည်

**အမှတ်(၁၃၀)၊ တတိယထပ်၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၄၀၇၄၂၊ ၅၄၀၇၄၇၊ ၅၅၈၉၇၃၊**
**E-mail:hrmgr.gh@gmail.com**

ရန်ကုန်မြို့တွင် မကြာမီဖွင့်လှစ်မည့် ဆေးရုံသစ်ကြီးတွင် တာဝန်ထမ်းဆောင်နိုင်ရန် အောက်ပါရာထူးများအတွက် ဖော်ပြပါအရည်အချင်းများနှင့်ကိုက်ညီသူ (မည်သူမဆို)၊ E-mail ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ သတင်းစာတွင် ဖော်ပြသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

(၁) Medical Officer
(က) M.B.,B.S ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) ဆေးကုသခွင့်လိုင်စင်(ဆမ)ရရှိပြီးသူဖြစ်ရမည်။

(၂) Nurse
(က) B.N.Sc (သို့)Dip in Nursing (သို့) Certificate in Mid-wife ရရှိပြီးသူဖြစ်ရမည်။
(ခ) သူနာပြုလိုင်စင်ရရှိပြီးသူဖြစ်ရမည်။

(၃) Radiographer
(က) B.Med.Tech (Medical Imaging Technology) ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

(၄) Laboratory Technician
(က) B.Med.Tech (Medical Laboratory Technology) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(၅) Receptionist
(က) ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(၆) Cleaner

(၇) Security Officer

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ဆိုင်ရာ ရဲစခန်းထောက်ခံစာမိတ္တူနှင့်တကွ လျှောက်ထားနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် လယ်ဝေးမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၈၊ လမ်းမတော်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် ၄၉ᵃ၊ ဧရိယာ ၀ဒသမ ၀၈၃ဧကရှိ ဦးတင်မောင်သန်း ပါ ၂ ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ဝင်းဝင်းယဉ် ၉/လဝန(နိုင်)၀၈၀၂၀၂ (ဘ) ဦးသိန်းဝင်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လုပ်ငန်းကျွမ်းကျင်မှုလက်မှတ် ပျောက်ဆုံးခြင်း

ကျွန်တော် ဦးသိန်းနိုင်ဦး ၇/ဒဥန(နိုင်)၀၉၄၂၉၂ ၏ CDC-47833 AFF လက်မှတ်အမှတ် 10980/08 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၇၆၃၁၅**

## အောင်စကြာဒေါက်တာဘဒ္ဒန္တစန္ဒသူရိယ၏ ၁၅.ရက်အထူး တရားစခန်းပွဲ ဇွန်လ (၁၆) ရက်မှ (၃၀) ရက်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ၌ (မဟာဓမ္မကထိကဗဟုဇနဟိတဓရ) အောင်စကြာဒေါက်တာဘဒ္ဒန္တစန္ဒသူရိယဆရာတော်သည်၊ သမထ ဝိပဿနာအလုပ်ပေးတရားတော်များကို ကိုယ်တိုင် ဟောပြောပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုလျှင် ရိပ်သာမှ စခန်းဝင်ပုံစံကို ကြိုတင်ယူ၍လေ့လာပါ။ စခန်းဝင်ပုံစံပါ စည်းကမ်းနဲ့အညီ အားထုတ်နိုင်မည်ဆိုပါက စာရင်းပေးသွင်းပြီး ၂၀၁၆၊ခု ဇွန်လ(၁၆) ရက်နေ့နံက်(၆. ၃၀)နာရီအရောက် ရိပ်သာသို့ဝင်ကြရပါမည်။ တစ်နာရီထိုင် တစ်နာရီနား နားတဲ့နာရီတိုင်း ယောဂီအားလုံးတရားစစ်မည်ဖြစ်ပါ၍ (ယောဂီဦးရေ (၂၀) သာလက်ခံပါသည်)နေ့ဆွမ်း အရုဏ်ဆွမ်း အချိုပွဲ ဖျော်ရည် များကို ဖုန်း၊ ၀၁ ၂၂၄၆၈၁ သို့ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြပါသည်။

## စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံ ရွှေကျင်ဂိုဏ်း ဝိနည်းစာတော်ပြန်ပွဲ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် စာမူတောင်းခံလွှာ

စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်ကြီး ၁၂၈၀ ခုနှစ်တွင် စတင်တည်ထောင်တော်မူခဲ့သော **မဟာဂန္ဓာရုံ ရွှေကျင်ဂိုဏ်း ဝိနည်းစာတော်ပြန်ပွဲကြီး** သည် ၁၃၇၉ ခုနှစ်တွင် နှစ်(၁၀၀)ပြည့်တော့မည်ဖြစ်ပါသည်။ ယင်းနှစ်တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (၁၁-၁၁-၂၀၁၇ ရက်) တွင် မဟာဂန္ဓာရုံ ရွှေကျင်ဂိုဏ်း ဝိနည်းစာတော်ပြန်ပွဲ၊ ရာပြည့်ပူဇော်ပွဲကျင်းပပြုလုပ်ရာ၌ ရာပြည့်အထိမ်းအမှတ် စာစောင်ထုတ်ဝေရန် ဆုံးဖြတ်ခဲ့ကြပါသည်။ အောက်ဖော်ပြပါအချက်အလက်များနှင့် လိုက်လျောညီထွေဖြစ်သော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများကို ရေးသားပေးပို့နိုင်ပါသည်။ ယင်းစာမူများကို ၁၃၇၉ ခုနှစ် ကဆုန်လပြည့်နေ့ (၁၀-၅-၂၀၁၇ရက်) နောက်ဆုံးထား၍ ပေးပို့ချီးမြှင့်ကြပါရန် လေးစားစွာ တောင်းခံအပ်ပါသည်။

၁။ စစ်ကိုင်းမြို့၊ မဟာဂန္ဓာရုံရွှေကျင်ဂိုဏ်း ဝိနည်းစာတော်ပြန်ပွဲနှင့် သက်ဆိုင်သောအကြောင်းအရာများ။
၂။ ရွှေကျင်ဂိုဏ်းနှင့်သက်ဆိုင်သော အကြောင်းအရာများ။
၃။ လောက သာသနာအကျိုးများစေသည့် အကြောင်းအရာများ။

**ပေးပို့ရန်ဌာန -**
**အရှင်သီလာနန္ဒာဘိဝံသ**
**မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ ဖုန်း-၀၉-၇၈၀၈၆၁၅၆၆**

## မင်္ဂလာဆည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးညိုအေး(စက်မှု-၁)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း-(ငြိမ်း)-ဒေါ်မြင့်စန်းတို့၏ သားထွေး

**မောင်တင်ထွန်းလှိုင်(BE.IT)**

**Assistant Project Manager, ABC Telecom Co., Ltd.**

**နှင့်**

နေပြည်တော်နေ ဦးညွန့်ဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန-ဒေါ်ရီငွေးတို့၏သမီးကြီး

**မစန္ဒီညွန့်ဝင်း (B.Pharm)**

**Pharmacist, Universities Hospital**

တို့၏ ၂၂-၅-၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Panda Hotel Ruby Hall ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဆည့်ခံပွဲအခမ်းအနားသို့ လူကိုယ်တိုင်ကြွရောက်ချီးမြှင့်နိုင်ခဲ့ခြင်း မရှိသော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ပေးပါသော အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေဇနီး ဒေါ်မြသီဂီ၊ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးခဲ့ပါသောအလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ဆင်မြန်းပေးပါသော ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းကျော်၊ မြန်မာ့သစ်လုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဇနီး ဒေါ်ဖြူဖြူသန့်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော Managing director ဦးသူရိန်ထွဋ်၊ Global Connect Asia Co.,Ltd. နှင့်ဇနီး ဒေါ်ယဉ်မင်းသန့်၊ ဆွေမျိုးသားချင်းများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ တေဇ(၁၃)မှ သူငယ်ချင်းနှင့်ဇနီးများ၊ ABC Telecom Co.,Ltd. မှ CEO ဒေါ်ဖြူဖြူဝင်း၊ Project director ကိုမြင့်မောင်မောင်၊ DYCE ကိုသက်ဦးမောင်နှင့်တကွ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေသင်္ဂဟများ၊ လက်ဖွဲ့ပစ္စည်းပေးပို့ ချီးမြှင့်ပေးပို့ခဲ့ကြပါသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့ အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော တက္ကသိုလ်ကိုကိုဇော်၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော ရဲရင့်ဝေလွင်၊ မင်္ဂလာပန်းကြဲပေးပါသော မဖူးပြည့်စုံဝင်း၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော ဆုမြတ်ဖြိုး၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော မမြတ်ဟေမာန်ဝင်း၊ သတို့သားအရံသူရအောင်နှင့် သတို့သမီးအရံ မထက်ထက်အောင်၊ မင်္ဂလာဝတ်စုံနှင့်ပန်းအလှသီတဂူ၊ မိတ်ကပ်ဆံပင်မေမိုးနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာ မြင်သာ၊ မင်္ဂလာဓာတ်ပုံအလှနှင့် Video ရိုက်ကူးပေးပါသော Yes I do အဖွဲ့အားလည်းကောင်း၊ အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှဆောင်ရွက်ပေးကြပါသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်တင်ထွန်းလှိုင်-မစန္ဒီညွန့်ဝင်း**

## ဖခင်အမည်မှန်

တောင်ဒဂုံမြို့နယ်၊ အမက (၁)၊ ဆဋ္ဌမတန်း(A)မှ မယွန်းနုဆည်းဆာ၊ တတိယတန်း (A)မှ မနှင်းနုဆည်းဆာ၊ သူငယ်တန်း (A) မှ မောင်ဖြိုးဝသန်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ဦး ၁၄/အမန(နိုင်)၀၉၉၇၄၆ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက်၊ မြေကွက်/ဦးပိုင်အမှတ် ၆၄၊ ဧရိယာ ၀ ဒသမ ၁၃၃ ဧကရှိ ဦးကျော်သင်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးကျော်သင်း ၉/ပမန(နိုင်)၀၀၆၂၇၅ (ဘ) ဦးအောင်မြင့်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပန်းနာရင်ကျပ်ရောဂါ သရုပ်ပြပညာပေးဆွေးနွေးပွဲ

**နေ့ရက်** - ၂၉-၅-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉ နာရီမှ ၁၁ နာရီ
**နေရာ** - သူနာပြုတက္ကသိုလ်ခန်းမ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့၊

စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်နိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**အရာတော်မြို့နယ်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၁**

မနီနီသင်း **နှင့်** ၁။ ကိုမျိုးထွန်း
၂။ မကြည်ဆန်း

**တရားလို** **တရားပြိုင်များ**

အရာတော်မြို့နယ်၊ နောင်ကြီးအိုင်ကျေးရွာရပ်နေ၊ ကိုမျိုးမင်းနှင့် မကြည်ဆန်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ မနီနီသင်း(ဘ) ဦးငွေးမောင်က ချေးငွေ ၇၁၀၀၀၀၀ ကျပ်နှင့် နစ်နာကြေးငွေကျပ် ၂၅၀၀၀၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မေ ၃၁ရက် (၁၃၇၈ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် မေ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ခါး)**
**မြို့နယ်တရားသူကြီး**
**အရာတော်မြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မူဆယ်မြို့နယ်၊ နောင်လောင်းကျေးရွာအုပ်စု၊ နမ့်စန့်ကျေးရွာနေ စိုင်းရီပေါင်း၏ ဖခင်အမည်မှာ ဦးထွန်းအေးနှင့် ဦးရွှေပန်းအေး ၁၃/မဆတ(နိုင်)၀၁၀၆၀၇ တို့မှာ တစ်ဦးတည်းဖြစ်ကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

သီပေါမြို့၊ တောင်မြို့ရပ်ကွက်နေ နန်းလှယဉ်ထွေး၏ ဖခင်အမည်မှာ ဦးရွှေမျှားနှင့် ဦးသန်းငွေး ၁၃/သပန(နိုင်)၀၁၉၉၆၀ တို့မှာ တစ်ဦးတည်း ဖြစ်ကြောင်း။

## အမွေထိန်းစာရလိုမှု လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ -၂၈၃)**
**မန္တလေးခရိုင်တရားရုံး၌**
**၂၀၁၆ခုနှစ် တရားမအထွေထွေမှုအမှတ် -၂၃**

ကွယ်လွန်သူ ဦးစိုးနိုင်၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု၌ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်၊ (၂၂)လမ်း ထောင့်ကမ်းနားလမ်းထောင့်၊ အမှတ် (၂၂၀)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစိုးနိုင်၏ ကျန်ရှိသောပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်း ဒေါ်နွေးနွေးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၁၆ခုနှစ် ဇွန် ၁၃ရက် (၁၃၇၈ခုနှစ် နယုန်လဆန်း ၈ရက်)တွင် ကြားနာရန်ချိန်းဆိုသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစိုးနိုင်၏ ကျန်ရှိသောပစ္စည်းများတွင် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆို အဆိုပါအမှုတွင် လာရောက်အမှုဆိုင်လိုပါက ချိန်းဆိုထားသော ၂၀၁၆ခုနှစ် ဇွန် ၁၃ရက်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နည်းလမ်းတစ်ကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်လည်းကောင်း၊ လာရောက်အမှုဆိုင်ရန်နှင့် အမွေထိန်းလက်မှတ်ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်အမှုဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူ ဒေါ်နွေးနွေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၆ခုနှစ် မေ ၁၂ ရက်တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်ပါသည်။

**(နော်မာဂရက်သာမီး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မန္တလေးခရိုင်တရားရုံး**

## ဆေးကုမ္ပဏီဝန်ထမ်းအလိုရှိသည်

အမှတ်-၉၉ (ခ)၊ အခန်း (၃၀၆) မြေနုလမ်း၊ မြေနုကွန်ဒို၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ မဟာမြိုင်ဆေးရုံအနီး။

1. **Executive Assistant -(M/F-1 post)**
   - Age under 30y/o, Bachelor Degree Holder,proactive and positive attitude, able to travel both local and overseas. (Candidate with medical background in preferred)
2. **Medical Product Executive - (M/F -4posts)**
   - Age under 30y/o, M.B.B.S, B.D.S or B.Med Tech degree holder with persuasive and charming personality, good presentation skill with proactive attitude.
3. **Medical Sales and Marketing, Rep- (M/F-4posts)**
   - အသက် (၃၀)နှစ်အောက်၊ ဘွဲ့ရ၊ စကားပြောပြေပြစ်သူ၊ နယ်ခရီးထွက်နိုင်ရမည်။ ဆေးကုမ္ပဏီ၌ Sales or Marketing experience အနည်းဆုံး (၂)နှစ်ရှိသူ။
4. **Medical Sales and Marketing, Associate - (M/F-8posts)**
   - အသက် (၃၀)နှစ်အောက်၊ ဘွဲ့ရ၊ စကားပြောပြေပြစ်သူ၊ နယ်ခရီးထွက်နိုင်ရမည်။
5. **Computer Clerk - (F-2posts)**
   - ဘွဲ့ရ၊ Computer (MS Word + Excel) လျှင်မြန်ကျွမ်းကျင်သူ။
6. **Sales Promoter - (M/F-5posts)**
   - အသက် (၃၀)နှစ်အောက်၊ ရိုးသား၍ စကားပြောပြေပြစ်သူ၊ နယ်ခရီးထွက်နိုင်ရသည်။
7. **Packing & Delivery - (M-5posts)**
   - အသက် (၃၅)နှစ်အောက်၊ ရိုးသား၍ အလုပ်လုပ်ချင်စိတ်ရှိသူ။
8. **Driver- (M-5posts)**
   - အသက် (၃၅)နှစ်အောက်၊ ရိုးသား၍ ယာဉ်မောင်းကျွမ်းကျင်သူ။ လိုင်စင်သက်တမ်း အနည်းဆုံး(၁)နှစ်။
9. **Ready Packing - (M/F- 3posts)**
   - အသက် (၃၅)နှစ်အောက်၊ ရိုးသားရမည်၊ အကျင့်စာရိတ္တကောင်းမွန်ရမည်။

စိတ်ဝင်စားသူများဓာတ်ပုံ (၁) ပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်တို့၏ မိတ္တူကို CV Form နှင့်အတူတွဲ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**မော်လမြိုင်ခရိုင်တရားရုံးတော်၌**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၅၄**

၁။ ဦးရွှေ **နှင့်** ၁။ ဒေါ်မြ
၂။ ဦးပြန်ခင် ၂။ ဦးလှိုင်

**တရားလိုများ** **တရားပြိုင်များ**

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အမှတ် ၁၁၊ ရာဇာဓိရာဇ်လမ်း၊ အောင်သုခရပ်ကွက်နေ (ဘ)ဦးကွန်ဖ၏သား ဦးလှိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မေ ၂၇ ရက် (၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် မေ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်နွဲ့နွဲ့)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**



# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## ဝိသာခါတန်ဆောင်း၊ ဒဂုံသီရိဘေးမဲ့ကန်ကြီးနှင့် အခြားသောယဉ်ကျေးမှုဆိုင်ရာများကို ပြုပြင်မွမ်းမံမှုများ လုပ်ဆောင်လျက်ရှိသည့် ရက် ၁၀၀

သတင်းဆောင်းပါး- နိုင်လင်းကြည် စာ-၁၆၊ ၁၇

# ဧဝရက်တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့သော တောင်တက်သမားနှစ်ဦးအား ကြိုဆို

**သတင်း**
**မောင်စိန်လွင်(မြန်မာ့အလင်း)**

**ရန်ကုန် မေ ၂၅**

ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ တက်ရောက်ကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော တောင်တက်သမားနှစ်ဦးဖြစ်သည့် ကိုပြည့်ဖြိုးအောင်နှင့် ကိုဝင်းကိုကိုတို့သည် ယနေ့နံနက် ၉ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ပြည်သူများနှင့် မိသားစုဝင်များအပါအဝင် တောင်တက်အသင်း မိသားစုဝင်များက တစ်ခဲနက် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

အဆိုပါ တောင်တက်သမားနှစ်ဦးနှင့်အဖွဲ့ဝင်များအား ထူးဖောင်ဒေးရှင်း၏ အကူအညီဖြင့် ယခုကဲ့သို့ ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်ဖြစ်သည့် ပေ ၂၉၀၀၀ ကျော်မြင့်သော ဧဝရက်တောင်ထိပ်သို့ မြန်မာနိုင်ငံအလံကို ပထမဆုံးအကြိမ် မေ ၁၉ ရက်က အောင်မြင်စွာ

စာမျက်နှာ ၇ ကော်လံ ၁ ■




ပြန်လည်ရောက်ရှိလာသော တောင်တက်သမားနှစ်ဦးနှင့်အဖွဲ့ကို သောင်းသောင်းဖြဖြ ကြိုဆိုနေကြစဉ် ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)



ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ကချင်ပြည်နယ် မိုးညှင်းခရိုင် ကာမိုင်းမြို့အခြေခံပညာ အထက်တန်းကျောင်း၌ မေ ၂၅ ရက်က ကျောင်းသား မိဘများ၊ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေသည်ကို တွေ့ရစဉ် (မြို့နယ် ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးရှိ အမှန်တကယ်ကျူးကျော်အိမ်ထောင်စုများကို ကူညီပေးပြီး ဥပဒေနှင့် မလွတ်ကင်းသူများကိုမူ အရေးယူမည်

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျူးကျော်လာရောက်နေထိုင်သည့် အိမ်ထောင်စုများကို စတင်စာရင်းကောက်ယူမှုများပြုလုပ်တော့မည်ဖြစ်ကြောင်း ယနေ့မွန်းတည့် ၁၂ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ကျူးကျော်စာရင်းကောက်ယူရေးဆိုင်ရာရှင်းလင်းပွဲမှ သိရသည်။

ယနေ့ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ကျူးကျော်စာရင်းကောက်ယူရေးဆိုင်ရာ ရှင်းလင်းပွဲတွင် ရက်ပေါင်း ၄၅ ရက်အတွင်း တိုင်းဒေသကြီးအတွင်းရှိ ကျူးကျော်အိမ်ထောင်စုစာရင်းများကို ကောက်ခံ သွားမည်ဖြစ်ပြီး အမှန်တကယ်ရိုးရိုးသားသား ကျူးကျော်နေထိုင်သူများကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်

စာမျက်နှာ ၆ ကော်လံ ၁ ❖

## မြန်မာလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ငှက်အုပ်နှင့်တိုက်မိ၍ အရေးပေါ်ဆင်းသက်

**သတင်း-ဇင်ဦး**

**ဟဲဟိုး မေ ၂၅**

မြန်မာအမျိုးသားလေကြောင်းလိုင်းပိုင် ဟဲဟိုးမှ ရန်ကုန်သို့ပျံသန်းသည့် Flight No UB 414 လေယာဉ်သည် လေဆိပ်မှပျံတက်စဉ် မေ ၂၅ ရက်မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ခိုအုပ်နှင့်တိုက်မိပြီး အရေးပေါ် ဆင်းသက်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဟဲဟိုးမှ ရန်ကုန်ခရီးစဉ် ခရီးသည် ၇၅ ဦးပါဝင်သည့် လေယာဉ်စတက်သည့်အချိန်တွင် ခိုအုပ်ဖြင့်တိုက်မိ၍ လေယာဉ်အင်ဂျင်မှ စက်သံများပြောင်းသွားပြီး ညှော်နံ့များရလာကြောင်း လေယာဉ်အမှုထမ်းများက Captain သို့ သတင်းပို့၍

စာမျက်နှာ ၁၄ ကော်လံ ၁ ❍




NO.23/B(2) THUKHA WADDY STREET, SUNIRAN PARK, YANKIN, YANGON. PH: 09 5175867, 09 5006225